ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။ ပါဠိ(ဓမ္မပဒ-၁၁၈)

၁၃၈၀ ပြည့်နှစ် နယုန်လဆန်း ၁၄ ရက်၊ တနင်္လာနေ့။ Monday 28 May 2018 ၉၃၀၀

# မိမိဆန္ဒဖြင့် ပြန်လည်ဝင်ရောက်လာသော နေရပ်စွန့်ခွာသူများအား အကြမ်းဖက်မှုများတွင် ပါဝင်ခဲ့ခြင်း ရှိမရှိ စိစစ်ပြီး

# လှဖိုးခေါင်ကြားစခန်းတွင် ခေတ္တနေရာချထားမှုများ ဆက်လက်ဆောင်ရွက်သွားမည်

နေပြည်တော် မေ ၂၇

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက နေရပ်စွန့်ခွာသူများ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ရောက်ရှိခြင်းနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည်။ အဆိုပါ သတင်းထုတ်ပြန်ချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**
**သတင်းထုတ်ပြန်ချက်**
**၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၃ ရက်**
**(၂၀၁၈ ခုနှစ်၊ မေလ ၂၇ ရက်)**
**နေရပ်စွန့်ခွာသူများ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ရောက်ရှိခြင်း**

၁။ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး သဘောတူညီချက်ကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ကြပါသည်။ အလားတူ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးဆိုင်ရာ ၁၉၉၃ ခုနှစ် သဘောတူညီချက်တွင် သဘောတူညီခဲ့သည့်အတိုင်း နေရပ်စွန့်ခွာသူများ ပြန်လည်ရောက်ရှိလာလျှင် အကြမ်းဖက်မှုများတွင် ပါဝင်ပတ်သက်ခြင်းမရှိပါက အရေးယူခြင်းပြုမည်မဟုတ်ကြောင်းလည်း နှစ်နိုင်ငံသဘောတူညီခဲ့ကြပါသည်။ အဆိုပါအစီအစဉ်အတိုင်း ပြန်လည်ဝင်ရောက်လာသူများကို ငါးခူရစခန်းတွင် စနစ်တကျ စိစစ်မှုများ ပြုလုပ်ပြီး ကြားစခန်းဖြစ်သော လှဖိုးခေါင်တွင် ခေတ္တနေရာချထားရန်လည်း နှစ်ဦးနှစ်ဖက် သဘောတူညီခဲ့ကြပါသည်။

၂။ နှစ်နိုင်ငံအကြား သဘောတူညီထားသည့် အစီအစဉ်ကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဦးဆောင်သည့်အဖွဲ့သည် ဧပြီလ ၁၁ ရက်နေ့မှ ၁၃ ရက်နေ့အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဒါကာမြို့နှင့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**

# နိုင်ငံတကာနှင့် ပြည်တွင်းမှ Religions for Peace နှင့် ဘာသာပေါင်းစုံအဖွဲ့ဝင်များ

# မောင်တောဒေသ၌ ကြည့်ရှုလေ့လာပြီး နှစ်ဖက်အသိုက်အဝန်း သဟဇာတဖြစ်စွာ နေထိုင်နိုင်မည့်ကိစ္စရပ်များ မေးမြန်း

စစ်တွေ မေ ၂၇

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် မြန်မာနိုင်ငံ ကက်သလစ်ဂိုဏ်းချုပ် ဆရာတော် ကာဒီနယ်ချားလ်စ်ဘိုလ် ဦးဆောင်သည့် နိုင်ငံတကာနှင့် ပြည်တွင်းမှ Religions for Peace (RfP) နှင့် ဘာသာပေါင်းစုံအဖွဲ့သည် ရခိုင်ပြည်နယ်ဝန်ကြီး ဦးကျော်အေးသိန်းနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် စစ်တွေမြို့မှ မောင်တောမြို့နယ် လှဖိုးခေါင်ကြားစခန်းသို့ ရောက်ရှိကြရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။**

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❂



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် မြန်မာနိုင်ငံ ကက်သလစ်ဂိုဏ်းချုပ် ဆရာတော် ကာဒီနယ်ချားလ်စ်ဘိုလ် ဦးဆောင်သည့်အဖွဲ့တို့ ကိုင်းကြီး(မြို့) တိုင်းရင်းသားကျေးရွာ၌ တွေ့ဆုံမေးမြန်းကြစဉ်။



# ကြေးမုံ

## အလေးထားအသုံးပြု မိုဘိုင်းလ်ဆက်သွယ်မှု

မြန်မာနိုင်ငံတွင် နည်းပညာကိုအခြေခံသည့် ဆက်သွယ်ရေးကွန်ရက် အလွန်လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာသည်။ အလျင်အမြန်ဖြစ်ထွန်းကြီးမားလာနေသည့် ဈေးကွက်ကိုပြပါဆိုလျှင် ဆက်သွယ်ရေးနှင့် ဆက်နွှယ်သည့် ဈေးကွက်ကို ညွှန်းဆိုရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို တံခါးဖွင့်ပေးသောအခါ မူလရှိပြီး ဖိုင်ဘာကေဘယ်လ်ဆက်သွယ်ရေးစနစ်အပြင် ကြိုးမဲ့ဆက်သွယ်ရေးစနစ် လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ပါဝင်လာကြသည်။

မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးစနစ် တိုးတက်လာရာတွင် မိုဘိုင်းလ်ဖုန်းကိုအသုံးပြု၍ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ပြောဆိုခြင်းသာမက Message, Chating, Messenger, Viber, WeChat, Twitter, Youtube, Facebook, Gmail, Player, Games စသည်ဖြင့် အမျိုးမျိုးတွဲဖက်အသုံးပြုလာနိုင်ကြသည်။ ထိုသို့သော လူမှုကွန်ရက် အွန်လိုင်းအသုံးပြုမှုများအား လုပ်ဆောင်နိုင်သည့်အပြင် အွန်လိုင်းအရောင်းအဝယ်များ၊ off Line, Wave Money, Banking ကဲ့သို့ ငွေပေးချေမှု၊ ငွေသုံးစွဲမှု၊ ငွေလွှဲပြောင်းမှု စသည့်ငွေကြေးလုပ်ငန်းများကို အသုံးပြုလာနိုင်သည်ကို တွေ့ရသည်။

သို့ဖြစ်ရာ ဆက်သွယ်ရေးစနစ် တိုးတက်ထွန်းကားလာခြင်းသည် ပြည်သူလူထုအတွက် များစွာအကျိုးရှိ ထိရောက်သဖြင့် ကြိုဆိုလက်ခံရမည်ဖြစ်သည်။ အများပြည်သူတို့ကလည်း ကြိုက်နှစ်သက်ကြလိမ့်မည်ဖြစ်သည်။ သို့သော် မည်သည့်အရာတွင်မဆို အကောင်းအဆိုး၊ အကျိုးအပြစ်တို့သည် ရှိစမြဲဖြစ်သည်ကိုလည်း သတိမူရမည်ဖြစ်သည်။ သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေးဟူသော ဆိုစကားကဲ့သို့ သတိပြုကိုင်တွယ်အသုံးပြုရမည်ဖြစ်သည်။

ယခုအခါ မိုဘိုင်းလ်တယ်လီဖုန်းများကို တန်ဖိုးအမျိုးအစားအလိုက် လူတိုင်းကိုင်တွယ်အသုံးပြုနိုင်ကြပြီဖြစ်သည်။ ဆက်သွယ်ရေးအော်ပရေတာများဖြစ်သည့် MPT, MEC, Ooredoo, Telenor နှင့် ယခုနောက်ဆုံး MyTel ဆင်းကတ်တို့ကိုပါ တစ်မျိုးမဟုတ်တစ်မျိုး သို့မဟုတ် အကုန်လုံးကို ဝယ်ယူအသုံးပြုနေကြပြီဖြစ်သည်။ မိုဘိုင်းလ်တယ်လီဖုန်း စတင်ပေါ်ထွန်းစ လွန်ခဲ့သည့် ဆယ်စုနှစ် တစ်ခုကျော် နှစ်ခုခန့်က MPT ဆင်းကတ် တစ်ကတ်လျှင် ကျပ် ၁၅ သိန်းဈေးပေါက်ရာမှ မျက်မှောက်ကာလတွင် ဆင်းကတ် တစ်ကတ်လျှင် ကျပ် ၁၅၀၀ ဖြင့် ဈေးပေါပေါ ဖုံးပေါလအောအသုံးပြုနိုင်ပြီ။

ဖုံးပေါလအော အလွန်ပေါများခြင်းကိုဆိုသည့် ဝေါဟာရသည် အကောင်းဘက်ထက် မကောင်းသည့်ဘက်သို့ ရှေးရှုသည်ဟု ဆိုချင်သည်။ မည်သည့်အရာမဆို ဖုံးပေါလအော အသုံးပြုခြင်းမှာ မကောင်းချေ။ တန်ဖိုးနည်းသော်လည်း လေးလေးစားစား စနစ်တကျဖြစ်သင့်သည်။ ပြည်သူများအတွက် လွယ်လွယ်ကူကူ၊ ပေါပေါများများ၊ သက်သက်သာသာ အသုံးပြုနိုင်သည်မှာ ကောင်းမွန်သော်လည်း ပြည်သူ များအတွက် ရေရှည်အကျိုးစီးပွားနှင့် နောက်ဆက်တွဲအကျိုးသက်ရောက်မှု ကိုလည်း အလေးထားကြည့်ရှုသင့်သည်။

ပြည်သူများမှာ ဆက်သွယ်ပြောဆိုရန်သာမက အထက်နည်းစနစ်ပါ သုံးစွဲမှုများကို စွဲစွဲလမ်းလမ်း လိုလိုချင်ချင် အသုံးပြုနေကြပြီ။ ဖုန်းပြောဆိုခထက် အင်တာနက်ကျသင့်စရိတ်က သိသာလွန်းသည်။ လုပ်ငန်းအတွက် အသုံးပြုမှုကိုမဆိုသာသော်လည်း လိုသည်ထက်ပို၍ အသုံးပြုမှုများကို သတိပြုသင့်သည်။ အိမ်တွင်းသူခိုးဟု ခေါ်ဆိုနိုင်သည့် ငွေကြေးကုန်ကျမှုနှင့် အချိန်ကုန်ဆုံးမှုများမှာ တစ်ရက်၊ တစ်လ၊ တစ်နှစ်ကြာလျှင် မည်မျှငွေကုန်ဆုံးမည်ကို သုံးစွဲသူများကိုယ်တိုင်သာ အသိဆုံးဖြစ်မည်။

ထို့ကြောင့် သုံးစွဲသူပြည်သူများကို ချင့်ချင့်ချိန်ချိန် အသုံးပြုသင့်ကြောင်း အကြံပြုပါသည်။ ဝန်ဆောင်မှုပေးနေသော အော်ပရေတာများ အနေဖြင့် သုံးစွဲနေသည့် ဆင်းကတ်များကို စနစ်တကျ မှတ်ပုံတင်ရေး၊ ထိုဆင်းကတ်များ၏ လုံခြုံရေးနှင့် ပေါ်ပေါက်လာသည့် လိုအပ်ချက်များကို အလေးထားဖြေရှင်း ဆောင်ရွက်ပေးသင့်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## လှိုင်းဘွဲ့-ရှမ်းရွာသစ်လမ်းနှင့် ကျုံဖဲ-ကျားကလေးလမ်း ကတ္တရာလမ်းသစ်များဖွင့်လှစ်

**ဘားအံ မေ ၂၇**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် လှိုင်းဘွဲ့-ရှမ်းရွာသစ် ကတ္တရာလမ်းနှင့် ဘားအံမြို့နယ် ဇာသပြင် - ကျုံဖဲ - ကျားကလေး ကတ္တရာလမ်းသစ် ဖွင့်ပွဲတို့ကို ယနေ့နံနက်ပိုင်းက အဆိုပါ လမ်းမုခ်ဦးများ၌ ကျင်းပခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ လှိုင်းဘွဲ့-ရှမ်းရွာသစ် ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ကျင်းပရာ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းလွင်တို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တော၊ သတ္တုနှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာနှင့် တာဝန်ရှိသူများက အဆိုပါ ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

လှိုင်းဘွဲ့-ရှမ်းရွာသစ် ကတ္တရာလမ်းသည် အရှည် ၂၅ မိုင်၊ အကျယ် ၁၈ ပေ၊ ဒု ၁၇ လက်မရှိ Box Culvert တံတား ၆၁ စင်းပါဝင်သော ကတ္တရာလမ်းဖြစ်ပြီး ပြည်နယ်ဘတ်ဂျက်ရန်ပုံငွေ ကျပ်သန်း ၁၀၉၆၈ ဒသမ ၉၅၀ အကုန်အကျခံ၍ Steel Stone ကုမ္ပဏီက တာဝန်ယူဖောက်လုပ်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါလမ်းသည် လှိုင်းဘွဲ့မြို့မှ ရှမ်းရွာသစ်မြို့အထိ ကွမ်ဘီ၊ ပိန္နဲတော၊ ထားသိမ်၊ ကြာအင်း၊ ကမားထ၊ ထီးကဟော်ကျေးရွာတို့ကို ဖြတ်သန်းသွားကာ ယခင်က ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲရာမှ ယခုအခါ လုပ်ငန်းများကို အချိန်တိုအတွင်း ဆောင်ရွက်နိုင်ကြတော့မည်ဖြစ်သည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစတင်၍ ပြည်နယ်အစိုးရ၏ စီမံကွပ်ကဲမှုဖြင့် လမ်းဦးစီးဌာနမှ ရန်ပုံငွေတင်ပြ တောင်းခံပြီး မြေသားလမ်းမှတစ်ဆင့် ယခုအခါ ကတ္တရာလမ်းအဖြစ် ပြည်သူလူထုထံ အပ်နှံနိုင်ခဲ့ပြီဖြစ်သည်။

အလားတူ ဇာသပြင် - ကျုံဖဲ - ကျားကလေး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ကျင်းပရာ ကျုံဖဲကျေးရွာ ကမ်းနားကျောင်း ဆရာတော်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်း၊ ပြည်နယ်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သစ်တော၊ သတ္တုနှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာ၊ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါလမ်းကို ၂၀၁၄ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး အရှည် ၁၅ မိုင် ၃ ဖာလုံ၊ အကျယ် ၁၈ ပေ၊ ဒု ၁၇ လက်မ Box Culvert တံတား ၁၈ စင်း ပါဝင်သော ကတ္တရာလမ်းအဖြစ် ငွေကျပ်သန်း ၆၅၉၆ ဒသမ ၀၄ အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဇာသပြင်-ကျုံဖဲ-ကျားကလေးလမ်းသည် နိုင်ငံတကာ ဆက်သွယ်ရေး လမ်းမကြီးဖြစ်သည့် သထုံ - ဘားအံ - ကော့ကရိတ်-မြဝတီနှင့် အိန္ဒူ-ဇာသပြင်လမ်းတို့ကို ဆက်သွယ် ဖောက်လုပ်ထားသည့် လမ်းဖြစ်ပြီး အဆိုပါလမ်းသည် မဟာမဲခေါင် အရှေ့-အနောက် စီးပွားရေးစင်္ကြံ လမ်းမကြီးတွင် အရေးပါသည့် လမ်းတစ်လမ်း ဖြစ်ကြောင်း သိရသည်။

ထိုလမ်းကို အသုံးပြုခြင်းဖြင့် ကရင်ပြည်နယ်မှတစ်ဆင့် အိမ်နီးချင်းနိုင်ငံများနှင့် ပြည်တွင်းပြည်ပ ကုန်စည်စီးဆင်းမှုလွယ်ကူလျင်မြန်ပြီး ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေးစသည့် လုပ်ငန်းများ တိုးတက်ကောင်းမွန်လာမည် ဖြစ်သည်။ **စောမျိုးမင်းသိန်း(မြန်/ဆက်)**

## တောင်တွင်းကြီးမြို့နယ် ကင်ပွန်းတောင်ရေလှောင်တမံမှ နွေစပါး၊ မိုးစပါးနှင့် နွေနှမ်းများအတွက် လုံလောက်စွာ ရေပေးဝေ

**တောင်တွင်းကြီး မေ ၂၇**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် သပြေပင်ကျေးရွာအနီးရှိ ကင်ပွန်းတောင် ရေလှောင်တမံမှ နွေစပါး၊ မိုးစပါးနှင့် နွေနှမ်းများအတွက် လုံလောက်စွာ ရေပေးဝေလျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ကင်ပွန်းတောင် ရေလှောင်တမံကို ၁၉၈၂-၁၉၈၃ ခုနှစ်တွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၄) ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်ခဲ့ပြီး ၁၉၈၉-၁၉၉၀ ခုနှစ်တွင် တည်ဆောက်ပြီးစီးကာ



ပျမ်းမျှမိုးရေချိန် လက်မ ၄၀ အောက်ရွာသွန်း၍ ပူပြင်းခြောက်သွေ့သော အညာဒေသအတွက် မိုးစပါး၊ နွေစပါး ဆည်ရေပေးဝေစိုက်ပျိုးနိုင်သည့်အပြင် ကျွဲ၊ နွား တိရစ္ဆာန်များ သောက်သုံးရေနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် အကျိုးပြုသော ရေလှောင်တမံဖြစ်ကြောင်း သိရသည်။

ကန်ရေပြည့်ရေလှောင်ပမာဏ ဧက ပေ ၁၀၅၂၀ ရှိသော ကင်ပွန်းတောင်ရေလှောင်တမံမှ နှစ်စဉ် မိုးစပါး ဧက ၄၆၀၀၊ နွေစပါး ဧက ၉၀၀၊ နွေနှမ်း ဧက ၃၀၀ အား နှစ်စဉ် နွေစပါး၊ မိုးစပါးများကို ဆည်ရေပေးဝေ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ကင်ပွန်းတောင်ရေလှောင်တမံမှ ၂၀၁၇-၂၀၁၈ ခုနှစ် မိုးစပါးဧက ၄၆၀၀ စိုက်ပျိုးနိုင်ခဲ့ပြီး နွေစပါး ဧက ၇၀၀ စိုက်ပျိုးရန်လျာထားခဲ့သော်လည်း တောင်သူများ၏ သဘောဆန္ဒနှင့် ဈေးကွက်လိုအပ်ချက်အရ နွေနှမ်း ၅၉၅ ဧက ဆည်ရေပေးဝေစိုက်ပျိုးနိုင်သည့်အတွက် ဒေသခံပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတော်အတွက် အကျိုးပြုလျက်ရှိသော ရေလှောင်တမံတစ်ခုဖြစ်ကြောင်း သိရသည်။ **နိုင်ဝင်း(မြန်/ဆက်)**

## မာန်အောင်မြို့၌ ဆိုင်ကယ်စက်ပြင် သင်တန်းဆင်းပွဲ ကျင်းပ

**မာန်အောင် မေ ၂၇**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် ကုန်းခင်ကျေးရွာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ ဧပြီ ၂၇ ရက်မှ မေ ၂၆ ရက်အထိ ဖွင့်လှစ်ခဲ့သော အသက်မွေးဝမ်းကျောင်း ဆိုင်ကယ်စက်ပြင် သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက အမက(ကုန်းခင်)၌ ပြုလုပ်သည်။

သင်တန်းဆင်းပွဲတွင် သင်တန်းသားများအား တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး ထူးချွန်သင်တန်းသား ၁၂ ဦးအား စက်ပြင်ဆင်ခြင်းဆိုင်ရာ အထောက်အကူပြု လက်သုံးပစ္စည်းများကို မြို့နယ်ကျေးလက်မှ တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(မြန်/ဆက်)**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားမည်

ကျွန်တော်တို့နိုင်ငံဟာ အဘက်ဘက်မှာ လိုအပ်ချက်တွေနဲ့ ဆင်းရဲနွမ်းပါးဆဲဖြစ်တာကြောင့် နေရာ၊ ကဏ္ဍအသီးသီးမှာ အများကြီး ဆက်လက်ရုန်းကန် ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ နိုင်ငံတကာမျက်နှာစာမှာလည်း ဖိအားပေးမှုတွေ၊ ဝေဖန်မှုတွေနဲ့ အထင်အမြင်လွဲမှားနေတာ တွေလည်း ရင်ဆိုင်နေရပါတယ်။ ကျွန်တော်တို့ နိုင်ငံနဲ့ ကျွန်တော်တို့ ပြည်သူတွေ ဒီကနေ့ တွေ့ကြုံရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကလည်း မနည်းလှပါဘူး။ အရာရာတိုင်းကို လွယ်လင့်တကူ ဖြေရှင်းနိုင်မှာ မဟုတ်ပေမယ့်လည်း ကျွန်တော့်အနေနဲ့ အစွမ်းကုန်ကြိုးပမ်း အားထုတ်ပြီး ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## စုပေါင်းအင်အား

ယခုလာမယ့် မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်အတွက် ကျွန်မတို့အစိုးရအနေနဲ့ "စုပေါင်းအင်အား"ကို အလေးထားပြီး နိုင်ငံရဲ့ စိန်ခေါ်မှုကြီးများကို ကျော်ဖြတ်ဖို့ သန္နိဋ္ဌာန်ချလိုက်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

❖ **ရှေ့ဖုံးမှ**

ကော့ဘဇားမြို့များသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ ဦးဆောင်သည့် ပူးတွဲလုပ်ငန်းအဖွဲ့အနေဖြင့် မေလ ၁၇ ရက်နေ့တွင် ဒါကာမြို့သို့ လည်းကောင်း သွားရောက်ခဲ့ကြပြီး ပြန်လည်လက်ခံရေးဆောင်ရွက်ထားရှိမှု အစီအစဉ်များကို အသိပေးပြောကြားခဲ့ပါသည်။

၃။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဆက်လက်နေထိုင်လိုခြင်းမရှိသော နေရပ်စွန့်ခွာသူများသည် ၎င်းတို့၏ သဘောဆန္ဒဖြင့် ယခုကာလအတောအတွင်း ၎င်းတို့အစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်လာခဲ့ကြပါသည်။ ထိုသို့ ပြန်လည်ဝင်ရောက်လာကြသူများအား ဒေသခံအဖွဲ့အစည်းများက တရားမဝင် ဝင်ရောက်သဖြင့် ဖမ်းဆီးအရေးယူကာ အချို့ကို ပြစ်ဒဏ်ချမှတ်မှုများ ပြုလုပ်ခဲ့ပါသည်။ ၎င်းတို့သည် မိမိသဘောဆန္ဒဖြင့် ပြန်လည်ဝင်ရောက်လာကြသည့် နေရပ်စွန့်ခွာသူများ ဖြစ်ကြပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေကြသော နေရပ်စွန့်ခွာသူများသည် လိုအပ်သည့်ပုံစံများဖြည့်ရန်ကိစ္စ၊ လက်ခံရေးစခန်းများမှတစ်ဆင့် ပြန်လည်ဝင်ရောက်ရေးကိစ္စတို့ကို မသိရှိကြပါ။ သို့ပါ၍ လိုအပ်သည့်စစ်ဆေးမှုများ ပြုလုပ်ကာ နှစ်နိုင်ငံသဘောတူညီချက်အတိုင်း သတ်မှတ်ထားသည့် ပြန်လည်လက်ခံရေးစခန်းတွင် စနစ်တကျစိစစ်မှုများပြုလုပ်ကာ ကြားစခန်းတွင် ထားရှိနိုင်ရေးအတွက် ကျခံရသောပြစ်ဒဏ်များကို နိုင်ငံတော်သမ္မတက လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ပါသည်။

၄။ မိမိသဘောဆန္ဒဖြင့် ပြန်လည်ဝင်ရောက်လာသော နေရပ်စွန့်ခွာသူများအား အကြမ်းဖက်မှုများတွင် ပါဝင်ခဲ့ခြင်း ရှိ၊ မရှိ စိစစ်ပြီးနောက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သူ ၅၈ ဦးနှင့် တရားစွဲဆိုမှုရုပ်သိမ်းခဲ့သူ ၄ ဦး စုစုပေါင်း ၆၂ ဦးကို မေလ ၂၆ ရက်နေ့တွင် ဘူးသီးတောင်မှ ငါးခူရပြန်လည်လက်ခံရေးစခန်းသို့ ပို့ဆောင်ပေးခဲ့ပြီး နှစ်နိုင်ငံသဘောတူညီချက်များနှင့်အညီ လိုအပ်သည့်ပုံစံများဖြည့်စွက်ခြင်း၊ စိစစ်ခြင်းတို့ကို ပြုလုပ်ပြီးနောက် မကြာမီ လှဖိုးခေါင်ကြားစခန်းတွင် ခေတ္တနေရာချထားမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ ရခိုင်ပြည်နယ်ဖြစ်စဉ်နှင့်စပ်လျဉ်း၍ အကြမ်းဖက်မှုနှင့်ပတ်သက်သူများကိုမူ တရားဥပဒေစိုးမိုးရေးအရ ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း(ဗဟို)မှ အဖွဲ့ဝင်များ တွေ့ဆုံ



**နေပြည်တော် မေ ၂၇**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် မေ ၂၆ ရက် မွန်းလွဲပိုင်းက မန္တလေးမြို့ Mercure Hotel Mandalay Hill Resort တွင် မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း(ဗဟို)မှ အကြီးတန်းဒုတိယဥက္ကဋ္ဌ ဒေါ်တင်မာမြင့်နှင့် မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်) ဥက္ကဋ္ဌ ဒေါ်ခင်စောဦးနှင့် အဖွဲ့ဝင်များကို တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုး တိုးတက်ရေးအတွက် စားသောက်ဆိုင်လုပ်ငန်းများသည်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ ခရီးသည်များအတွက် အဆင့်အတန်းမီ စားသောက်ဆိုင်များ ဖြစ်စေရန် သန့်ရှင်းမှုနှင့် ဝန်ထမ်းများ၏ ဝန်ဆောင်မှု၊ လုပ်ငန်းကျွမ်းကျင်မှုတို့သည် အရေးကြီးပါကြောင်း၊ ဝန်ထမ်းများ စွမ်းဆောင်ရည်ပြည့်ဝရေးနှင့် ဧည့်ဝတ်ကျေပွန်ရေးများအတွက် လေ့ကျင့်သင်တန်းပေးရန် လိုအပ်ကြောင်းနှင့် စက်တင်ဘာလတွင် ဂျပန်နိုင်ငံ၌ ကျင်းပမည့် ဂျပန် ခရီးသွားပြပွဲ(JATA)နှင့် စက်တင်ဘာ ၂၄ ရက်တွင် ပုဂံမြို့၌ ကျင်းပမည့် မနူဟာဘုရားပွဲနှင့် အရုပ်သွင်းပွဲတွင် မြန်မာ့ရိုးရာ အစားအစာပြပွဲများ ပါဝင်ခင်းကျင်းပြသရေးအတွက် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက ၎င်းတို့ ပါဝင်ဆောင်ရွက်မည့် အစီအစဉ်များကို ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့ နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ စားသောက်ဆိုင် လုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်)နှင့် မြန်မာနိုင်ငံသို့ လေ့လာရေးခရီးစဉ် Education Rallye လာရောက်လည်ပတ်နေသော ဆွစ်ဇာလန်နိုင်ငံမှ ခရီးသွား ကိုယ်စားလှယ်များနှင့်အတူ မန္တလေးတောင်ခြေတွင် သံဃာတော် အပါးနှစ်ရာအား အရုဏ်ဆွမ်း လောင်းလှူသည်။

အဆိုပါ ဆွစ်ဇာလန်နိုင်ငံမှ ခရီးသွားကိုယ်စားလှယ် ၄၁ ဦးသည် Diethelm Travels Company Limited ၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံသို့ မေ ၂၂ ရက်တွင် စတင်ရောက်ရှိခဲ့ပြီး ရန်ကုန်နှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသများသို့ လည်ပတ်ခဲ့ကာ မေ ၂၇ ရက်တွင် မန္တလေးမြို့၌ သံဃာတော်များကို ဆွမ်းလောင်းခြင်း၊ မြန်မာ့ရိုးရာ ခြင်းခတ်အားကစားနည်းများကို လေ့လာခြင်းနှင့် စစ်ကိုင်းတောင် သကျာဒီသာ သီလရှင်ကျောင်းတိုက်တွင် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများ ပြုလုပ်ကြသည်။ အဆိုပါအဖွဲ့သည် မေ ၂၈ ရက်တွင် ပြန်လည်ထွက်ခွာမည် ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးသည် ဆွစ်ဇာလန်နိုင်ငံမှ လေ့လာရေးခရီးသွား ကိုယ်စားလှယ်များနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများ တည်ငြိမ်အေးချမ်းမှု အခြေအနေများ၊ နိုင်ငံတော်အစိုးရ၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ထိုင်း-မြန်မာ သံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့် အထိမ်းအမှတ် ဓမ္မပူဇာ အထူးတရားပွဲ ကျင်းပမည်

**ရန်ကုန် မေ ၂၇**

ထိုင်း-မြန်မာ သံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် ထိုင်း-မြန်မာ ချစ်ကြည်ရေးအသင်းမှ နှစ်နိုင်ငံချစ်ကြည်ရေး အဓွန့်ရှည်စေရန် အလို့ငှာ ဓမ္မပူဇာ အထူးတရားပွဲကို မေ ၂၉ ရက်မှ ၃၁ ရက်ထိ သုံးရက်တိုင်တိုင် ကမ္ဘာအေးဘုရားဝင်းရှိ ဇမ္ဗူသီရိဗိမာန်တော်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ထိုင်း-မြန်မာ ချစ်ကြည်ရေးအသင်းမှ သိရသည်။

"၂၀၁၈ ခုနှစ်က ထိုင်း-မြန်မာ သံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့်တဲ့ နှစ်ဖြစ်ပါတယ်၊ ဒီနှစ်(၇၀)အတွင်းမှာ အိမ်နီးချင်း ထိုင်းနိုင်ငံနဲ့ မြန်မာနိုင်ငံတို့ဟာ ချစ်ကြည်ရင်းနှီးစွာနဲ့ ပူးပေါင်းဆက်ဆံခဲ့ကြပါတယ်၊ အခုနှစ်မှာလည်း သံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့် အထိမ်းအမှတ်အနေနဲ့ လှုပ်ရှားမှုတွေ ပြုလုပ်ပြီး နှစ်နိုင်ငံချစ်ကြည်ရေးတိုးတက်အောင် လုပ်ဆောင်နေကြပါတယ်၊ အဲဒီအထဲကမှ လှုပ်ရှားမှုတစ်ခုအနေနဲ့ ဓမ္မပူဇာတရားပွဲကို ကျင်းပရခြင်း ဖြစ်ပါတယ်"ဟု ထိုင်း-မြန်မာချစ်ကြည်ရေးအသင်းမှ အထွေထွေအတွင်းရေးမှူး MR.BANNASAN CHANSOMSAK က ပြောသည်။

တရားပွဲပထမနေ့တွင် အရှင်သုန္ဒရ(စွန်းလွန်းတိပိဋကဆရာတော်)က လည်းကောင်း၊ ဒုတိယနေ့တွင် ပနာပဒါယီ အရှင်ဝိစိတ္တ(ကိုရီးယားဆရာတော်) က လည်းကောင်း၊ တတိယနေ့တွင် ဒေါက်တာ အရှင်သောဘဏာလင်္ကာ (စွန်းလွန်းနာယကဆရာတော်)က လည်းကောင်း တရားဓမ္မများကို ဟောကြားပြသသွားမည် ဖြစ်သည်။

တရားပွဲကျင်းပရခြင်းမှာ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ဗုဒ္ဓဘာသာကိုးကွယ်သည့် နိုင်ငံများဖြစ်သည့်အားလျော်စွာ ဗုဒ္ဓဘာသာ သာသနာ အဓွန့်ရှည်တည်တံ့စေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။ ထို့အတူပင် မြန်မာနိုင်ငံတွင်သာမက ထိုင်းနိုင်ငံတွင်လည်း မြန်မာနိုင်ငံမှ ထင်ရှားကျော်ကြားသည့် ဆရာတော်များကိုဖိတ်ကြားကာ အထူးတရားပွဲများကို ကျင်းပပေးသွားမည်ဖြစ်သည်။ ထိုတရားပွဲများသည် မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားများ အများစုနေထိုင်သည့်မြို့များကိုသာ ရွေးချယ်၍ ပြုလုပ်ပေးခြင်းဖြစ်သည်ဟု သိရသည်။

"ကျွန်တော်တို့ ထိုင်းနိုင်ငံနဲ့ မြန်မာနိုင်ငံ ချစ်ကြည်ရေး အခု နှစ်(၇၀) ပြည့်ခဲ့ပါပြီ၊ နှစ်(၇၀)မက နှစ်နိုင်ငံချစ်ကြည်ရေး အဓွန့်ရှည်တည်တံ့ပါစေ"ဟု MR.BANNASAN CHANSOMSAK က ဆက်လက်ပြောသည်။

**ကြေးမုံ**

# အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေးပွဲ ကျင်းပနိုင်ရေး သမ္မတထရန့် ပြန်လည်သုံးသပ်




**ဝါရှင်တန် မေ ၂၇**
အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အမေရိကန်-မြောက်ကိုရီးယား နှစ်နိုင်ငံထိပ်သီးအစည်းအဝေးပွဲကို ဇွန် ၁၂ ရက်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပနိုင်ရေးအတွက် ပြန်လည်စဉ်းစားသုံးသပ်လျက်ရှိကြောင်း ယနေ့ပြောကြားခဲ့သည်။

ထိပ်သီးအစည်းအဝေးပွဲကျင်းပနိုင်ရေးအတွက် အကောင်းဘက်ကို ဦးတည်နေကြောင်း သမ္မတထရန့်က ဆိုသည်။ ထိပ်သီးအစည်းအဝေးပွဲတွင် မြောက်ကိုရီးယားအနေဖြင့် နျူကလီးယားလက်နက် စွန့်လွှတ်မည်ဆိုပါက ကိုရီးယားနှစ်နိုင်ငံအပါအဝင် ဂျပန်၊ တရုတ်နိုင်ငံနှင့် ကမ္ဘာ့နိုင်ငံများအတွက် အကောင်းဆုံးသောအနာဂတ်ကို ပိုင်ဆိုင်နိုင်ပြီဖြစ်ကြောင်း သမ္မတထရန့်က ပြောကြားခဲ့သည်။

နှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးပွဲဆိုင်ရာကိစ္စရပ်များ ကြိုတင်ပြင်ဆင်နိုင်ရေးအတွက် စင်ကာပူနိုင်ငံသို့ အမေရိကန်အထူးအဖွဲ့ကို သမ္မတထရန့်က စေလွှတ်မည်ဖြစ်ကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဆာရာဆန်ဒါးစ်က ဆိုသည်။

အဆိုပါအဖွဲ့တွင် အိမ်ဖြူတော်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ ၃၀ ပါဝင်ပြီး မေ ၂၇ ရက်တွင် စင်ကာပူနိုင်ငံသို့ ထွက်ခွာမည်ဖြစ်ကြောင်း မီဒီယာအချို့က သတင်းရေးသားသည်။

အကယ်၍ နှစ်နိုင်ငံထိပ်သီးအစည်းအဝေးပွဲကို ကျင်းပနိုင်ခဲ့မည်ဆိုပါက ဇွန် ၁၂ ရက်တွင် ကျင်းပရန် မဖြစ်နိုင်ကြောင်းနှင့် ကြိုတင်ပြင်ဆင်ရန် အချိန်လုံလောက်မှုမရှိကြောင်း အိမ်ဖြူတော်အဆင့်မြင့် တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို သည်နယူးယောက်တိုင်းမ် သတင်းစာက ကိုးကားဖော်ပြသည်။

**အင်န်အိတ်ချ်ကေ။**

# ဘရာဇီး၌ ထရပ်ကားယာဉ်မောင်းများ ဆန္ဒပြမှုကြောင့် အကျပ်အတည်းဆိုက်မှုများ ဖြစ်ပေါ်




**ရီယိုဒီဂျနေးရိုး မေ ၂၇**
ဒီဇယ်ဆီ ဈေးနှုန်းတက်မှုအပေါ် မကျေမနပ်ဖြစ်နေကြသော ထရပ်ကားယာဉ်မောင်းများ၏ဆန္ဒပြမှုမှာ ခြောက်ရက်မြောက်နေ့သို့ ဝင်ရောက်ခဲ့ပြီး ဘရာဇီးနိုင်ငံတစ်ဝန်းတွင် စက်သုံးဆီရှားပါးပြတ်လပ်မှုများဖြစ်ပေါ်စေကာ မြို့ပြသယ်ယူပို့ဆောင်ရေးစနစ်များ ထိခိုက်ရကြောင်း၊ စက်သုံးဆီရှားပါးပြတ်လပ်မှုကြောင့် စက်မှုလုပ်ငန်းများလည်း ထိခိုက်ရသည့်အပြင် စားသောက်ကုန်ဈေးနှုန်းများ မြင့်တက်မှုကိုလည်း ဖြစ်ပေါ်စေကြောင်း အေအက်ဖ်ပီသတင်းဌာနက မေ ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ထရပ်ကားယာဉ်မောင်းများ၏ ဆန္ဒပြပွဲအတွင်း လမ်းများပိတ်ဆို့နေရမှုကို ရှင်းလင်းရန် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ညွှန်ကြားထားကြောင်း သမ္မတမိုက်ကယ်တီးမားက မေ ၂၅ ရက်တွင် ရုပ်မြင်သံကြားမှတစ်ဆင့် မိန့်ခွန်းပြောကြားရာတွင် သတိပေးပြောကြားခဲ့သည်။

မရှိမဖြစ်လိုအပ်သော ကုန်ပစ္စည်းများကို ပြည်သူတို့ ဝယ်ယူနိုင်ခြင်းမရှိသည့်အဖြစ်မျိုး၊ ဆေးရုံများ၌ လူနာများ၏အသက်ကို ကယ်တင်ရန် ဆေးဝါးများ ပြတ်လပ်ရသည့်အဖြစ်မျိုး မကြုံတွေ့ရအောင် မိမိတို့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သမ္မတတီးမားက ပြောကြားသည်။

ထရပ်ကားယာဉ်မောင်းအလုပ်သမားများ၏ သပိတ်တိုက်ပွဲအား အားပေးအားမြှောက်ပြုနေသော ထရပ်ကားကုမ္ပဏီအကြီးအကဲများကို ဖမ်းဆီးနိုင်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးအဖွဲ့အစည်းအဝေးအပြီးတွင် ဝန်ကြီးအဖွဲ့အတွင်းဝန် ကာလို့စ်မာရွန်က ပြောကြားသည်။

ထိုစဉ်အတွင်း အစိုးရတပ်ဖွဲ့ဝင်များက ရီယိုဒီဂျနေးရိုးမြို့အနီး ဒုဒီကားရှားမြို့ရှိ ရေနံချက်စက်ရုံကြီးအပါအဝင် ရေနံချက်စက်ရုံများသို့ စက်သုံးဆီတင် ထရပ်ကားများ ချောမွေ့စွာ သွားရောက်နိုင်ရေးအတွက် အစောင့်အကြပ်များအဖြစ် လိုက်ပါခဲ့ကြသည်။

ထရပ်ကားယာဉ်မောင်းများ၏ သပိတ်တိုက်ပွဲအတွင်း နိုင်ငံတစ်ဝန်း လမ်းပိတ်ဆို့ထားမှုများကို အစိုးရတပ်ဖွဲ့ဝင်များက ရှင်းလင်းပေးခဲ့ကြောင်း၊ အတားအဆီး ၅၁၉ ခုအနက် ၁၃၂ ခုကို ရှင်းလင်းနိုင်ခဲ့ပြီးဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

သို့ရာတွင် ဓာတ်ဆီဆိုင်များတွင် စက်သုံးဆီများ ပြတ်လပ်နေကြောင်း၊ ဘရာဇီးနိုင်ငံရှိ စက်မှုမြို့တော်ဖြစ်သော ဆော်ပေါ်လိုမြို့ရှိ ဓာတ်ဆီဆိုင်အရေအတွက်၏ ၉၉ ရာခိုင်နှုန်းတွင် စက်သုံးဆီများ ရောင်းချပေးနိုင်ခြင်းမရှိကြောင်း သတင်းတွင်ဖော်ပြသည်။

**အေအက်ဖ်ပီ**

# ၂၀၁၆ ခုနှစ် ရာသီဥတုဆိုင်ရာ သဘောတူညီချက် ကမ္ဘာ့နိုင်ငံများအားလုံး အတည်ပြုရန် သေချာဟုဆို

**နိုင်ရိုဘီ မေ ၂၇**
ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအတွက် အရေးပါသော ၂၀၁၆ ခုနှစ် ရာသီဥတုဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို အမေရိကန်၊ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့အပါအဝင် နိုင်ငံအားလုံးက အတည်ပြုရန် သေချာသလောက်ရှိကြောင်း ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (ယူအင်န်အီးပီ) အကြီးအကဲ အဲရစ်ဆိုဟိမ်းက ပြောကြားသည်။

အိန္ဒိယ၊ အမေရိကန်နှင့် တရုတ်နိုင်ငံတို့အပါအဝင် ကမ္ဘာ့နိုင်ငံ ၂၀၀ ခန့်သည် ၂၀၁၆ ခုနှစ်က ရဝမ်ဒါနိုင်ငံ ကီဂါလီမြို့တော်၌ ဥပဒေအရ လိုက်နာရန် လိုအပ်သော ရာသီဥတုဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို ရရှိခဲ့ကြသည်။ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှုထက် အဆထောင်ပေါင်းများစွာ ကမ္ဘာကြီးပူနွေးမှုကို ဖြစ်စေနိုင်သော အိပ်ချ်အက်ဖ်စီဓာတ်ငွေ့များ(Refrigerant Gas Hydrofluorocarbons) ထုတ်လွှတ်မှုကို တစ်ဆင့်စီ ရုပ်သိမ်းသွားရန် အဆိုပါသဘောတူညီချက်တွင် ဖော်ပြထားသည်။

မွန်ထရီယယ် နိုင်ငံတကာစာချုပ်တွင် ပြင်ဆင်ချက်ထည့်သွင်းသည့် ကီဂါလီဥပဒေပြင်ဆင်ချက်အဖြစ် သိရှိကြသော အဆိုပါသဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးရန် ကမ္ဘာ့နိုင်ငံများကို လမ်းဖွင့်ပေးထားပြီး ယခုအချိန်အထိ နိုင်ငံပေါင်း ၃၅ နိုင်ငံက အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်သည်။

ကီဂါလီဥပဒေပြင်ဆင်ချက်ကို ကမ္ဘာ့နိုင်ငံများအားလုံးက အတည်ပြုလက်မှတ်ရေးထိုးရန် သေချာကြောင်း ယူအင်န်အီးပီအမှုဆောင်ညွှန်ကြားရေးမှူး ဆိုဟိမ်းက ပီတီအိုင်သတင်းဌာန၏ လူတွေ့မေးမြန်းခန်းတစ်ရပ်တွင် ပြောကြားသည်။

ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး သမိုင်းဝင်စာချုပ်တစ်ရပ်ဖြစ်သော ပါရီရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ သဘောတူညီချက်မှ နုတ်ထွက်ရန် ၂၀၁၇ ခုနှစ် ဇွန်လတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ထုတ်ပြန်ကြေညာခဲ့ခြင်းနှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံများအတွင်း စိုးရိမ်ပူပန်မှုများရှိနေစဉ် ယူအင်န်အီးပီအကြီးအကဲက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ပါရီသဘောတူညီချက်နှင့် ကီဂါလီသဘောတူညီချက် နှစ်ရပ်စလုံးတို့ကို အမေရိကန်သမ္မတ ဘားရက်အိုဘားမားလက်ထက်တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

အမေရိကန် စီးပွားရေးလုပ်ငန်းများ၏ အကျိုးစီးပွားနှင့် ကိုက်ညီခြင်းကြောင့် ကီဂါလီသဘောတူညီချက်တွင် အမေရိကန်က ပါဝင်လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ဆိုဟိမ်းက ဆက်လက်ပြောကြားသည်။

ကီဂါလီသဘောတူညီချက်သည် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်အာဏာသက်ဝင်လာတော့မည်ဖြစ်သည်။

**ပီတီအိုင်**



# ဆီးရီးယား၌ စစ်သွေးကြွတို့ တိုက်ခိုက်မှုကြောင့် ရုရှားစစ်သည် လေးဦး ကျဆုံး

**မော်စကို မေ ၂၇**
ဆီးရီးယားနိုင်ငံအရှေ့ပိုင်း ဒိုင်ယာအက်ဇောပြည်နယ်၌ စစ်သွေးကြွတို့၏ပစ်ခတ်တိုက်ခိုက်မှုကြောင့် ရုရှားစစ်သည်လေးဦး ကျဆုံးရကြောင်း အေအက်ဖ်ပီသတင်းဌာနက မေ ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆီးရီးယားအာရပ်သမ္မတနိုင်ငံ၌ စစ်သွေးကြွတို့၏တိုက်ခိုက်မှုကြောင့် ရုရှားတပ်ဖွဲ့ဝင်လေးဦး ကျဆုံးခဲ့ရကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက မေ ၂၇ ရက်တွင်ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

အကြမ်းဖက်သမားများသည် အုပ်စုများဖွဲ့၍ ဆီးရီးယားအစိုးရအမြောက်တပ်ဖွဲ့ကို မေ ၂၆ ရက်ညက တိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်တွင် ရုရှားတပ်ဖွဲ့ဝင်လေးဦး ကျဆုံးပြီး ငါးဦး ထိခိုက်ဒဏ်ရာရရှိကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြသည်။

**အေအက်ဖ်ပီ**

# မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ (၁၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**ရန်ကုန် မေ ၂၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် (၁၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားနှင့် ပညာရည်ချွန်ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီတွင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်၊ တက္ကသိုလ်ကောင်စီဝင်များ၊ စီမံခန့်ခွဲရေးကော်မတီဝင်များ၊ သဟာယအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ဘွဲ့ရ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ရာ ရေယာဉ်တည်ဆောက်မှုအင်ဂျင်နီယာပညာဘာသာရပ်(NA)မှ ကျောင်းသူ မရည်မေဖူးပိုင်အား တော်ဝင်ရေယာဉ် ဗိသုကာအသင်း(အင်္ဂလန်) (RINA Myanmar Shipyard Award)၏ ရွှေတံဆိပ်ဆုနှင့် ငွေကျပ်တစ်သိန်းအား လည်းကောင်း၊ Hutchison Port Holding (Hong Kong)၏ Best Port and Habour Engineer Student Prize (HPH) ရွှေတံဆိပ်ဆုနှင့် အမေရိကန် ဒေါ်လာ ၁၀၀၀ ကို ဆိပ်ကမ်းအင်ဂျင်နီယာပညာဘာသာရပ်(PH)မှ ကျောင်းသူ မယမင်းမြတ်မွန်အား လည်းကောင်း၊ Maersk Line Shipping Co.,Ltd. ၏ Best Marine Electrical System & Electronics Engineering Student Prize (ငွေကျပ်တစ်သိန်း)ကို ရေကြောင်းလျှပ်စစ်နှင့် အီလက်ထရွန်နစ်ဘာသာရပ်မှ ကျောင်းသား မောင်ရဲတင့်လွင်အားလည်းကောင်း ချီးမြှင့်ပေးအပ်ခဲ့ပြီး သက်ဆိုင်ရာကုမ္ပဏီများအလိုက် ဆုများဖြစ်သည့် ဂျပန်နိုင်ငံ Wealth Ocean International Co.,Ltd. ၏ Best Marine Engineer Student Prize (ရွှေနာရီဆု)ဆုအား ရေကြောင်းအင်ဂျင်နီယာပညာဘာသာရပ်(ME)မှ ကျောင်းသား မောင်ဇော်နိုင်ထွန်းအားလည်းကောင်း၊ ဂျပန်နိုင်ငံ Furuno Electronic Co.,Ltd. ၏ Best Nautical Science Student Prize (ဂုဏ်ပြုဆု)အား ရေကြောင်းသိပ္ပံဘာသာရပ်မှ ကျောင်းသား မောင်အေထူးအောင်အားလည်းကောင်း၊ Starhigh-Asia Pacific Pte.,Ltd. ၏ Best River & Costal Engineer Student Prize ဆုအဖြစ် ငွေကျပ်ငါးသိန်းကို မြစ်ချောင်းနှင့် ကမ်းရိုးတန်းအင်ဂျင်နီယာဘာသာရပ်မှ ကျောင်းသူ မပန်းအိဖြူနှင့် Brilliant Marine Training Centre ၏ Best Marine Mechanical Engineer Student Prize (ငွေကျပ်သုံးသိန်း)အား ရေကြောင်းစက်မှု အင်ဂျင်နီယာဘာသာရပ်မှ ကျောင်းသား မောင်အောင်ဇေမျိုး အားလည်းကောင်း တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တက္ကသိုလ်နှင့် ပညာရေးပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Brilliant Marine Training Center (BMTC)မှ တည်ဆောက်ထားရှိသည့် ရေကြောင်းဘက်ဆိုင်ရာ သင်တန်းများဖြစ်သည့် Anchor & Windlass Operation သင်တန်း၊ GNDSS သင်တန်း၊ ECDIS သင်တန်းခန်းမနှင့် PSC & RB သင်တန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။



အဆိုပါ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ပါမောက္ခချုပ်က ရေယာဉ်တည်ဆောက်မှုပညာဘွဲ့ ၄၀၊ ရေကြောင်းအင်ဂျင်နီယာဘွဲ့ ၅၇ ဦး၊ ဆိပ်ကမ်း အင်ဂျင်နီယာဘွဲ့ ၃၃ ဦး၊ မြစ်ချောင်းနှင့် ကမ်းရိုးတန်းအင်ဂျင်နီယာဘွဲ့ သုံးဦး၊ ရေကြောင်းလျှပ်စစ်နှင့် အီလက်ထရွန်နစ်ပညာဘွဲ့ ၂၃ ဦး၊ ရေကြောင်းစက်မှုအင်ဂျင်နီယာဘွဲ့ ၂၄ ဦး၊ ရေကြောင်းသိပ္ပံဂုဏ်ထူးဘွဲ့ ၁၀၆ ဦး၊ ရေကြောင်းသိပ္ပံဘွဲ့ ကိုးဦး၊ ဘွဲ့လွန်ဒီပလိုမာ ၁၄၂ ဦးနှင့် မဟာအင်ဂျင်နီယာဘွဲ့ ရှစ်ဦး စုစုပေါင်း ၄၄၅ ဦးတို့အား သက်ဆိုင်ရာဘွဲ့၊ ဒီပလိုမာ၊ မဟာအင်ဂျင်နီယာဘွဲ့များအား ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်အနေဖြင့် ၂၀၀၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် ပထမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို စတင်ကျင်းပနိုင်ခဲ့ကာ ၂၀၁၈ ခုနှစ်အထိ (၁၂)ကြိမ်မြောက်တိုင် တစ်ဆက်တစ်စပ်တည်း ဘွဲ့နှင်းသဘင်အခမ်းအနားကို ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပြီး ရေကြောင်းဘက်ဆိုင်ရာ ဘွဲ့နှင့်ဒီပလိုမာဘွဲ့ရ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၈၆၀ မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ကို ဆက်သွယ်ထားသည့် ရေဆုံး-ငွေးပင်လမ်းသစ် ဖွင့်လှစ်

**ကျောက်ပန်းတောင်း မေ ၂၇**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်သည် ယနေ့ နံနက် ၈ နာရီတွင် ကျောက်ပန်းတောင်းမြို့နယ် ကျောက်ပန်းတောင်း-မြစည်းခုံ-စည်ပေါက်ကန် ကျေးလက်မြေသားလမ်း ကိုယ်ထူကိုယ်ထ ဖောက်လုပ်ထားမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး နံနက် ၁၀ နာရီတွင် ရေဆုံး-ငွေးပင်ဂျင်းလမ်းသစ်ဖွင့်ပွဲကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အတူ တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။




ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မြစည်းခုံကျောင်းဆရာတော် ဦးဆောင်၍ ကိုယ်ထူကိုယ်ထ ဖောက်လုပ်လျက်ရှိသည့် ကျောက်ပန်းတောင်း-မြစည်းခုံ-စည်ပေါက်ကန် မြေသားလမ်း အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။ ယင်းနောက် အလှူရှင်ဖြင့် တူးဖော်ဆောင်ရွက်နေသည့် စည်ပေါက်ကန်ကျေးရွာ စက်ရေတွင်း တူးဖော်နေမှု အခြေအနေကို သွားရောက်ကြည့်ရှုကြသည်။

ဆက်လက်၍ နံနက် ၁၀ နာရီတွင် ရေဆုံး-ငွေးပင် လမ်းသစ်ဖွင့်ပွဲသို့ ရောက်ရှိကြပြီး လမ်းသစ်မုခ်ဦးရှေ့တွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေကို၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ်နှင့် ပံ့ပိုးအလှူရှင် ဦးဝင်းနိုင်ထွန်းတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဂုဏ်ပြုပွဲအခမ်းအနားကို ယာယီမဏ္ဍပ်တွင် ဆက်လက်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ပံ့ပိုးအလှူရှင် ဦးဝင်းနိုင်ထွန်းက လမ်းဖြစ်မြောက်ရေးအတွက် လှူဒါန်းရခြင်းအကြောင်းနှင့် ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဒေသခံတစ်ဦးဖြစ်သူ ဦးဘဝမ်း[ညွှန်ကြားရေးမှူး (ငြိမ်း)၊ လမ်းတံတားဌာန]က ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည့် လမ်းနှင့် တံတား အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒေသခံများကိုယ်စား ကျေးရွာကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် လမ်းဖောက်လုပ်ရာတွင် လှူဒါန်းခဲ့ကြသည့် အလှူရှင်များကို တိုင်းဒေသကြီး ဝန်ကြီးချုပ်များ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် လွှတ်တော် ကိုယ်စားလှယ်များက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။ ဆက်လက်၍ ဒေသခံပြည်သူများက မိမိတို့ဒေသ လိုအပ်ချက်များဖြစ်သည့် လမ်း၊ လျှပ်စစ်မီးနှင့် ရေရရှိရေးလုပ်ငန်းများကို တင်ပြကြရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းပေးသည်။

ယနေ့ဖွင့်လှစ်သည့် ရေဆုံး-ငွေးပင် ကျေးလက်လမ်းမှာ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးကိုဆက်သွယ်ထားသည့် ကုန်ထုတ်လမ်းဖြစ်ပြီး ယခင်ကလမ်းအကျယ် ၁၂ ပေရှိ မြေသားလမ်းကို မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရန်ပုံငွေကျပ်သိန်း ၁၀၀၀ မှ ခွဲဝေရန်ပုံငွေကျပ်သိန်း ၃၀၊ ပြည်သူလူထုထည့်ဝင်ငွေကျပ်သိန်း ၅၅၀ စုစုပေါင်းငွေကျပ်သိန်း ၅၈၀ ဖြင့် လမ်းအရှည် ရှစ်မိုင်၊ လမ်းအကျယ် ပေ ၃၀ နှင့် လမ်းဒုခြောက်လက်မ ဂျင်းကျောက်ခင်းလမ်းအဖြစ် နိုင်ငံတော်နှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အမာခံကျောက်ခင်းလမ်း ဖောက်လုပ်နိုင်မည်ဆိုပါက ဒေသတွင်း ကျေးရွာများအပြင် နတ်မောက်မြို့နယ် ဆုံကုန်း၊ ရေနံချောင်းမြို့နယ်မှ ညောင်ကုန်းနှင့် အရှေ့ကုန်းကျေးရွာများအတွက် ကုန်ထုတ်လမ်းတစ်ခုအဖြစ် ရာသီမရွေးသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**နေအောင်(iprd)**

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **ကြေးမုံ**

# ပေါင်းတည်မြို့တွင် လူနာ ၃၂၀၀ ကျော်အား အခမဲ့ကွင်းဆင်း ဆေးကုသပေး

**ရန်ကုန် မေ ၂၇**

မြန်မာနိုင်ငံဆရာဝန်အသင်း(အမျိုးသမီးဆရာဝန်အဖွဲ့)ရန်ကုန်၏ အခမဲ့နယ်လှည့်ကွင်းဆင်းဆေးကုသပေးမှု အစီအစဉ်အရ အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်မာအေးဦးဆောင်၍ ကုမုဒြာ အကြောအဆစ် အထူးကုဆေးကုဆေးခန်းနှင့် ရွှေလမင်းစားသောက်ကုန်လုပ်ငန်းတို့ ပူးပေါင်းကာ မေ ၂၆ ရက်က ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့ ဘိုးဘွားရိပ်သာခန်းမဆောင်ကြီးတွင် ရောဂါစုံလူနာ ၃၂၀၀ ကျော်ကို အခမဲ့ဆေးကုသပေးခဲ့သည်။ ပေါင်းတည်မြို့မ ၁၂ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၄ ခုတို့မှ ကျေးလက်ပြည်သူများ လာရောက်ဆေးဝါးကုသမှု ခံယူကြသည်။**(အောက်ပုံ)**

အမျိုးသမီးဆရာဝန်အဖွဲ့ဝင် သမားတော်ကြီးများ၊ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများနှင့် ဆရာဝန် ၆၀ ပါဝင်ပြီး ကုမုဒြာ အကြောအဆစ်ဆေးခန်းမှ ဆရာဝန်ငါးဦးနှင့် အထောက်အကူ ၁၀ ဦး စုစုပေါင်း ၇၅ ဦးတို့က အထွေထွေရောဂါ၊ သားဖွား၊ မီးယပ်ရောဂါ၊ အကြောအဆစ်၊ မျက်စိ၊ သွား၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ အရေပြား၊ ကလေးလူနာရောဂါဝေဒနာရှင်များအား အခမဲ့စမ်းသပ်စစ်ဆေးကုသပေးခြင်း၊ ဆေးဝါးများ အခမဲ့ပေးခြင်း၊ လိုအပ်သူများကို ဓာတ်မှန်၊ ECG ရိုက်ပေးခြင်း၊ ခွဲစိတ်ရမည့်လူနာများကို ခွဲစိတ်ကုသပေးခြင်းတို့ကို နံနက် ၁၀ နာရီမှ ညနေ ၅ နာရီ(လူနာကုန်သည်)အထိ ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည်။ ယခုကဲ့သို့ အခမဲ့ နယ်လှည့်ကွင်းဆင်း ဆေးကုသပေးခြင်းကို တစ်နှစ်လျှင် ငါးကြိမ်ခန့် ဆောင်ရွက်ကြောင်း အဖွဲ့ဥက္ကဋ္ဌ၏ ပြောကြားချက်အရ သိရသည်။ **အောင်သန်း(မင်္ဂလာတောင်ညွန့်)**



# နိုင်ငံရပ်ခြားသို့ တရားဝင်အလုပ်သွားလုပ်နေကြသော နိုင်ငံသားများသည် နိုင်ငံတော်အတွက် အကျိုးပြုနေကြပါသည်

တည်ကြည်မောင်

### နိုင်ငံခြားသို့ အလုပ်လုပ်ကိုင်ကြသူ များပြားလာ

လေ့လာမှုများအရ ၁၉၉၀ ပြည့်နှစ်များမှစတင်ကာ မြန်မာနိုင်ငံရှိ မြို့ကြီးများမှ ပြည်သူများသည် နိုင်ငံခြားသို့ ထွက်ခွာ၍ အလုပ်လုပ်ကိုင်ကြသူများ တစ်စတစ်စ များပြားလာသည်။ မြို့ငယ်များမှ ပြည်သူများသည်လည်း မြို့ကြီးများသို့ ပြောင်းရွှေ့အလုပ်လုပ်ကိုင်လာကြသည်။ ၂၀၀၀ ပြည့်နှစ် နောက်ပိုင်းကာလများတွင် မိုးခေါင်ခြင်း၊ သီးနှံအထွက်နှုန်း နည်းပါးခြင်း၊ သီးနှံဈေးများ အနိမ့်ခံရခြင်းနှင့် အခြားအကြောင်းများကြောင့် အထွေထွေအကျပ်အတည်းများနှင့် ရင်ဆိုင်လာကြရသည့် မြန်မာနိုင်ငံအရပ်ရပ်မှ ကျေးလက်နေပြည်သူအများစုသည် နိုင်ငံရပ်ခြားသို့ စွန့်စွန့်စားစား သွားရောက်ကာ အလုပ်လုပ်ကိုင်လာကြသည်။

စွန့်စွန့်စားစားဟုဆိုရခြင်းမှာ ကျေးလက်နေပြည်သူများသည် သာမန်အားဖြင့် ကိုယ့်ရွာ၊ ကိုယ့်ဒေသကို အလွယ်တကူစွန့်ခွာတတ်သည့်သူများ မဟုတ်ကြဘဲ လွန်စွာကျပ်တည်းလွန်းလှ၍သာ ထွက်ခွာကြလေ့ရှိသည့် သဘောကြောင့် ဆိုရခြင်းဖြစ်ပါသည်။ တစ်ဖက်တွင်လည်း ၎င်းတို့သွားရောက်ရသည့် နိုင်ငံများမှာ ဘာသာစကား၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ကိုးကွယ်သည့် အယူဝါဒနှင့် အတွေးအမြင်များလည်း ကွဲပြားသည့်နိုင်ငံများ ဖြစ်လေ့ရှိရာ ခက်ခဲသည့်ပတ်ဝန်းကျင်တွင် အလုပ်လုပ်ကိုင်ကြရမည်ဖြစ်သောကြောင့် ဖြစ်သည်။ ထိုသို့ ထွက်ခွာကြရာတွင်လည်း အများစုမှာ လယ်ပေါင်၍ဖြစ်စေ၊ လယ်ရောင်း၍ဖြစ်စေ၊ အခြားသောပစ္စည်းများ ပေါင်နှံရောင်းချ၍ ဖြစ်စေ၊ ချေးငှား၍ဖြစ်စေ အရင်းအနှီးပြုလုပ်ကာ သွားနေကြရသည်ဟု ကြားသိရသည်။

### ထိုက်သင့်သည့် ကူညီမှုများ ပြုလုပ်ပေးသင့်

နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်လုပ်ကိုင်နေခြင်းကြောင့် အလုပ်အကိုင်မရှိသူများအတွက် အလုပ်အကိုင်များရရှိကြသကဲ့သို့ အလုပ်အကိုင်ရှိသော်လည်း ဝင်ငွေနည်းပါးသူများအတွက် ထိုက်သင့်သည့် ဝင်ငွေများ ရရှိကြသည်မှာလည်း အမှန်ပင် ဖြစ်ပါသည်။ သို့ဖြစ်၍ နေရပ်စွန့်ခွာ၍ နိုင်ငံရပ်ခြားသို့ စွန့်စားသွားရောက်အလုပ်လုပ်ကိုင်နေကြသူများကို နိုင်ငံတော်အစိုးရအနေဖြင့် ထိုက်သင့်သည့် ကူညီမှုများ ပြုလုပ်ပေးသင့်ပေသည်။

အီတလီနိုင်ငံအခြေစိုက် IFAD (International Fund for Agriculture Development) အဖွဲ့သည် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံရပ်ခြားသို့ စွန့်စားသွားရောက် အလုပ်လုပ်ကိုင်နေကြသူများကို လေ့လာ၍ ၎င်းတို့၏ ငွေလွှဲပို့နိုင်မှုပမာဏကို သုတေသနပြုကာ စာတမ်းထုတ်ပြန်ထားသည်။ အဆိုပါ သုတေသနပြုချက်အရ အာရှပစိဖိတ်ဒေသအတွင်းရှိ နိုင်ငံပေါင်း ၅၀ ကို လေ့လာရာတွင် ဒေသအတွင်းနေထိုင်ကြသူ လူ ၁၀ ဦးတွင် တစ်ဦးသည် ငွေလွှဲ၊ ငွေပို့မှုဖြစ်စဉ်နှင့် ပတ်သက်နေသည်ဟု သိရသည်။ သို့ဖြစ်၍ နိုင်ငံရပ်ခြားမှ ငွေလွှဲပို့မှုသည် အာရှပစိဖိတ်ဒေသအတွင်းရှိ လူဦးရေစုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းအပေါ် အကျိုးသက်ရောက်နေသည်ဟု ဆိုနိုင်ပါသည်။

### ပြန်လည်လွှဲပို့ငွေစီးဝင်မှုကို ကောင်းစွာစီမံထားနိုင်ရန် အရေးကြီး

စစ်တမ်းအရ ၂၀၁၇ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌ နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်လုပ်ကိုင်နေသူများက ပြန်လည်လွှဲပို့ငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၈၁ ဘီလီယံရှိပြီး အာရှပစိဖိတ်ဒေသတစ်ခုတည်းမှာပင် အမေရိကန်ဒေါ်လာ ၂၅၆ ဘီလီယံရှိသည့်အတွက် တစ်ကမ္ဘာလုံး၏ ၅၃ ရာခိုင်နှုန်း ရှိနေပါသည်။ ယင်းငွေပမာဏသည် အာရှပစိဖိတ်ဒေသတစ်ခုလုံးသို့ အရင်းအမြစ်အားလုံးမှ စီးဝင်နေသည့် တရားဝင်ဖွံ့ဖြိုးရေးရန်ပုံငွေ (ODA – Official Development Assistance) ၏ အသားတင်စုစုပေါင်းတန်ဖိုးထက် ၁၀ ဆ ပိုမိုများပြားသည်။ ထို့ကြောင့် နိုင်ငံတကာသို့ သွားရောက်၍ အလုပ်လုပ်ကိုင်နေကြသူများမှ ၎င်းတို့၏မိသားစုများထံ ပြန်လည်လွှဲပို့ငွေစီးဝင်မှုကို အစိုးရများအနေဖြင့် ကောင်းစွာစီမံထားနိုင်ရန် အရေးကြီးပေသည်။

၂၀၁၇ ခုနှစ် စာရင်းများအရ ကမ္ဘာတစ်ဝန်းတွင် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်သူများက ပြန်လည်လွှဲပို့ငွေပမာဏ အများဆုံးစီးဝင်သည့်နိုင်ငံသည် အိန္ဒိယနိုင်ငံဖြစ်ပြီး အမေရိကန်ဒေါ်လာ ၆၉ ဘီလီယံအထိ စီးဝင်လျက်ရှိသည်ဟု သိရသည်။ ယင်း၏နောက်တွင် ဒေါ်လာ ၆၄ ဘီလီယံဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဒေါ်လာ ၃၃ ဘီလီယံဖြင့် ဖိလစ်ပိုင်နိုင်ငံတို့ အသီးသီး ရှိသည်။ မြန်မာနိုင်ငံ၏ အိမ်နီးချင်းဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ပင် ဒေါ်လာ ၁၃ ဒသမ ၅ ဘီလီယံ စီးဝင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင်မူ ဒေါ်လာ ၇၂၃ သန်းသာ စီးဝင်လျက်ရှိသည်ဟု သိရသည်။

### လစာနှင့်ဝင်ငွေအခြေအနေဆိုင်ရာ ကိန်းဂဏန်းများကို တိကျမှန်ကန်စွာ ပြုစုထုတ်ပြန်နိုင်ရေး ဆောင်ရွက်သင့်

သို့သော် အဆိုပါကိန်းဂဏန်းများမှာ IFAD အဖွဲ့မှ ပြုစုသည့် အစီရင်ခံစာပါ ကိန်းဂဏန်းများသာ ဖြစ်သည့်အတွက် လက်တွေ့မြေပြင်တွင် ယင်းထက် ပိုမိုစီးဝင်မှုရှိနေနိုင်ပါသည်။ မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဌာနများမှ တရားဝင်ထုတ်ပြန်ထားသည့် ကိန်းဂဏန်းများကိုမူ မတွေ့မိပါ။ အကယ်၍ ကိန်းဂဏန်းများ ပြုစုထားပြီးဖြစ်ပါက ထုတ်ပြန်သင့်ပြီး မပြုစုနိုင်သေးပါက စိစစ်ပြုစုနိုင်ရေးအတွက် စဉ်းစားဆောင်ရွက်သင့်ပါသည်။ မြန်မာနိုင်ငံသို့ စီးဝင်နေသည့် လွှဲပို့ငွေဆိုင်ရာ ကိန်းဂဏန်းစာရင်းဇယားများသာမက မြန်မာနိုင်ငံမှ နိုင်ငံရပ်ခြားသို့ တရားဝင်နှင့် တရားမဝင်သွားရောက်နေသည့် အလုပ်သမားအင်အားစာရင်းများ၊ ပြန်လည်ရောက်ရှိလာသူများ၊ ကျန်ရှိသူများ၊ နိုင်ငံအတွင်း အလုပ်လက်မဲ့ဦးရေ၊ လုပ်ခလစာအခြေအနေနှင့် ဝင်ငွေအခြေအနေဆိုင်ရာ ကိန်းဂဏန်းများကို တတ်နိုင်သမျှ တိကျမှန်ကန်စွာ အချိန်နှင့်တစ်ပြေးညီ ကောက်ခံပြုစုထုတ်ပြန်နိုင်ရေးအတွက်လည်း စဉ်းစားဆောင်ရွက်သင့်ပါသည်။ ဤသို့ဆောင်ရွက်နိုင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ရာတွင် များစွာအထောက်အကူပြုနိုင်သကဲ့သို့ ရေ့ဆက်၍ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း တိကျသည့် ဦးတည်ချက်၊ ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်နိုင်ရန် ဖော်ညွှန်းပြသပေးနိုင်မည် ဖြစ်သည်။

အစိုးရများအနေဖြင့် ငွေလွှဲပို့မှုဆိုင်ရာ စည်းမျဉ်းသတ်မှတ်ချက်များ ချမှတ်ရာတွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ပုံစံကွဲလွဲမှုများ ရှိကြသည်။ ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ နီပေါ၊ ပါကစ္စတန်နှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင် ခေတ်ပေါ်ဆက်သွယ်ရေးနည်းပညာများကို အသုံးပြုကာ မိုဘိုင်းဖုန်းများမှတစ်ဆင့် ငွေလွှဲပို့ခြင်း၊ အေးဂျင့်များနှင့် ငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများ (MTO – Money Transfer Operator) လုပ်ပိုင်ခွင့်ပေးခြင်း စသည့်နည်းလမ်းများကို အသုံးပြုလျက်ရှိကြသည်။

မြန်မာနိုင်ငံတွင်မူ ယခင်က နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် သံရုံးများမှတစ်ဆင့် လွှဲပို့မှုများ ဆောင်ရွက်ကြသော်လည်း နောက်ပိုင်းတွင် ပုဂ္ဂလိကဘဏ်များနှင့် အေးဂျင့်များမှတစ်ဆင့် လွှဲပို့နေကြသည်ကို လေ့လာသိရှိရပါသည်။ အလုပ်သမားများအနေဖြင့် ငွေလွှဲပို့မှုများ အဆင်ပြေမှုရှိနိုင်သော်လည်း အစိုးရအနေဖြင့် နိုင်ငံအတွင်း စီးဝင်နေသည့်ငွေများနှင့်ပတ်သက်၍ တိကျမှန်ကန်သည့် စာရင်းဇယားနှင့် ကိန်းဂဏန်းများရရှိခြင်း မရှိသည့်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် စဉ်းစားဆောင်ရွက်သင့်ပေသည်။

### ထိုက်သင့်သည့် အခွန်အကောက်နှင့် အလုပ်အကိုင်များ ဖြစ်ပေါ်လာနိုင်

လွှဲပို့ငွေစီးဝင်ငွေများကို ကောင်းစွာစီမံဆောင်ရွက်နိုင်မည်ဆိုပါက ကျေးလက်နေပြည်သူများ၏ ဝင်ငွေ၊ လူမှုစီးပွားဖွံ့ဖြိုးနိုင်မည့်အခြေအနေ၊ နိုင်ငံအလိုက်မှ စီးဝင်နေမှုပမာဏ၊ ယင်းနိုင်ငံများရှိ အလုပ်အကိုင်ပေးနိုင်မှုအခြေအနေနှင့် အလုပ်သမားစေလွှတ်ရေး မူဝါဒများအပေါ် ပြန်လည်သုံးသပ်ပြင်ဆင်နိုင်မည့် အချက်အလက်များ ရရှိနိုင်ပါသည်။ ထို့အပြင် နိုင်ငံတော်မှ စနစ်တကျ တာဝန်ယူ၍ ဝန်ဆောင်မှုပေးနိုင်မည် (သို့မဟုတ်) Money Transfer Operator (MTO) များကို စနစ်တကျ လုပ်ကိုင်ခွင့်ပြုပေးနိုင်မည်ဆိုပါကလည်း ထိုက်သင့်သည့် အခွန်အကောက်နှင့် အလုပ်အကိုင်များ ဖြစ်ပေါ်လာနိုင်ပါသည်။ ယင်းနောက် စီးဝင်လာသည့် ငွေများသည် နိုင်ငံခြားငွေဖြင့် ဝင်ရောက်လာမည် ဆိုပါကလည်း နိုင်ငံတော်၏ နိုင်ငံခြားအရန်ငွေ တိုးပွားလာစေမည် ဖြစ်ပါသည်။

အလုပ်အကိုင်နှင့် ဝင်ငွေတိုးမြင့်မှု အခွင့်အလမ်းများ ရှားပါးနေသည့် လက်ရှိအခြေအနေတွင် နိုင်ငံရပ်ခြားသို့ စွန့်စားသွားရောက်လုပ်ကိုင်နေကြသူများသည် ၎င်းတို့၏ မိသားစုကို ကောင်းစွာထောက်ပံ့ပေးနိုင်သည့် အခြေအနေတွင် ရှိနေသည်မှာလည်း မငြင်းနိုင်ပါ။ မိမိတို့၏နေရပ်ကို စွန့်ခွာကာ တိုင်းတစ်ပါးတွင် ရရာအလုပ်ကို လုပ်နေကြရသည်မှာ နိုင်ငံတော်အနေဖြင့်ကြည့်လျှင် စိတ်မကောင်းဖွယ်ရာ အခြေအနေတစ်ရပ်ဖြစ်နေသည်မှာလည်း အမှန်ပင် ဖြစ်သည်။ သို့သော် ၎င်းတို့မိသားစုများ ဝင်ငွေတိုး၍ လူမှုစီးပွားရေးအခြေအနေများ အဆင်ပြေနေသည်လည်း ဖြစ်သည့်အတွက် လက်ရှိအချိန်အခါနှင့် အခြေအနေတွင် နိုင်ငံရပ်ခြားသို့ တရားဝင် သွားရောက်အလုပ်လုပ်ကိုင်နေကြသူများကို ထိုက်သင့်သည့် ပံ့ပိုးကူညီမှုများ ပြုလုပ်ပေးရန် သင့်လှပါသည်။

### တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးသင့်

နိုင်ငံခြားတိုင်းပြည်များ၌ သွားရောက်အလုပ်လုပ်ကိုင်ရာတွင် လူ့အခွင့်အရေး ဆုံးရှုံးနစ်နာမှုများ မရှိရေး၊ လုံခြုံမှုရှိရေးတို့အတွက်လည်း တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးသင့်ပေသည်။ တစ်ပြိုင်တည်းမှာပင် တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်သူများပပျောက်ရေး၊ တစ်နည်းအားဖြင့် တရားဝင်သွားရောက်ခြင်းသည် တရားမဝင်သွားရောက်ခြင်းထက် ပိုမိုလွယ်ကူအဆင်ပြေသည့် စနစ်တစ်ရပ်ဖြစ်သည်ကို ပြည်သူများ သိရှိယုံကြည်လက်ခံလာရေး၊ သက်ဆိုင်ရာမိသားစုများသို့ ငွေပြန်လည်လွှဲပို့မှုများ လုံခြုံအဆင်ပြေစွာဆောင်ရွက်နိုင်ရေး စသည်ဖြင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်မည်ဆိုပါက သွားရောက်အလုပ်လုပ်ကိုင်သူများရော နိုင်ငံတော်အတွက်ပါ နှစ်ဦးနှစ်ဖက် အကျိုးများမည် ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသူများသည် ၎င်းတို့၏ မိသားစုအရေးအတွက် အဓိကသွားရောက်ကြသည် ဆိုသော်လည်း မိသားစုတစ်စုချင်းဝင်ငွေတိုး၍ လူမှုစီးပွားရေးအခြေအနေများ တိုးတက်ကောင်းမွန်မည်ဆိုပါက နိုင်ငံတော်၏ ဝင်ငွေတိုးတက်ခြင်းပင်ဖြစ်သည့်အတွက် တစ်နည်းအားဖြင့် နိုင်ငံတော်ကို အကျိုးပြုနေကြသူများပင်ဖြစ်ပေသည်။ အခြေအနေ၊ အချိန်အခါအရ အခွင့်သာသလို ရုန်းကန်ကြိုးပမ်းနေကြရသည့် ပြည်သူများကို သက်ဆိုင်ရာဌာနအသီးသီးရှိ တာဝန်ရှိသူများအနေဖြင့် ယခင်ထက် ပိုမိုအလေးထားအသိအမှတ်ပြုကာ ဝိုင်းဝန်းကူညီပေးသင့်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။ ။

> “နိုင်ငံခြားတိုင်းပြည်များ၌ သွားရောက်အလုပ်လုပ်ကိုင်ရာတွင် လူ့အခွင့်အရေး ဆုံးရှုံးနစ်နာမှုများ မရှိရေး၊ လုံခြုံမှုရှိရေးတို့အတွက်လည်း တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသင့်ပေသည်။ တစ်ပြိုင်တည်းမှာပင် တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်သူများပပျောက်ရေး၊ တစ်နည်းအားဖြင့် တရားဝင် သွားရောက်ခြင်းသည် တရားမဝင်သွားရောက်ခြင်းထက် ပိုမိုလွယ်ကူအဆင်ပြေသည့် စနစ်တစ်ရပ်ဖြစ်သည်ကို ပြည်သူများ သိရှိယုံကြည်လက်ခံလာရေး၊ သက်ဆိုင်ရာမိသားစုများသို့ ငွေပြန်လည်လွှဲပို့မှုများ လုံခြုံအဆင်ပြေစွာ ဆောင်ရွက်နိုင်ရေး စသည်ဖြင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်မည်ဆိုပါက သွားရောက်အလုပ်လုပ်ကိုင်သူများရော နိုင်ငံတော်အတွက်ပါ နှစ်ဦးနှစ်ဖက် အကျိုးများမည် ဖြစ်သည်။”

# အခွင့်အခါကောင်းကို ကောင်းစွာအသုံးချလျှင်

မြန်မာ-တရုတ် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် အကောင်အထည်ဖော်ရေးဆွေးနွေးသည့်သတင်းကို ဖတ်လိုက်ရသည့်အတွက် မကြာမီက တက်ရောက်ခွင့်ရခဲ့သော ယူနန်ပြည်နယ် တဲဟုန်ပြည်နယ်ခွဲ မန်ရှီမြို့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် တရုတ်-မြန်မာပညာရှင်များအဖွဲ့ အဆင့်မြင့်ဖိုရမ် (The 2nd Myanmar-China Think Tank Forum)အကြောင်း မျှဝေလိုသည့် စိတ်ဆန္ဒများဖြစ်ပေါ်လာမိသည်။

မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့နှင့် ယူနန်လူမှုရေးသိပ္ပံအကယ်ဒမီ (Yunnan Academy of Social Science)တို့ ပူးတွဲကျင်းပသည့် ဖိုရမ်တွင် ကူမင်းမြို့ တောင်နှင့် အရှေ့တောင်အာရှလေ့လာရေးအကယ်ဒမီ (Chinese Academy of South and Southeast Asian Studies, Kunming)၊ တဲဟုန်နှင့် ကျင်ဖိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရုတ်ကွန်မြူနစ်ပါတီကော်မတီနှင့် ပြည်သူ့အစိုးရ၊ ရွှေလီဖွံ့ဖြိုးတိုးတက်ရေးနှင့် တံခါးဖွင့်ဝါဒ စမ်းသပ်မှုဇုန် အုပ်ချုပ်ရေးကော်မတီတို့ကလည်း ကမကထပြုပါဝင်ခဲ့ကြသည်။ ဖိုရမ်ကို ကူမင်းမြို့ တောင်နှင့် အရှေ့တောင်အာရှလေ့လာရေးအကယ်ဒမီ၏ မြန်မာနိုင်ငံလေ့လာရေးဌာနနှင့် တဲဟုန်လူမှုရေးသိပ္ပံအဖွဲ့ တရုတ်-မြန်မာဆက်ဆံရေးဌာနတို့က တာဝန်ယူကျင်းပခဲ့ခြင်းဖြစ်သည်။ ဖိုရမ်စီစဉ်ကျင်းပသူများသည် မြန်မာနိုင်ငံနှင့် ကျွမ်းဝင်သူများ၊ မြန်မာစကားကို ကောင်းစွာနားလည် ပြောဆိုနိုင်သူများဖြစ်ကြပြီး မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များကို လိုလေသေးမရှိ ဧည့်ဝတ်ပျူငှာကြသည်။

တရုတ်-မြန်မာ နှစ်နိုင်ငံဆိုင်ရာ ဘာသာရပ်ကျွမ်းကျင်သူများက ဖိုရမ်တွင် နှစ်နိုင်ငံအကျိုးအတွက် ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်မှာ စိတ်ဝင်စားဖွယ်၊ မှတ်သားဖွယ်ရာများဖြစ်သည်။ တရုတ်နိုင်ငံမှ ပညာရှင်များက မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ရန် အလေးပေးပြောကြားကြပြီး မြန်မာပညာရှင်များကလည်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးသော အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့်အားလျော်စွာ နယ်ပယ်အသီးသီးတွင် နည်းပညာအကူအညီများပေးအပ်ကာ ပူးပေါင်းဆောင်ရွက်ရန် ပြောကြားခဲ့ကြသည်။

ဖိုရမ်တွင် မြန်မာ-တရုတ် စီးပွားရေးစင်္ကြံတည်ဆောက်ခြင်း (Construction of the Myanmar-China Economic Corridor) ကို ဆွေးနွေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် အကောင်အထည်ဖော်ပြီး ဖွံ့ဖြိုးတိုးတက်မှုကို မျှဝေခံစားကြရန် အဓိကရည်ရွယ်ချက်(Theme)ထားခဲ့သည်။ ပညာရှင်များက ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု (Belt and Road Initiative-BRI)၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် စီးပွားရေးစင်္ကြံတည်ဆောက်ရာတွင် ထည့်သွင်းစဉ်းစားရမည့် မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေး၊ စင်္ကြံတစ်လျှောက် လမ်း၊ တံတား၊ အဆောက်အအုံများဖွံ့ဖြိုးရေး၊ စွမ်းအင်ဖူလုံရေး၊ နှစ်နိုင်ငံပြည်သူအချင်းချင်း ကူးလူးဆက်ဆံရေး၊ နယ်စပ်ဒေသစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်များနှင့် စက်မှုဇုန်များ ပူးတွဲတည်ထောင်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ-တရုတ်နယ်စပ်ဒေသများ၌ သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ကာကွယ်နှိမ်နင်းရန် ပူးပေါင်းဆောင်ရွက်ရေးနှင့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းမှု ဖော်ဆောင်ရေးခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။

## အထူးကော်မရှင်အဖွဲ့ဝင်တစ်ဦး

**နှစ်နိုင်ငံအပြန်အလှန်အမှီသဟဲပြုပြီး မြန်မာ-တရုတ် စီးပွားရေးစင်္ကြံတည်ဆောက်မှု အကောင်အထည်ဖော်နိုင်ခဲ့လျှင် လမ်းကြောင်းတစ်လျှောက် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်သာမက နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်နိုင်မည်ဖြစ်ပြီး နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုစေမည်ဖြစ်သည်။ သို့စေကာမူ မြန်မာနိုင်ငံဘက်မှ အစစအရာရာ ပြင်ဆင်ထားရန် လိုအပ်ပါမည်။ အခွင့်အခါကောင်းကို အသုံးချသွားရန် လိုအပ်ပါမည်ဟု ယူဆပါသည်။ မြန်မာနိုင်ငံသားအားလုံး အထူးသဖြင့် စီးပွားရေးစင်္ကြံတွင် တိုက်ရိုက်ပါဝင်ဆောင်ရွက်မည့် ဝန်ထမ်းများအားလုံးအနေဖြင့် ကြိုတင်ပြင်ဆင်ရန်လိုအပ်ပါမည်။**

တရုတ်နိုင်ငံဘက်တွင် စီးပွားရေးစင်္ကြံ တည်ဆောက်မှုနှင့် ဆက်စပ်အကောင်အထည်ဖော်လျက်ရှိသော စီမံကိန်းများကို လေ့လာရေးခရီးစီစဉ်ပေးခဲ့ရာ ဖိုရမ်တက်ရောက်သူများအတွက် လွန်စွာအကျိုးရှိခဲ့သည်။နှစ်နိုင်ငံဆက်ဆံရေးတွင် အရေးပါလှသည့် သမိုင်းမှတ်တိုင်နေရာများ၊ နယ်စပ်ကုန်သွယ်ရေးစခန်းများ၊ စက်ရုံများအပြင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးစီမံကိန်း၊ ခေတ်မီတိုးတက်သော နည်းပညာဖြင့် ဥမင်လိုဏ်ခေါင်းလမ်းဖောက်လုပ်သည့်စီမံကိန်းတို့ကို လေ့လာခဲ့ရသည်။ တရုတ်နိုင်ငံက စီးပွားရေးအင်အားကြီးနိုင်ငံအဖြစ် အောင်မြင်စွာ ကြိုးပမ်းအားထုတ်မှုများမှာ အလွန်အားကျ အတုယူဖွယ်ဖြစ်သည်။

အမှန်စင်စစ် တရုတ်နိုင်ငံ၏ ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု စီမံကိန်းသည် ကမ္ဘာအဝှမ်း နိုင်ငံများစွာပါဝင်သော အလွန်ကြီးမားသည့် စီမံကိန်းကြီးတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံမှာ တရုတ်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသော အိမ်နီးချင်းနိုင်ငံဖြစ်သည့်အပြင် အိန္ဒိယသမုဒ္ဒရာသို့ ထွက်ပေါက်ဖြစ်နေသဖြင့် ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခုစီမံကိန်းအတွက် အရေးကြီးသည့် ပထမခြေလှမ်းတစ်ရပ်ဖြစ်သည်။

နှစ်နိုင်ငံအပြန်အလှန်အမှီသဟဲပြုပြီး မြန်မာ-တရုတ် စီးပွားရေးစင်္ကြံတည်ဆောက်မှု အကောင်အထည်ဖော်နိုင်ခဲ့လျှင် လမ်းကြောင်းတစ်လျှောက် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်သာမက နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်နိုင်မည်ဖြစ်ပြီး နိုင်ငံ၏စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုစေမည်ဖြစ်သည်။

သို့စေကာမူ မြန်မာနိုင်ငံဘက်မှ အစစအရာရာပြင်ဆင်ထားရန် လိုအပ်ပါမည်။ အခွင့်အခါကောင်းကို အသုံးချသွားရန် လိုအပ်မည်ဟု ယူဆပါသည်။ မြန်မာနိုင်ငံသားအားလုံး အထူးသဖြင့် စီးပွားရေးစင်္ကြံတွင် တိုက်ရိုက်ပါဝင်ဆောင်ရွက်မည့် ဝန်ထမ်းများအားလုံးအနေဖြင့် ကြိုတင်ပြင်ဆင်ရန်လိုအပ်ပါမည်။ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်ကြီး သုံးရပ်လုံး ဟန်ချက်ညီညီ စုပေါင်းအင်အားဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ပြင်ဆင်ထားရန် လိုအပ်မည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

## ပြည်သူလူထုအခြေပြု အသိပညာပေးဆွေးနွေးခြင်းနှင့် ရွှေ့လျားကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

**နေပြည်တော် မေ ၂၇**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ မြို့ပြနှင့် ဝေးကွာသော ကျေးရွာများသို့ ကွင်းဆင်းကာ ပြည်သူလူထုအခြေပြု အသိပညာပေး ဆွေးနွေးခြင်းနှင့် ရွှေ့လျားကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကူနှစ်လုံးဆည်စုကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဆောင်ရွက်ကြသည်။



ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင်က အသိပညာပေး ဆွေးနွေးခြင်းနှင့် ရွှေ့လျားကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဒေါက်တာသက်နိုင်ဦးက ရာသီအလိုက် ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးရောဂါအကြောင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဒေါက်တာမချမ်းဦးက သွေးတိုးရောဂါနှင့်စပ်လျဉ်း၍ သတိပြုလိုက်နာသင့်သည့် ကျန်းမာရေးဆိုင်ရာ ဗဟုသုတများကိုလည်းကောင်း အသီးသီး ဟောပြောဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သက်ကြီး ဘိုး၊ ဘွားများအား အာဟာရဖြည့်အစားအစာများနှင့် အားဆေးများကိုလည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား အိုင်အိုဒင်းဆား၊ ဆပ်ပြာနှင့် ကလေးအနှီးပိတ်များကို လည်းကောင်း ထောက်ပံ့ပေးကြပြီး ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ လှူဒါန်းခဲ့ကြသည်။

ထို့နောက် အုပ်စုလိုက်ဟောပြောဆွေးနွေးရာတွင် ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာရေး ဗဟုသုတဆိုင်ရာများနှင့် ပျို့ရွယ်သူမျိုးဆက်ပွား ကျန်းမာရေးနှင့် လူကုန်ကူးခြင်းဆိုင်ရာ သိကောင်းစရာများကို မေတ္တာစမ်းရေ ဆေးခန်းတာဝန်ခံဆရာဝန်ကြီးများနှင့် တာဝန်ရှိသူများက အသိပညာပေး ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများဆောင်ရွက်ရာတွင် သွားဘက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးများ၊ မျက်စိအထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက ကူနှစ်လုံးဆည်စု ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ သွားရောဂါဝေဒနာရှင်များ၊ မျက်စိရောဂါဝေဒနာရှင်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် အထွေထွေရောဂါဝေဒနာရှင်များကို အခမဲ့ ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ရွှေကူတ္တိ**

## လှိုင်းဘွဲ့တွင် မျိုးသန့်စပါးနှင့် မျိုးစေ့ထောက်ပံ့ပေးအပ် တောင်သူများအား အသိပညာပေး ဆွေးနွေး

**လှိုင်းဘွဲ့ မေ ၂၇**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ဒိုင်းပြကျေးရွာအုပ်စုတွင် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်သော ဆင်းသုခ မျိုးသန့်စပါးမျိုးစေ့ထောက်ပံ့ပေးအပ်ခြင်း၊ ကျေးရွာရှိ တောင်သူများနှင့် ပညာပေးဆွေးနွေးခြင်း လုပ်ငန်းများကို ယနေ့နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

ပေးအပ်ပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကြည်ဝင်းက တောင်သူများ စိုက်ပျိုးနည်းမှန်ကန်စွာ စိုက်ပျိုးနိုင်ရန်အတွက် မျိုးကောင်းမျိုးသန့် စိုက်ပျိုးနည်း၊ မြေသြဇာကျွေးနည်းနှင့် အပင်ပြုစုနည်းတို့ကို ရှင်းလင်းပြောကြားပြီး မြေဆီလွှာ စမ်းသပ်ပစ္စည်း နှစ်လုံး၊ ဆင်းသုခ မျိုးသန့်မျိုးစေ့ တင်း ၂၀ နှင့် သစ်စိမ်းမြေသြဇာ မျိုးစေ့ နှစ်တင်းကို တာဝန်ရှိသူများက မျိုးသန့်မျိုးစေ့ထုတ် စိုက်ခင်း ဧက ၂၀ ရှိ တောင်သူများအား ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

ထို့နောက် မြေဆီလွှာစွမ်းအားမြှင့်တင်ရေး သစ်စိမ်းမြေသြဇာစွမ်းအား ကြပက်ခြင်းနှင့် လယ်ယာမြေဧက ၂၀၀ ကိုယ်စားပြု စမ်းသပ်မြေနမူနာယူခြင်းလုပ်ငန်းများကို ဘားအံခရိုင် မျိုးစေ့ဌာန တာဝန်ခံဒေါ်စန်းစန်းမြိုင်၊ ခရိုင်မြေအသုံးချဌာနတာဝန်ခံ ဒေါ်ယဉ်မီမီသော်နှင့် ဝန်ထမ်းများ စုပေါင်း၍ ကွင်းဆင်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## မံစီကျေးရွာများတွင် မီတာ နေ့ချင်းပြီး တပ်ဆင်ပေး

**မံစီ မေ ၂၇**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အလင်းရောင်စီမံချက်ဖြင့် ကျေးလက်နေပြည်သူများ လျှပ်စစ်မီးလင်းရေး အိမ်အရောက် နေ့ချင်းပြီးလုပ်ငန်းကို စီမံချက်ဝင် ကျေးရွာများ၌ ဆောင်ရွက်လျက်ရှိရာ မေ ၂၆ ရက် နံနက် ၉ နာရီက ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဟန်ထက်ကျေးရွာတွင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အလင်းရောင်စီမံချက်ဖြင့် လျှပ်စစ်မီးရရှိရေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်ရာ၌ ဗန်းမော်ခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးမင်းဇော်ဦး၊ မံစီမြို့နယ်လျှပ်စစ်မှူး ဦးဇော်လင်းထွန်းနှင့် တာဝန်ရှိသူများက ဟန်ထက်ကျေးရွာတွင် အိမ်ထောင်စု ၂၀ သို့ မီတာအလုံး ၂၀ အား ထုတ်ပေးခဲ့ပြီး လျှပ်စစ်ဝန်ထမ်းများက နေ့ချင်းပြီးတပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## ပြည်တွင်းရေးရာ

❂ နိုင်ငံတကာမှ

### လှဖိုးခေါင်ကြားစခန်း

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် မြန်မာနိုင်ငံ ကက်သလစ်ဂိုဏ်းချုပ်ဆရာတော် ကာဒီနယ်ချားလ်စ်ဘိုလ် ဦးဆောင်သည့်အဖွဲ့အား လှဖိုးခေါင်ကြားစခန်း၌ မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နှင့် စီမံကိန်းအင်ဂျင်နီယာ ဦးတင်စိုးတို့က လှဖိုးခေါင်ကြားစခန်း တည်ဆောက်ထားရှိမှုများ၊ ပြန်လည်လက်ခံနိုင်မည့် အခြေအနေများ၊ ပြန်လည်လက်ခံမည့် အစီအမံများနှင့် ပြန်လည်နေရာချထားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

### အေးချမ်းစွာ ရပ်တည်နေထိုင်ရေး

ထို့နောက် နိုင်ငံတကာနှင့် ပြည်တွင်းမှ Religions for Peace (RfP) နှင့် ဘာသာပေါင်းစုံအဖွဲ့ဝင်များက နေရပ်စွန့်ခွာသူများ မူလနေရပ်တွင် ပြန်လည်နေထိုင်နိုင်မည့် အစီအစဉ်များ၊ ကူညီထောက်ပံ့ရေးဆောင်ရွက်ပေးမည့် အခြေအနေများ၊ နေရပ်စွန့်ခွာသူများ ပြန်လည်ဝင်ရောက်လာပါက မူလပိုင်ဆိုင်မှုများပြန်လည်ရရှိနိုင်မည့် အခြေအနေများ၊ နေရပ်စွန့်ခွာခြင်းမပြုသည့် အစ္စလာမ်ဘာသာဝင်များ၏ အေးချမ်းစွာ ရှင်သန်ရပ်တည်နေထိုင်ကြသည့် အခြေအနေများနှင့် နှစ်ဖက်အသိုက်အဝန်း သဟဇာတဖြစ်စွာ အတူယှဉ်တွဲနေထိုင်နိုင်ရေးနှင့်စပ်လျဉ်းသည့် အသိပညာပေးစည်းရုံးလှုံ့ဆော်နိုင်မှု အခြေအနေများကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြပြီး လှဖိုးခေါင်ကြားစခန်းအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

### တောင်ပြိုလက်ဝဲ လက်ခံရေးစခန်း

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံ ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်နှင့်အဖွဲ့သည် တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်း ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်း အုပ်ချုပ်မှုတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးထွန်းနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးကိုကိုသော်တို့က တောင်ပြိုလက်ဝဲပြန်လည်လက်ခံရေးစခန်းဆိုင်ရာ အချက်အလက်များ၊ နိုင်ငံသားစိစစ်ခြင်း၊ မှတ်ပုံတင်ခြင်းနှင့် NV Card ထုတ်ယူနိုင်ရေးဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတကာနှင့် ပြည်တွင်းမှ Religions for Peace (RfP) နှင့် ဘာသာပေါင်းစုံအဖွဲ့ဝင်များက လူဝင်မှုကြီးကြပ်ရေး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ နေရပ်စွန့်ခွာသူများထံ NV Card ထုတ်ယူနိုင်ရေးဆိုင်ရာ သတင်းရောက်ရှိနိုင်မှု အခြေအနေများကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။



ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံ ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်နှင့်အဖွဲ့ မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့၏ ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံခဲ့ရသည့် ဟိန္ဒူဘာသာဝင်များနှင့် တွေ့ဆုံမေးမြန်းစဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံ ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်နှင့်အဖွဲ့သည် မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံချစ်ကြည်ရေးတံတားကို ကြည့်ရှုလေ့လာကြပြီး တံတားအနီးရှိ တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်း ဌာနဆိုင်ရာ ရုံးလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် စခန်းသို့ရောက်ရှိကြကာ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်း လုပ်ငန်းဆောင်ရွက်မှု၊ NV Card ထုတ်ပေးခြင်းနှင့် Biometric ရယူခြင်းဆိုင်ရာများ၊ ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆိုင်ရာ အခြေအနေများကို ကြည့်ရှုလေ့လာကြသည်။



ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံ ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်နှင့်အဖွဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ် ချစ်ကြည်ရေးတံတားကို ကြည့်ရှုလေ့လာစဉ်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံ ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်နှင့်အဖွဲ့သည် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး အစည်းအဝေးခန်းမ၌ ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့၏ ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံခဲ့ရသည့် ဟိန္ဒူဘာသာဝင်များနှင့်တွေ့ဆုံပြီး ပြန်လည်ဝင်ရောက်လာသူများအား လုံခြုံရေး၊ ကျန်းမာရေးနှင့် ရှင်သန်ရပ်တည်နေရသည့် အခြေအနေများ၊ အကြမ်းဖက်မှုဖြစ်စဉ်အတွင်း ကြုံတွေ့ခံစားခဲ့ကြရသည့် အကြောင်းအရာများနှင့် ဖွံ့ဖြိုးရေးလိုအပ်ချက်များကို မေးမြန်းကြသည်။

ထို့နောက် Religions for Peace (RfP) အဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဆွေက ဟိန္ဒူဘာသာဝင်များအား ထောက်ပံ့လှူဒါန်းငွေများပေးအပ်သည်။

### ပန်းတောပြင်ကျေးရွာ

ယင်းနောက် နိုင်ငံတကာနှင့် ပြည်တွင်းမှ Religions for Peace (RfP) နှင့် ဘာသာပေါင်းစုံအဖွဲ့ဝင်များသည် ပန်းတောပြင်ကျေးရွာသို့ ရောက်ရှိကြရာ ပန်းတောပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအန်နိုဝါက ကျေးရွာသစ်တည်ဆောက်ထားရှိမှု အခြေအနေများနှင့် ပန်းတောပြင်ကျေးရွာ၏ လူမှုစီးပွားအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ကျေးရွာအတွင်းရှိ အခြေခံပညာကျောင်းများ၏ စာပေသင်ကြားမှုအခြေအနေများ၊ အစ္စလာမ်ဘာသာဝင်များ၏ ဘာသာရေးစာပေသင်ကြားမှုအခြေအနေများနှင့် ဘာသာပေါင်းစုံ သဟဇာတဖြစ်စွာ နေထိုင်နိုင်မည့်အခြေအနေများကို မေးမြန်းကြသည်။

### ကိုင်းကြီး(မြို့)ကျေးရွာ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် မြန်မာနိုင်ငံ ကက်သလစ်ဂိုဏ်းချုပ်ဆရာတော် ကာဒီနယ်ချားလ်စ်ဘိုလ် ဦးဆောင်သည့်အဖွဲ့သည် ကိုင်းကြီး(မြို့)တိုင်းရင်းသားကျေးရွာသို့ရောက်ရှိကြရာ ကျေးရွာတာဝန်ခံ ဦးစံထွန်းက ကိုင်းကြီးကျေးရွာ အကြမ်းဖက်တိုက်ခိုက်ခံရသည့် အခြေအနေများ၊ နိုင်ငံတော်အစိုးရ၏ ထောက်ပံ့ကူညီမှုများနှင့် ကိုင်းကြီး(မြို့) ကျေးရွာသစ်တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတကာနှင့် ပြည်တွင်းမှ Religions for Peace (RfP) နှင့် ဘာသာပေါင်းစုံအဖွဲ့ဝင်များသည် စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ အကြောင်းအရာများ၊ ပညာရေးဆိုင်ရာအကြောင်းအရာများနှင့် နှစ်ဖက်အသိုက်အဝန်း သဟဇာတဖြစ်စွာ နေထိုင်နိုင်မည့်ကိစ္စရပ်များကို မေးမြန်းကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံ ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်တို့ ဦးဆောင်သည့်အဖွဲ့သည် တပ်မတော်ရဟတ်ယာဉ်ဖြင့် မောင်တောမြို့မှ စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တာဝန်ရှိသူများသည် ကမ္ဘောဇလေကြောင်းလိုင်းဖြင့် မေ ၂၆ ရက် မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် လည်းကောင်း၊ မြန်မာနိုင်ငံ ကက်သလစ်ဂိုဏ်းချုပ်ဆရာတော် ကာဒီနယ်ချားလ်စ်ဘိုလ် ဦးဆောင်သည့် နိုင်ငံတကာနှင့် ပြည်တွင်းမှ Religions for Peace (RfP) နှင့် ဘာသာပေါင်းစုံအဖွဲ့သည် မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် မေ ၂၆ ရက် ညနေ ၃ နာရီ ၁၀ မိနစ်တွင်လည်းကောင်း ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိခဲ့ကြပြီး ယနေ့တွင် မောင်တောဒေသသို့ သွားရောက်ကြည့်ရှုလေ့လာကြခြင်းဖြစ်သည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံ ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်နှင့်အဖွဲ့ တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်း၌ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုလေ့လာစဉ်။




ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံ ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်နှင့်အဖွဲ့ ပန်းတောပြင်ကျေးရွာ၌ အခြေခံပညာ စာပေသင်ကြားမှုအခြေအနေများနှင့် ဘာသာရေးစာပေသင်ကြားမှုအခြေအနေများကို တွေ့ဆုံမေးမြန်းစဉ်။

# မြောက်နဝင်းဆည်ရေသောက်စနစ်များ ပြုပြင်ပြီးပါက စိုက်ဧက ၅၀၀၀၀ ကျော် စိုက်ပျိုးရေပေးဝေနိုင်မည်

**ပြည် မေ ၂၇**
မြောက်နဝင်းဆည်ရေသောက်စနစ်များ အဆင့်မြှင့်တင်ပြုပြင်ပြီးစီးပါက စိုက်ပျိုးဧက ၅၃၁၆၈ ဧကကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။



မြောက်နဝင်းရေလှောင်တမံကို ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ဆီဆုံကုန်းကျေးရွာအနီး မြောက်နဝင်းချောင်းကို ပိတ်၍ တည်ဆောက်ထားပြီး ကန်ရေပြည့် ရေလှောင်ပမာဏ ဧက ပေ ၂၉၁၀၀ ရှိကြောင်း သိရသည်။

ယခင်က မိုးစပါးအတွက် အောင်ရေလိုအပ်မှုသာ ရေပေးဝေခဲ့သော်လည်း ယခုအခါ ပျိုးထောင်ရေ၊ ပင်ဖြစ်ရေ၊ အောင်ရေများ ပေးဝေလာရသည့်အပြင် မိုးစပါးထက် ရေပိုပေးရသည့် နွေစပါးအတွက်ပါ ရေများ ပိုမိုပေးဝေရခြင်း၊ ရေပေးဝေမြောင်းများမှာ တစ်နှစ်ပတ်လုံး ရေပေးဝေခြင်းလုပ်ငန်းကို နားရက်မရှိ ပေးဝေလာရခြင်း၊ ရေအနည်းငယ်ဖြင့် စိုက်ပျိုးနိုင်သည့် ရာသီသီးနှံများ၊ အထူးသဖြင့် ယခင်က စီမံကိန်းသီးနှံဖြစ်သော ချည်မျှင်ရှည်ဝါအစား တစ်နှစ်ပတ်လုံး ရေပေးဝေနေရသည့် စပါးသီးနှံကို ပြောင်းလဲစိုက်ပျိုးလာခြင်း၊ နှစ်ကာလကြာမြင့်လာသည့်တိုင်အောင် ထိရောက်သော အကြီးစားပြင်ဆင်ခြင်း၊ အထူးပြင်ဆင်ခြင်းများမရှိဘဲ ရေပေးဝေမြဲသာ ပေးဝေနေခြင်း၊ တူးမြောင်းအတွင်း သဲနုန်းများ ပို့ချလာခြင်း၊ ရေမှော်နှင့် သစ်ပင်ငယ်များပေါက်လာခြင်း၊ တူးမြောင်းပေါင်နိမ့်ကျလာခြင်း၊ တူးမြောင်းကွန်ကရစ်နှင့် အုတ်လိုင်နင်များ ပြန်လည်ပြုပြင်ရန် လိုအပ်လာသဖြင့် ဆည်ရေအပြည့်အဝ မပေးနိုင်တော့ခြင်း၊ တူးမြောင်းပေါင်များ အားနည်းလာခြင်း၊ ရေနုတ်မြောင်းများ တိမ်ကောလာခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)တို့၏ သဘောတူညီချက်အရ ODA ချေးငွေဖြင့် မြောက်နဝင်းဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ခုနှစ်မှ ၂၀၁၈-၂၀၁၉ ခုနှစ်အထိ စီမံကိန်းကာလ ငါးနှစ်ဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၂)က တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြောက်နဝင်းရေလှောင်တမံနှင့် ဆည်ရေသောက်စနစ်ကို ၁၉၆၇-၁၉၆၈ ခုနှစ်တွင် ယူဂိုစလပ်နိုင်ငံ အီနာဂိုပရောဂျက်အင်ဂျင်နီယာအဖွဲ့နှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မြန်မာအင်ဂျင်နီယာများက စတင်တည်ဆောက်ခဲ့ပြီး ၁၉၈၀-၁၉၈၁ ခုနှစ်တွင် ပြီးစီးခဲ့သည်။

**ထိန်လင်း(မန်းတက္ကသိုလ်)**

# သောက်သုံးရေ ဖူလုံရေး စက်ရေတွင်းတူးဖော် လှူဒါန်း

**ကျောက်ဆည် မေ ၂၇**
ကျောက်ဆည်မြို့ ဟံမြင့်မိုရ်ကျေးရွာနှင့် ရဲဘော်ကြီးကျေးရွာအုပ်စု နုံးတောကျေးရွာပြည်သူများအတွက် ရန်ကုန်တက္ကသိုလ်အခြေခံပညာဆုရရှိသူများအဖွဲ့သည် မေ ၂၆ ရက်က သောက်သုံးရေဖူလုံရေး စက်ရေတွင်း တူးဖော်လှူဒါန်းခဲ့ရာ စက်ရေတွင်းများနှင့် သက်ဆိုင်သည့် အချက်အလက်များကို အလှူရှင်များအဖွဲ့၏ကိုယ်စား ဦးမောင်မောင်စိုးက လက်မှတ်ရေးထိုးခဲ့ပြီး ကျေးရွာရေပေးဝေရေးကော်မတီထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

တူးဖော်လှူဒါန်းခဲ့သည့် စက်ရေတွင်းသည် အကျယ် လေးလက်မ၊ အနက် ပေ ၂၆၀ ရှိပြီး ရေထွက်ကောင်းသောကြောင့် သောက်သုံးရေအပြင် အခြားသုံးရေများပါ လုံလောက်မှုရှိသဖြင့် အဆိုပါကျေးရွာနေ ပြည်သူများ ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လှိုင်သာယာတွင် မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး ဟောပြော

**လှိုင်သာယာ မေ ၂၇**
မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးအထိမ်းအမှတ် စာပေဟောပြောပွဲကို လှိုင်သာယာမြို့နယ် အမှတ်(၁၉)ရပ်ကွက် အောင်ဗောဓိမ္ဗာရုံ၌ အောင်ဗောဓိ စာကြည့်တိုက်က ကြီးမှူး၍ မေ ၂၇ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး အထိမ်းအမှတ် ဟောပြောပွဲတွင် စာရေးဆရာ ထန်းတပင်စန်းလွင်နှင့် စာရေးဆရာ ခိုင်ချစ်အောင်တို့က မူးယစ်ဆေးဝါးဆိုင်ရာ ဆိုးကျိုးများနှင့် မူးယစ်ဆေးဝါးသုံးစွဲသူများ တွေ့ကြုံရမည့် လူမှုရေး၊ စီးပွားရေးနှင့် အသက်အန္တရာယ်ဆိုင်ရာ ဘေးဒုက္ခများအကြောင်းကို ဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



အမှိုက်လျှော့ချရေး အသိပညာပေးဆွေးနွေးပွဲ၌ စွန့်ပစ်အမှိုက်ဖြစ်သော ရေသန့်ဘူးများဖြင့် အလှဆင်ထားသည်ကို တွေ့ရစဉ်။

# စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုလျှော့နည်းစေရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် မေ ၂၇**
ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပစေရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် စွန့်ပစ်အမှိုက်များလျှော့ချရေး၊ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှု လျှော့နည်းစေရေးနှင့်အတူ စွန့်ပစ်ပစ္စည်းများမှ လူ့အသုံးအဆောင်ပစ္စည်းများပြုလုပ်ကာ ပြန်လည်အသုံးပြုနိုင်စေရေး ရည်ရွယ်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ Clean Yangon Campaign နှင့် အမှိုက်ကောက်ပရဟိတအဖွဲ့ ၅၀ ကျော်တို့က ပူးပေါင်းစီစဉ်ကျင်းပသော Clean Yangon Campaign နှစ်ပတ်လည်အခမ်းအနားနှင့် အမှိုက်လျှော့ချရေး အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားကို ယနေ့ ညနေ ၅ နာရီက ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ရှိ မဟာဗန္ဓုလပန်းခြံ၌ ကျင်းပသည်။

"ဒီလိုမျိုးပွဲတွေ အများကြီးလုပ်ဖို့လိုပါတယ်၊ ဒီလိုလုပ်တဲ့အတွက် အများကြီးထိရောက်ပါတယ်၊ စွန့်ပစ်တဲ့အမှိုက်သိမ်းနေရုံနဲ့မပြီးပါဘူး၊ အမှိုက်တွေကို စနစ်တကျစွန့်ပစ်ဖို့၊ အမှိုက်ခွဲခြားစွန့်ပစ်ဖို့၊ အမှိုက်ကို လျှော့ချဖို့ ပညာပေးအစီအစဉ်တွေ အများကြီးလိုအပ်ပါတယ်၊ စည်းကမ်းပိုင်းအနေနဲ့က အရင်ထက်စာရင် တိုးတက်လာတာတွေ့ရပါတယ်၊ အရင်တုန်းကဆိုရင် အမှိုက်ကိုစနစ်တကျ မစွန့်ပစ်ကြတာများတယ်၊ အခုလို ပရဟိတအဖွဲ့တွေ၊ အနုပညာရှင်တွေ ပူးပေါင်းလာတာဖြစ်တဲ့အတွက် အများကြီးတိုးတက်လာပါတယ်"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ အနောက်ပိုင်းခရိုင်ဌာနမှူး ဌာနခွဲမှူး ဦးအောင်ထိုက်က ပြောသည်။

အဆိုပါပွဲသည် Clean Yangon Campaign တစ်နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားအနေဖြင့် အမှိုက်လျှော့ချရေး အသိပညာပေးဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ပြီး အမှိုက်လျှော့ချရေးနှင့်ပတ်သက်၍ စာရေးဆရာမ ဂျူး၊ စာရေးဆရာမ ဒေါ်သန်းမြင့်အောင်၊ ကိုရင်လှ (Extensionist)တို့က အသိပညာပေးဆွေးနွေးသွားမည်ဖြစ်သည်။

"အမှိုက်ကနေ ရွှေဆိုတဲ့အတိုင်းပဲ အမှိုက်ကထွက်တဲ့ စွန့်ပစ်ပစ္စည်းတွေကို လူ့အသုံးအဆောင်ပစ္စည်းတွေ လုပ်ထားတဲ့အခင်းအကျင်းတွေ ပြသမယ်၊ စွန့်ပစ်အမှိုက်တွေကို လိုက်လံပြီးတော့ကောက်တယ်၊ ရရှိလာတဲ့ ပစ္စည်းတွေကို လူ့အသုံးအဆောင်ပစ္စည်းတွေလုပ်ပြီး ပြန်လည်ရောင်းချတယ်၊ ရောင်းချလို့ရတဲ့ ငွေတွေကို ရန်ပုံငွေအနေနဲ့ပြန်သုံးပါတယ်"ဟု Clean Yangon Campaign မှ တာဝန်ခံ ကိုဇေယျာထွန်းက ပြောသည်။

အဆိုပါပွဲတွင် စွန့်ပစ်ပစ္စည်းများမှ လူ့အသုံးအဆောင်ပစ္စည်းများပြုလုပ်၍ ရောင်းချသော ဆိုင်ခန်းပေါင်း ၁၅ ခန်းပါဝင်ကာ အနုပညာရှင်များ၏ ဖျော်ဖြေရေးအစီအစဉ်များ၊ Clean Yangon သံချပ်အဖွဲ့၏ဖျော်ဖြေမှု၊ ပျိုးခင်း Child Center(သုဝဏ္ဏ)အဖွဲ့နှင့် Care Teens Charity အဖွဲ့တို့၏ အသိပညာပေးဇာတ်လမ်းဖြင့် ဖျော်ဖြေမှုများ ပါဝင်ကြောင်း သိရသည်။ **သတင်း-အေးမင်းသူ၊ ဓာတ်ပုံ-ဇာနည်မောင်**

# ပညာရေးဝန်ကြီးဌာန
# "၂၀၁၈-၂၀၁၉ ပညာသင်နှစ်"
# မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

❖ ကျောင်းသားဦးရေ တိုးတက်များပြားလာခြင်းကြောင့် လည်းကောင်း၊ ကျောင်းအပ်နှံနှုန်းမြင့်မားလာခြင်းကြောင့် လည်းကောင်း၊ ထပ်ကျော့ကျောင်းအပ်နှံခြင်းကြောင့် လည်းကောင်း၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကို လုံလောက်စွာ ဖြန့်ဝေပေးလိုပါသဖြင့် မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။

❖ **ငွေကြေး သို့မဟုတ် လက်ဆောင်ပစ္စည်း**များကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်း မပြုပါရန်။

❖ အသက် (၅) နှစ်ပြည့်သူတိုင်းအား သူငယ်တန်း(KG)တွင်လည်းကောင်း၊ အသက် (၆) နှစ်ပြည့်သူတိုင်းအား ပထမတန်း (Grade 1) တွင်လည်းကောင်း၊ ကျောင်းနေအရွယ်အားလုံး ကျောင်းအပ်နိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။

❖ မိဘများအနေဖြင့် မိမိသားသမီးအား ပူးပေါင်းဆောင်ရွက်တတ်၍ တာဝန်ယူ တာဝန်ခံ ဆောင်ရွက်တတ်သော တီထွင်ကြံဆနိုင်စွမ်းရှိသည့် လူသားကောင်းများ ဖြစ်လာစေရန်အတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေးဆောင်ရွက်ပါရန်။

❖ ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်မှန်ရေးနှင့် အိမ်စာမှန်မှန်လုပ်ဆောင်ရေးအတွက် မိဘများက ကြီးကြပ်၍ ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပေးပါရန်။

❖ သက်ဆိုင်ရာအတန်းများအလိုက် အခန်းဆုံးစစ်ဆေးခြင်းများကို ၂၀၁၈ ခုနှစ် ဇူလိုင်လတွင်တစ်ကြိမ်နှင့် ဒီဇင်ဘာလတွင် တစ်ကြိမ်၊ နှစ်လယ်စစ်ဆေးခြင်းကို အောက်တိုဘာလတွင် တစ်ကြိမ်၊ နှစ်ဆုံးစစ်ဆေးခြင်းကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် တစ်ကြိမ် စုစုပေါင်း (၄) ကြိမ်သာ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကျောင်းသား၊ ကျောင်းသူများ သင်ယူတတ်မြောက်မှု ကောင်းမွန်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပေးပါရန်။

❖ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်စေရေး မိမိသားသမီးများကို တိုက်တွန်းအားပေးပါရန်။

❖ မိဘဆရာအသင်းနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပါရန်။

❖ မူလတန်းအဆင့်တွင် ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း ကျောင်းသား၊ ကျောင်းသူများအားလုံး စာဖတ်တတ်ရန်၊ စာရေးတတ်ရန်၊ အခြေခံသင်္ချာတွက်ချက်တတ်ရန်အတွက် အလေးအနက်ထား ဆောင်ရွက်ပြီး ကျောင်းထွက်သူ လုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်နှင့် မျှဝေခြင်းဆိုင်ရာ အစီအစဉ်တွင်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပါရန်။

❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၃)၊ နေပြည်တော် (သို့မဟုတ်) dpsoffice@moe-mm.com သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

**ပညာရေးဝန်ကြီးဌာန**

❖ ကျောဖုံးမှ

ကွင်းဆင်းလေ့လာခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ပြန်လည်နေရာချထားရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် စခန်းတာဝန်ခံများနှင့် စခန်းအတွင်းနေထိုင်သူများက စခန်းပိတ်သိမ်းရေးအား လက်ခံသဘောတူပါကြောင်း သို့သော်လည်း မူလနေရာတွင် ပြန်လည်နေရာချထားပေးပါက အဆင်ပြေမည်ဖြစ်ကြောင်း၊ သို့မဟုတ်ပါက စခန်းနှင့် နီးကပ်ရာတွင် မြေကွက်သတ်မှတ်ပြီး နေအိမ်များ ဆောက်လုပ်ပေးနိုင်ရေး၊ လွတ်လပ်စွာ သွားလာခွင့်ရရှိရေး၊ စခန်းပိတ်သိမ်းသွားသော်လည်း ရိက္ခာများ ထောက်ပံ့ပေးရေး၊ ကျန်းမာရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ ပညာရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ တက္ကသိုလ်တက်ရောက်သင်ကြားနိုင်ရေး၊ နိုင်ငံသားပြုခွင့်ရရှိရေး စသည်တို့ကို ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီး ဦးစိုးအောင်က တင်ပြဆွေးနွေးချက်များသည် ရေရှည်ဆောင်ရွက်ရမည့်ကိစ္စများရှိသကဲ့သို့ ရေတိုဆောင်ရွက်ပေးရမည့် ကိစ္စများလည်း ပါဝင်ပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့ကလည်း တက္ကသိုလ်ပညာ ဆက်လက်ဆည်းပူးနိုင်ရေးအတွက် စာရင်းဇယားများ ကောက်ယူနေသည်ဟု သိရှိရပါကြောင်း၊ နိုင်ငံသားကတ် ကိုင်ဆောင်ထားသူများ၊ အမျိုးသားမှတ်ပုံတင်ကတ် ကိုင်ဆောင်ထားသူ၊ NVC ကတ်ကိုင်ဆောင်ထားသူများနှင့် လျှောက်ထားသူများလည်း ရှိသည်ကိုသိရှိရပါကြောင်း၊ အဆိုပါပုဂ္ဂိုလ်များအတွက် ဥပဒေအတိုင်းဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ရေရှည်လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။

ဆက်လက်၍ သံအမတ်ကြီးကလည်း ဂျပန်နိုင်ငံအစိုးရသည် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရတို့နှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး ဆွေးနွေးသွားမည်ဖြစ်ကြောင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး နည်းလမ်းများ ရှာဖွေကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် ဂျပန်သံအမတ်ကြီးတို့အဖွဲ့သည် စစ်တွေမြို့ရှိ ခေါင်းဒုတ်ကာ IDP စခန်း၊ ဘောဒူဖ IDP စခန်းများသို့ သွားရောက်ပြီး IDP စခန်းများ ပိတ်သိမ်းရေးနှင့် ပြန်လည်နေရာချထားရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စခန်းတာဝန်ခံများ၊ နေထိုင်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။



ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ဂျပန်သံအမတ်ကြီးတို့ ဦးဆောင်သောအဖွဲ့ သက္ကေပြင် IDP စခန်း တာဝန်ခံများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

ညနေပိုင်းတွင် ကျောက်တော်မြို့နယ် နိဒင် IDP စခန်းသို့ သွားရောက်ပြီး IDP စခန်း ပိတ်သိမ်းကာ ကျေးရွာနှင့် တစ်ဆက်တစ်စပ်တည်း ပြန်လည်နေရာချထားရန်အတွက် နေအိမ်များကို နေထိုင်မည့်သူများ ကိုယ်တိုင်ပါဝင်ဆောက်လုပ်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုကြသည်။

**သတင်းစဉ်**

# နေပြည်တော်-ပြည် အဆန်ရထား ဆင်ပေါင်ဝဲတွင် စက်ခေါင်းတွဲချော်

**ဆင်ပေါင်ဝဲ မေ ၂၇**

နေပြည်တော်မှ ပြည်သို့ မောင်းနှင်လာသည့် စက်ခေါင်းအမှတ် (RBE-5050) အမှတ်(၁၀၉)အတွဲနှစ်တွဲပါ အဆန်ရထားသည် ခရီးသည် ၅၀ ကို တင်ဆောင်မောင်းနှင်လာရာ ယနေ့နံနက် ၁၂ နာရီ မိနစ် ၄၀ တွင် ဆင်ပေါင်ဝဲမြို့နယ် ချောင်းကောက်ကျေးရွာအုပ်စု ကိုးပင်နယ်မြေရဲစခန်းတောင်ဘက် ရထားလမ်းမိုင်တိုင်(၂၂၇/၇)နှင့် (၂၂၈/၀)ကြားတွင် ရထားစက်ခေါင်း ရှေ့ဘီးချော်၍ လမ်းဝဲဘက်ခြမ်းသို့ တိမ်းစောင်းသွားခဲ့သည်။

အဆိုပါ ရထားတွဲချော်ကျမှုကြောင့် ရထားဝန်ထမ်းများနှင့် ခရီးသည်များ ထိခိုက်ဒဏ်ရာမရရှိကြောင်း သိရပြီး အထက်ပါရထားတွဲတွင် လိုက်ပါလာသည့် ခရီးသည်များကို ၎င်းတို့သွားရောက်လိုသည့်ခရီးစဉ်အတိုင်း သွားရောက်နိုင်ရေးအတွက် ရထားဝန်ထမ်းများက FAW ကားနှစ်စီးဖြင့် ကားဂိတ်သို့ လိုက်လံပို့ဆောင်ပေးခဲ့သည်။ ရန်ကုန်ဘူတာ (သို့မဟုတ်) တောင်တွင်းကြီးဘူတာမှ ရထားတွဲပြင် ကရိန်းဖြင့် ရထားသံလမ်းမပေါ် သို့ ပြန်လည်မတင်ဆောင်ရွက်ရန် စေလွှတ်သွားမည်ဖြစ်သည်။

ရထားလမ်းပျက်စီးမှုကို ကိုးပင်ဘူတာမှ အငယ်တန်းအင်ဂျင်နီယာ-၁ ဦးတင်ဆွေဦးပါ ၁၀ ဦး၊ ပြည်ရထားရဲတပ်ဖွဲ့စခန်းက သုံးဦး၊ ကိုးပင် နယ်မြေ ရဲစခန်းမှ ရဲအုပ်မျိုးညွန့် ဦးစီးသော ခုနစ်ဦးတို့က ရထားတွဲ ပြန်လည်ထွက်ခွာနိုင်ရေးနှင့် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။




**မိုးကိုကို(အောင်လံ)**

✱ မန္တလေး-ဗန်းမော်မှ

အဆိုပါလင်းပိုင်များအား ၎င်း၏မိဘများ လွှဲပြောင်းပေးခဲ့သည့် ၁၉၈၄ ခုနှစ်မှ စ၍ လင်းပိုင် ၇၂ ကောင်ကို တာဝန်ယူထိန်းသိမ်းလာခဲ့ရာ ၂၀၀၅ ခုနှစ် မေလမှ ၂၀၁၈ ခုနှစ် မေလအထိ လင်းပိုင်ကောင်ရေ ၂၉ ကောင် သေဆုံးခဲ့ပြီး ၎င်းတို့အနက် ၂၁ ကောင်မှာ ဘက်ထရီရှော့တိုက်မှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်မိဘတွေ လွှဲပြောင်းတဲ့ကာလမှာ လင်းပိုင်သေဆုံးမှုကို မှတ်တမ်းမပြုခဲ့ပေမယ့် ၂၀၀၅ ခုနှစ်ကစပြီး ပြုစုထားတဲ့ မှတ်တမ်းတွေအရ ၂၉ ကောင် သေဆုံးတယ်၊ မျက်မြင်ကိုယ်တွေ့ကတော့ ၂၁ ကောင်ပါ၊ သေဆုံးမှုအများစုကတော့ ဘက်ထရီရှော့တိုက်မှုကြောင့်ဖြစ်ပြီး ကျန်တဲ့ အကောင်တွေကတော့ ငါးပိုက်ငြိတာရယ်၊ အသက်အရွယ်ကြီးရင့်လာတာရယ်ကြောင့် သေဆုံးကြတာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

၂၀၁၄ ခုနှစ်မှစ၍ မြန်မာနိုင်ငံ သားငှက်ထိန်းသိမ်းရေးအဖွဲ့နှင့် ပူးပေါင်း၍ လင်းပိုင်များကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ရာ ၂၀၁၇ ခုနှစ်တွင် လူထုအခြေပြုခရီးသွားလုပ်ငန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ပြီး လူနှင့်လင်းပိုင်ပူးပေါင်း၍ ငါးဖမ်းသည့်ဓလေ့ကို နိုင်ငံတကာခရီးသွားများအား ပြသလျက်ရှိကြောင်း သိရသည်။

"အရင်ကတော့ ကျွန်တော်တို့ ဒေသခံတွေက လင်းပိုင်အကူအညီနဲ့ မိရိုးဖလာ ငါးဖမ်းတဲ့ဓလေ့ပဲရှိခဲ့တယ်၊ အခု နောက်ပိုင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့၊ ငါးလုပ်ငန်းဦးစီးဌာနနဲ့ ဒေသခံပြည်သူတွေ ပူးပေါင်းပြီး လင်းပိုင်တွေကို ထိန်းသိမ်းစောင့်ရှောက်နေတယ်၊ ကျွန်တော်တို့ ဒေသခံတော်တော်များများက ဒီလင်းပိုင်တွေနဲ့တွဲပြီး လုပ်ကိုင်စားသောက်နေရတဲ့အတွက် သူတို့ကို ဂရုတစိုက်ထိန်းသိမ်းစောင့်ရှောက်နေပေမယ့် စည်းကမ်းမဲ့သူတချို့ကြောင့် လင်းပိုင်တွေ သေဆုံးနေကြရတယ်"ဟု ဦးမောင်မောင်လေးက ရှင်းပြသည်။

ထို့ပြင် ၂၀၁၇ ခုနှစ်မှ ၂၀၁၈ ခုနှစ် မေလအတွင်း မန္တလေး-ကျောက်မြောင်း လင်းပိုင်ထိန်းသိမ်းရေးဇုန်အတွင်း လင်းပိုင် သုံးကောင်၊ ထီးချိုင့်-ရွှေကူဇုန်အတွင်း လင်းပိုင်နှစ်ကောင်၊ ကသာ-ဗန်းမော်ဇုန်အတွင်း တစ်ကောင် မွေးဖွားခဲ့ကြောင်း သိရသည်။

လက်ရှိတွင် လင်းပိုင်များကို မန္တလေး-ဗန်းမော်ကြား လင်းပိုင်ထိန်းသိမ်းရေးဇုန်အတွင်း ဇုန်သုံးခုခွဲ၍ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိရာ မန္တလေး-ကျောက်မြောင်း ထိန်းသိမ်းရေးဇုန်တွင် လင်းပိုင် ၂၆ ကောင်၊ ထီးချိုင့်-ရွှေကူ ထိန်းသိမ်းရေးဇုန်အတွင်း ၁၃ ကောင်နှင့် ဗန်းမော်-ကသာ ထိန်းသိမ်းရေးဇုန်အတွင်း ၃၇ ကောင် စုစုပေါင်း လက်ရှိတွင် လင်းပိုင်ကောင်ရေ ၇၆ ကောင် ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

❍ အာရှအားကစားပြိုင်ပွဲမှ

ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့်အားကစားနည်းများအနက် ပိုက်ကျော်ခြင်းအဖွဲ့သည် ၂၀၁၄ အာရှအားကစားပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ရယူပေးခဲ့ပြီး ယခုပြိုင်ပွဲတွင်လည်း အောင်မြင်မှုထပ်ရရန် ရေပန်းစားလျက်ရှိသည်။ မြန်မာအားကစားအဖွဲ့သည် တောင်ကိုရီးယားနိုင်ငံ အင်ချွန်းမြို့၌ ကျင်းပသည့် ၂၀၁၄ အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် တစ်ခုရခဲ့ပြီး ယင်းဆုတံဆိပ်အားလုံးကို မြန်မာပိုက်ကျော်ခြင်းအဖွဲ့က ရယူပေးခဲ့ခြင်းဖြစ်သည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲမှ ရလဒ်များအပေါ် အခြေခံ၍ အားကစားနည်းများရွေးချယ်ခဲ့သလို အားကစားအဖွဲ့ချုပ်များအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်လိုသည့် အားကစားနည်းများကိုလည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် ရွှေတံဆိပ်ရခဲ့သည့် ပိုက်ကျော်ခြင်း၊ ဝူရှူး၊ သေနတ်ပစ်အားကစားနည်းများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သလို အမျိုးသားဘောလုံး၊ အမျိုးသားဘော်လီဘော၊ လှေလှော်နှင့် မြားပစ်ပြိုင်ပွဲများတွင်လည်း ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲ ယှဉ်ပြိုင်ရန် အားကစားနည်းအလိုက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး အမျိုးသားဘောလုံးအသင်းမှာမူ ၁၉၉၄ ခုနှစ်နောက်ပိုင်း တစ်ကျော့ပြန် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ အာရှအားကစားပြိုင်ပွဲကို ဩဂုတ် ၁၈ ရက်မှ စက်တင်ဘာ ၂ ရက်အထိ အင်ဒိုနီးရှားတွင် ကျင်းပမည်ဖြစ်ပြီး အားကစားနည်း ၄၀ မှ ပြိုင်ပွဲအမျိုးအစား ၄၆၂ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်သည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

# တစ်ကိုယ်တော်နှင့် အခြားဝတ္ထုများ ဘာသာပြန်စာအုပ်မိတ်ဆက်ပွဲ ကျင်းပ



**ရန်ကုန် မေ ၂၇**

ဘာသာပြန်သူ ဝိုင်အနီ၏ တစ်ကိုယ်တော်နှင့် အခြားဝတ္ထုများ ဘာသာပြန်စာအုပ် မိတ်ဆက်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ရှမ်းရိုးရာ စားသောက်ဆိုင်၌ ကျင်းပသည်။

အခမ်းအနားတွင် စာရေးသူ အောင်အောင်(IR)၏ ခြောက်အုပ်မြောက် ထုတ်ဝေသည့် အိမ်ထောင်ရေးနှင့် အခြားဆောင်းပါးများစာအုပ် မိတ်ဆက်ပွဲကို ပူးတွဲပြုလုပ်ခဲ့ပြီး စာဖတ်ပရိသတ်များ၊ မိတ်ဆွေ သူငယ်ချင်းများ၊ မီဒီယာများ စုစုပေါင်း ၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ပညာရေးဝန်ကြီးဌာန
"၂၀၁၈-၂၀၁၉ ပညာသင်နှစ်"
အသိပေးကြေညာချက်
❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။
❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။
ပညာရေးဝန်ကြီးဌာန

# သားပိုက်ကောင် ရုပ်ရှင်ဇာတ်ကား ဇွန် ၈ ရက်မှစ၍ တစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံများတွင် ပြသမည်

ရန်ကုန် မေ ၂၇

**အားမာန်ရုပ်ရှင်ထုတ်လုပ်ရေးမှ စီစဉ်သည့် "သားပိုက်ကောင်" ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး ဇွန် ၈ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။**



ဒါရိုက်တာ စတီးလ် (ဒွေးမေတ္တာ)



အကယ်ဒမီ ထွန်းထွန်း





ရွှေသမီး



အကယ်ဒမီ စိုးမြတ်သူဇာ

ဒါရိုက်တာ စတီးလ် (ဒွေးမေတ္တာ)က အဘွားနှင့် မြေးအကြား ချစ်မေတ္တာ သံယောဇဉ်ကို အဓိကအခြေခံ ရိုက်ကူးထားသည့် "သားပိုက်ကောင်" ရုပ်ရှင်ဇာတ်ကားတွင် အဘွားဒေါ်ရင်နစ်အဖြစ် အကယ်ဒမီ စိုးမြတ်သူဇာ၊ ဖိုးရွှေလမင်း (ခေါ်) ရွှေဂျိုးလေးအဖြစ် အကယ်ဒမီ ထွန်းထွန်း၊ မေယဉ်ကျေးအဖြစ် ရွှေသမီးတို့က အဓိကသရုပ်ဆောင်များအဖြစ် ပါဝင်ထားပြီး အကယ်ဒမီ မင်းဦး၊ နေဆန်း၊ ဒိန်းဒေါင်နှင့် ရုပ်ရှင်သရုပ်ဆောင်များစွာနှင့်အတူ ကလေးသရုပ်ဆောင်များ ပါဝင်ရိုက်ကူး ပုံဖော်ထားသည့် ရုပ်ရှင်ဇာတ်ကား ဖြစ်သည်။

ဒါရိုက်တာ စတီးလ် (ဒွေးမေတ္တာ) က "ဒီဇာတ်ကားမှာ မိဘတွေ ငယ်စဉ်က ကွယ်လွန်သွားတာကြောင့် အဘွားဖြစ်သူက စောင့်ရှောက်ခဲ့တာကို အခြေခံပြီး သားအချစ် မြေးအနှစ်ဆိုသလို မြေးလေးကို အချစ်ပိုပြီး ပြုစုပျိုးထောင်ပေးခဲ့တဲ့အကြောင်းကို အခြေခံပြီး ရိုက်ကူးခဲ့တဲ့ဇာတ်ကားပါ၊ ဒီဇာတ်ကားထဲမှာ ပြောတဲ့ စကားလုံးကအစ၊ ပြောမယ့်ဟန်၊ မကြားဝံ့မနာသာ စကားမျိုးတွေမပါတဲ့ အိုက်တင်မျိုးလည်းပါရအောင် စဉ်းစားပြီး အဘွားနေရာက သရုပ်ဆောင် စိုးမြတ်သူဇာနဲ့ ဒီဇာတ်လေးရိုက်ကူးခဲ့ခြင်း ဖြစ်ပါတယ်၊ ကျွန်တော်ရိုက်ကူးခဲ့တာ ရုပ်ရှင်ဇာတ်ကားပေါင်း ၂၀ ကျော်ပါပြီ၊ တစ်ကားနဲ့တစ်ကား ဇာတ်လမ်းလည်း မတူပါဘူး၊ ပုံသဏ္ဌာန်လည်း မတူပါဘူး၊ ချစ်ခြင်းမေတ္တာတရားတွေ မေ့သွားမှာစိုးရိမ်မိတဲ့အတွက်ကြောင့် ဒီဇာတ်ကားကို ထုတ်ပြတဲ့သဘောပါ၊ ရုံတင်မယ့်ရက်က ဇွန်လ ၈ ရက်နေ့မှာ ရုံတင်မှာပါ၊ ရန်ကုန်မြို့က ရုပ်ရှင်ရုံတွေအပါအဝင် မြန်မာတစ်ပြည်လုံးမှာ ပြသသွားမှာ ဖြစ်ပါတယ်၊ ပရိသတ်တွေကို လာကြည့်စေချင်ပါတယ်၊ ဒီဇာတ်ကားလေးက တစ်မျိုးထူးခြားတဲ့ ဇာတ်ကားပါ၊ ပရိသတ်ကို ပြောချင်တာက လူကြီး၊ လူငယ်၊ လူလတ် အားလုံးကြည့်လို့ရတဲ့ ဇာတ်ကားပါ"ဟု ပြောသည်။

"သားပိုက်ကောင်" ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်ခဲ့သည့် အကယ်ဒမီ စိုးမြတ်သူဇာက "ဒီရုပ်ရှင်ဇာတ်ကားမှာ အဘွားနေရာကနေ သရုပ်ဆောင်ထားပါတယ်၊ ဒီဇာတ်ကားမှာ စကားပြောတဲ့အခါ အညာဒေသဘက်က စကားပြောသလို ပြောထားပါတယ်၊ အဘွားဆိုပေမယ့် မြေးလုပ်တဲ့သူက အမေကြီးလို့ခေါ်တယ်၊ အဘွားကို အမေကြီးလို့ခေါ်တဲ့ ဓလေ့တွေရှိတယ်လေ၊ ထွန်းထွန်းနဲ့ မြေးအဘွား လုပ်ရတာလည်း အဆင်ပြေတယ်၊ အတတ်နိုင်ဆုံးကြိုးစားပြီး သရုပ်ဆောင်ထားပါတယ်၊ ပရိသတ်တွေ လာကြည့်ပေးပါလို့ ပြောချင်ပါတယ်၊ အမေကြီး သရုပ်ဆောင်က လက်မြန်ခြေမြန် ဇာတ်ကောင်ပေါ်လွင်ပြီး အသက်ကြီးပေမယ့် ကျန်းမာတယ်၊ စိတ်ဓာတ်ကလည်း မာတယ်၊ နေရာတကာမှာ ပါတယ်၊ သင့်တော်လား မသင့်တော်ဘူးလားဆိုတာ မသိဘူးဆိုတဲ့ ဇာတ်ကောင် ပေါ်လွင်အောင် သရုပ်ဆောင်ထားပါတယ်၊ ဒီဇာတ်ကားက မြေးအဘွားနှစ်ယောက်ရဲ့ သံယောဇဉ် ချစ်ခြင်းမေတ္တာကို ပြထားတာပါ၊ အဘွားက မွေးကတည်းက စောင့်ရှောက်လာခဲ့တာ၊ အဘွားတွေနဲ့ ခေတ်လူငယ်တွေမှာ လွဲတာလေးတွေရှိမှာပေ့ါ၊ အမြင်မတူမှုတွေနဲ့ လွဲချော်မှုတွေကို နားလည်ပေးနိုင်ရင် အင်မတန်ချစ်ဖို့ကောင်းပါတယ်၊ ဒီကားလေးက အရင်ရိုက်တဲ့ဇာတ်ကားတွေနဲ့ မတူပါဘူး၊ ရယ်စရာကားပေမယ့်လည်း အဓိပ္ပာယ်ရှိတယ်၊ ပတ်ဝန်းကျင်မှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘောသဘာဝတွေနဲ့ ထူးခြားပါတယ်လို့ ပြောချင်ပါတယ်"ဟု ပြောသည်။

အကယ်ဒမီထွန်းထွန်းက "အားမာန်ရုပ်ရှင်ထုတ်လုပ်ရေးကနေ ယုံကြည်စွာနဲ့ ကျွန်တော့်ကို စာချုပ်ချုပ်ခဲ့တာပါ၊ ခေါင်းဆောင်မင်းသားအနေနဲ့ သရုပ်ဆောင်ရတာဖြစ်တဲ့အတွက် တာဝန်လည်း ကြီးပါတယ်၊ ကျွန်တော် အကယ်ဒမီမရခင်ကတည်းက ရိုက်ကူးခဲ့တဲ့ ကားဖြစ်ပါတယ်၊ သရုပ်ဆောင်တဲ့အပိုင်းမှာဆိုရင် ဒါရိုက်တာ ကိုစတီးလ် လိုချင်တဲ့အတိုင်း အကောင်းဆုံးဖြစ်အောင် ကြိုးစားပြီး သရုပ်ဆောင်တယ်၊ နောက်တစ်ခုက မိဘမေတ္တာဘွဲ့မှာတောင် ၅၂၈ မှာမှ အဓိကက အဖေ၊ အမေမေတ္တာ မဟုတ်ဘဲနဲ့ မြေးအဘွား မေတ္တာကို ပုံဖော်ထားတာဖြစ်တဲ့အတွက် မြေးဇာတ်ကောင်စရိုက်နဲ့ ပါဝင်သရုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်၊ ဒီဇာတ်ကားကြည့်ရင်းနဲ့လည်း ကျွန်တော် အသိတစ်ခုရလာတယ်၊ မိဘနဲ့ မိသားစုကိုလည်း တကယ်အချိန်ပေးဖို့လိုသေးတယ်ပေ့ါ၊ ပိုက်ဆံတွေ အများကြီးရှာတာထက် မိဘကို ပိုပြီးတော့ အချိန်ပေးသင့်တယ်လို့ ကျွန်တော်ထင်ပါတယ်၊ မိသားစုတစ်ခုမှာတော့ အဓိကပြဿနာက အမြင်မတူတာပါ၊ အဲဒီလိုမဖြစ်အောင် ဘယ်လိုမျိုးအကောင်းဆုံးဖြစ်အောင် နေမလဲဆိုတာ ကျွန်တော်အမြဲတွေးပါတယ်။

ဇာတ်ကောင်စရိုက်အရ မေယဉ်ကျေးကို မြင်မြင်ချင်း ချစ်ခင်နှစ်သက်တဲ့ ပုံစံကို ပြတယ်၊ ယောကျ်ားကြိုက်တော့ ဆိုက်ဆိုက်လာဆိုတဲ့အတိုင်း ကောင်လေးတစ်ယောက်က ကောင်မလေးတစ်ယောက်ကို ချဉ်းကပ်တယ်၊ ပိုးပန်းတယ်၊ ဒီကောင်မလေးရှိတဲ့နေရာကို နည်းပေါင်းစုံနဲ့ သွားတယ်၊ အဲဒါကို ဒါရိုက်တာ ကိုစတီးလ်အနေနဲ့ ဟာသအမြင်လေးနဲ့ ပရိသတ်သဘောကျအောင် ရိုက်ပြသွားတယ်၊ ဒီဇာတ်ကားမှာ နောက်ဆုံး အဘွားကို ပြောလိုက်တဲ့စကားတွေဆိုရင် စိတ်ထဲမှာရှိနေတဲ့ စကားတွေကို အဘွားကိုပဲ အပြစ်ပုံချပြောလိုက်တဲ့ သဘောနဲ့ သရုပ်ဆောင်ထားပါတယ်၊ ကျွန်တော်အပါအဝင် လူတွေတော်တော်များများက အပြင်မှာ အဆင်မပြေလာသမျှ တစ်ခုခုဆိုရင် ကိုယ့်မိသားစုကိုပဲ အပြစ်ပုံချလေ့ရှိတယ်၊ ပေါက်ကွဲလေ့ရှိတယ်လို့ပဲ ထင်ပါတယ်၊ ကျွန်တော်ကိုယ်တိုင်လည်း အဲဒီလို ဇာတ်ကောင်စရိုက်နဲ့ သရုပ်ဆောင်ခွင့်ရတဲ့ အထဲမှာ သရုပ်ဆောင်လိုက်ပါတယ်၊ အဓိကကတော့ ကိုယ့်အမှားကိုသိပြီး ပြုပြင်ဖို့လိုတယ်လို့ ထင်ပါတယ်၊ မှားနေတာကို မမှားဘူးဆိုပြီး ဇွတ်တင်းခံနေရင်တော့ အဆင်ပြေမယ် မထင်ပါဘူး။

မကြီးစိုးနဲ့ ရိုက်ကွင်းမှာ တွဲပြီး သရုပ်ဆောင်တဲ့အခါ အဘွားအဘွားနဲ့ ခေါ်ပြီး ရိုက်တာပါပဲ၊ အခက်အခဲ အထွေအထူးတော့ မရှိပါဘူး၊ ဒီကာရိုက်တာမျိုးက ကျွန်တော်ရိုက်လည်း ရိုက်ခဲပါတယ်၊ ငယ်ငယ်သန့်သန့်ပြန့်ပြန့်နဲ့ ရုံးတက်တဲ့ ပုံစံမျိုးကိုပေ့ါ၊ မိသားစုကို ဦးစားပေးတဲ့ ပုံစံမျိုးမြင်တွေ့ရမှာပါ၊ ကျွန်တော် ကြားဖူးတယ်၊ မိသားစုကို ဦးစားပေးတဲ့အခါမှာ အိမ်ထောင်ပြုရင် ယောကျ်ားကောင်းဖြစ်ဖို့ ခဲယဉ်းတယ်၊ အဲဒီလိုပဲ သားလိမ္မာဖြစ်တဲ့အခါမှာလည်း ယောကျ်ားကောင်းဖြစ်ဖို့ ခဲယဉ်းတယ်ဆိုတော့ ဒီဇာတ်ကောင်နှစ်ခုကြားမှာ ကျွန်တော် ဝေမျှပြီး သရုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်" ဟု ပြောသည်။

သရုပ်ဆောင် ရွှေသမီးက "ဒီဇာတ်ကားမှာ ခေါင်းဆောင်မင်းသမီးအနေနဲ့ သရုပ်ဆောင်ထားပါတယ်၊ ဒီသားပိုက်ကောင်ဆိုတဲ့ဇာတ်ကားအတိုင်း အဘွားနဲ့မြေးဇာတ်လေးပါ၊ ကိုယ်ပါဝင်ရတဲ့အပိုင်းကို သေချာကြိုးစားပြီး သရုပ်ဆောင်ထားပါတယ်၊ ဒီဇာတ်လမ်းကို မရိုက်ခင်ဖတ်တဲ့အခါမှာလည်း ကိုယ်တိုင်က အဘွားကိုချစ်တဲ့ လူတစ်ယောက်မို့ အခက်အခဲမရှိပါဘူး၊ ဒါကြောင့် ရိုက်ဖြစ်သွားတာပါ၊ မကြီးစိုးနဲ့ ကိုထွန်းတို့လည်း ပါဝင်တာကြောင့် တကယ်ကြိုက်တဲ့ ဇာတ်ကားလေးမို့ ရိုက်ဖြစ်တာပါ၊ ဒီဇာတ်ကားမှာ အဘွားနဲ့မြေးကို ဇာတ်ပို့ပေးရတာပါ၊ ကိုယ်တိုင်က မင်းသားရဲ့ချစ်သူတစ်ယောက်အနေနဲ့ သရုပ်ဆောင်ရပြီး မင်းသားရဲ့အဘွားကို မလိုတဲ့စကားတွေ ပြောပေးရတာပေ့ါ၊ ကိုယ်ပါဝင်ရတဲ့အပိုင်းမှာ အကောင်းဆုံးတော့ သရုပ်ဆောင်ထားတာပါ၊ ဒီဇာတ်ကားလေးရဲ့ နောက်ဆုံးမှာ စာတန်းထိုးသွားတာက "အဘွားဆိုတာ တစ်ချိန်တုန်းက အမေပါပဲ"၊ ကိုယ့်အဖေ ကိုယ့်အမေကို မွေးဖွားခဲ့တဲ့ အမျိုးသမီးတစ်ယောက်ပါ၊ ကိုယ်တိုင်လည်း အဘွားကို ချစ်ပါတယ်၊ အဘွားတွေအတွက် အမှတ်တရတွေ အများကြီးရှိပါတယ်၊ သရုပ်ဆောင် အကယ်ဒမီ ထွန်းထွန်းနဲ့ ကားရိုက်လည်း များခဲ့ပါပြီ၊ ဒီဇာတ်ကားမှာလည်း အပေးအယူမျှမျှ သရုပ်ဆောင်ခဲ့ပါတယ်" ဟု ပြောသည်။

"သားပိုက်ကောင်" ရုပ်ရှင်ဇာတ်ကားသည် သားအချစ် မြေးအနှစ်ဆိုသည့်အတိုင်း မြေးအပေါ်တွင် အချစ်ပိုသလို မြေးကလည်း အဘွား၏ချစ်မေတ္တာကို နားလည်ပြီး အဘွားအပေါ်ပိုပြီး ဂရုစိုက်ကာ ချစ်မေတ္တာတွေ ပေးဖို့ လိုအပ်ကြောင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့် မကိုက်ညီသည့် အဝတ်အစားမျိုး ဝတ်ဆင်သည့်အခါ လူရမ်းကားများ၏ နှောင့်ယှက်မှုကို ကြုံတွေ့ရနိုင်ကြောင်း၊ မိဘများကလည်း သားသမီးများအပေါ် ဆုံးမသွန်သင်ရန် လိုအပ်ကြောင်း၊ အညာကျေးလက်ဒေသ၏ ဓလေ့စရိုက်၊ ပွင့်ပွင့်လင်းလင်းပြောဆိုမှု၊ ရိုးသားမှု၊ လူအများအပေါ် ကူညီတတ်မှုများကို ဖော်ကျူးပြသထားကြောင်း၊ ချစ်သူထက် မိသားစုအပေါ် ပိုပြီးဂရုစိုက် တန်ဖိုးထားသည့် ဇာတ်ကားအဖြစ် ရိုက်ကူးပုံဖော်ထားကြောင်း သိရသည်။



သားပိုက်ကောင် ရုပ်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။

သတင်း-ဥမ္မာသန့်၊ မီမီဖြိုး
ဓာတ်ပုံ- ဇော်မင်းလတ်

# ကောလင်းမြို့နယ်၌ ဘိန်းမည်းရောင်းချသုံးစွဲနေသော မိသားစုအား ဖမ်းဆီးရမိ

**ကောလင်း မေ ၂၇**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် ကိုင်းကြီးကုန်းကျေးရွာ၌ မေ ၂၆ ရက် ညနေ ၅ နာရီခန့်က ဘိန်းမည်းများရောင်းချသုံးစွဲနေသော မိသားစုအား ဖမ်းဆီးရမိကြောင်း ခန်သာရဲကင်းစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ကောလင်းမြို့နယ် ကိုင်းကြီးကုန်းကျေးရွာနေ မောင်စိန်နေအိမ်၌ မူးယစ်ဆေးဝါးရောင်းချဖြန့်ဖြူးသုံးစွဲနေကြောင်း သတင်းအရ ရှာဖွေစစ်ဆေးရာ နေအိမ်အိပ်ခန်းထောင့်မှ ဘိန်းမည်းဟုယူဆရသော အထုပ်နှစ်ထုပ်တွေ့ရှိသဖြင့် သိမ်းဆည်းပြီး ဒေါ်လှညိုအား ခေါ်ဆောင်၍ ဆက်လက်ရှာဖွေရာ ပလတ်စတစ်အိတ်အဖြူရောင်ဖြင့် ထုပ်ထားသည့် ဘိန်းမည်းဟု ယူဆရသော အညိုရောင်ဆေးထုပ်၊ ဖျာအောက်မှ ပလတ်စတစ်အိတ်အဖြူရောင်ဖြင့် ထုပ်ထားသော အလေးချိန် ငါးဂရမ်ခန့်ရှိ အထုပ်တစ်ထုပ်နှင့်အတူ မူးယစ်ဆေးဝါးရောင်းချရငွေဟု ယူဆရသော ငွေစက္ကူရောရာများကို သိမ်းဆည်းရမိသည်။

ထို့နောက် ဘုရားခန်းတွင် အိပ်နေသော သားဖြစ်သူ ရှိန်းသက်ဦး၏ ခန္ဓာကိုယ်အား ရှာဖွေရာ “Adidas” စာတန်းတံဆိပ်ပါ အနက်ရောင် အားကစားဘောင်းဘီအတို ခါးကြားအတွင်းမှ ဘိန်းမည်းဟုယူဆရသော အညိုရောင်ဆေးများကပ်နေသည့် ပလတ်စတစ်အိတ်တစ်အိတ် ထပ်မံတွေ့ရှိရသဖြင့် သိမ်းဆည်းခဲ့သည်။ **ချစ်စံ(ခင်ဦး)**



# လောက်ကိုင်မြို့နှင့် ချင်းရွှေဟော်မြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၇**
မူးယစ်တပ်ဖွဲ့စု(၂၁)ကွမ်းလုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၆ ရက်က လောက်ကိုင်မြို့အဝင် ကြံခင်းပူးပေါင်းစစ်ဆေးရေးစခန်း၌ ရန်ဝိန်ရှုပ် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၅၀၊ တရုတ်ငွေယွမ် ၅၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ချင်းရွှေဟော်မြို့ အမှတ်(၂)ရပ်ကွက် ပယ်စိမ်းစိန် ဟိုတယ်ဘေးလမ်းကြားရှိ သံပိုက်လုံးပေါ်၌ ကျောပိုးအိတ်တစ်လုံးကို တွေ့ရှိရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀၀ ကို လည်းကောင်း။

အလားတူ ယင်းနေ့ မွန်းတည့် ၁၂ နာရီက မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်းမြို့နယ် နမ့်ခမ်း- မူဆယ်သွားကားလမ်း မြို့လယ်ဘုရားအနီး၌ မရန်ရှိုတီ(ခ)မရှိုတီအား ရှာဖွေရာ ဘိန်းဖြူ အလေးချိန် ၂၄၂ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅၈၀၀ တို့ကို လည်းကောင်း၊ ထို့အတူ နံနက် ၁၀ နာရီက မူးယစ်တပ်ဖွဲ့စု(၆)ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကသာမြို့နယ် ပင်းမလွတ်ကျေးရွာ မီးရထားသံလမ်းကူး၌ နေလင်းထွန်းမောင်းနှင်လာသည့် ဆိုင်ကယ်အား ရှာဖွေရာ ဘိန်းဖြူ ၃၃ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၉၂၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ယင်းနေ့ နံနက် ၈ နာရီခန့်က မူးယစ်တပ်ဖွဲ့စု (၁၈)မန္တလေး(တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ဇီးအုပ်ကျေးရွာအုပ်စု ဇီးအုပ်ကွက်သစ် ဇီးအုပ်ရွာလယ်လမ်း၌ ချစ်မိုးဆွေ မောင်းနှင်လာသည့် WISH မော်တော်ယာဉ်ကိုရှာဖွေရာ ဘိန်းဖြူအလေးချိန် ၁၁၀ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိပြီး ကွင်းဆက်အရ ချမ်းအေးသာစံမြို့နယ် သီရိဟေမာ အနောက်ရပ် ၉၁ လမ်းနှင့် ၉၂ လမ်းကြား ၂၆(ဘီ)လမ်း မြင့်မိုရ်ဦးဇေည့်ရိပ်မွန် အခန်းအမှတ်(A-8)ကို ရှာဖွေရာ မင်းခန့်နှင့် မဝင်းဝင်းသန့်တို့ကိုတွေ့ရှိရပြီး ဘိန်းဖြူ သုည ဒသမ ၂ ဂရမ်နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ နံနက် ၈ နာရီက မူးယစ်တပ်ဖွဲ့စု(၂၈)ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် လွိုင်မွေကျေးရွာအုပ်စု ဟိုလပ်(၂)ကျေးရွာနေ မဘူးလွန်၏ နေအိမ်ကိုရှာဖွေရာ မဘူးလွန်နှင့် ကျရဲတို့ကို တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၃၅၂၀ နှင့် ဘိန်းစိမ်း ၉၀ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



**ရန်ဝိန်ရှုပ်အား သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။**

# ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၇**
ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် မေ ၂၆ ရက်က VAN မော်တော်ယာဉ်နှစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Dream Bed Chair ခြောက်ခု၊ အမျိုးသမီးဝတ် ဘောင်းဘီ အထည် ၆၀၀ နှင့် အမျိုးသမီးဝတ်အင်္ကျီ အထည် ၁၂၄၀ (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၀၁ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မေ ၂၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၁၂၅၀၊ သွင်းကုန် ၉၈၄ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၃ စီး၊ သွင်းကုန် အစီး ၁၉၀ ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၀၁ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၃၁၇ သန်းခန့်) စုစုပေါင်းတားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၃၂၇ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်တွေမြို့နယ် သင်္ကေပြင်ကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

**စစ်တွေ မေ ၂၇**
စစ်တွေမြို့နယ် သင်္ကေပြင်ကျေးရွာ၌ မေ ၂၆ ရက် ည ၉ နာရီ ၂ မိနစ်တွင် နေအိမ်မီးဖိုခန်းရှိ မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးကူးစက်လောင်ကျွမ်းမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သင်္ကေပြင်ကျေးရွာနေ ဦးအေးမောင်(ခ)ဂျင်ဘုလ်နေအိမ်မီးဖိုခန်းရှိ မီးကြွင်းမီးကျန်မှု တစ်ဆင့် မီးကူးစက်ပြီး စတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ မီးလောင်ရာသို့ ပြည်နယ်မီးသတ်ဦးစီးမှူး ဦးသော်ဒါ၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးထွန်းနိုင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဟန်စိုး၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ် ငါးစီး၊ ရေသယ်ယာဉ်နှစ်စီး အုပ်ချုပ်မှုယာဉ် တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၉ နာရီ ၄၅ မိနစ်တွင် မီးလုံးဝငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုကြောင့် နေအိမ်တစ်လုံးမီးလောင်ဆုံးရှုံးခဲ့ပြီး တခြားနေအိမ်တစ်လုံးဖြိုဖျက်ခဲ့ရကြောင်း သိရသည်။ မီးပေါ့ဆမှုကြောင့် ဦးအေးမောင်(ခ)ဂျင်ဘုလ်အား စစ်တွေမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

# မိုးညှင်းခရိုင်တွင် တစ်ရက်အတွင်း မြေကမ်းပါးပြိုကျရာမှ သုံးဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ



**မြစ်ကြီးနား မေ ၂၇**
ကချင်ပြည်နယ် မိုးညှင်းခရိုင်အတွင်းရှိ အင်းတော်ကြီးဒေသ လုံးတုံနယ်မြေ မမုံကိုင်ကျေးရွာအနောက်ဘက်ရှိ ရွှေမှော်နှင့် ဖားကန့်မြို့နယ် ဝေ့ခါကျေးရွာ ရတနာကြယ်ကုမ္ပဏီလုပ်ကွက်တို့၌ မေ ၂၆ ရက် တစ်ရက်ထဲတွင် မြေကမ်းပါးယံပြိုကျရာမှ သုံးဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ကချင်ပြည်နယ်မီးသတ်ဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

ကချင်ပြည်နယ် မိုးညှင်းခရိုင် အင်းတော်ကြီးဒေသ လုံးတုံနယ်မြေ မမုံကိုင်ကျေးရွာအနောက်ဘက်ရှိ ရွှေမှော်တွင် မေ ၂၆ ရက် နံနက် ၁၀ နာရီခန့်က တစ်နိုင်တစ်ပိုင် ရွှေတူးဖော်နေစဉ် မြေကျင်းပြိုကျ၍မောင်ကျော်ဆန်းဝင်း(၁၇)နှစ် မရဲကိုင်ကျေးရွာနေသူနှင့် မဝါဝါခိုင်(၂၂)နှစ် ဆင်ဖြူကုန်းကျေးရွာနေသူတို့မှာ မြေကျင်းပိကာ သေဆုံးသွားခဲ့ပြီး မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ဝေ့ခါကျေးရွာ ရတနာကြယ်ကုမ္ပဏီလုပ်ကွက်တွင် မေ ၂၆ ရက် နံနက် ၁၁ နာရီခန့်က ကမ်းပါးပြိုကျမှုဖြစ်ပွားခဲ့ရာ ရေမဆေးကျောက်ရှာဖွေနေသူ ဦးသာကျော်(၄၈)နှစ် မှော်သစ်ကုန်းရပ်ကွက်နေသူမှာ မြေစာများပိမိ၍ သေဆုံးခဲ့ပြီး မောင်ဇော်လင်းဦး(၂၀)နှစ်မှာ ခါးအောက်ပိုင်း အနည်းငယ်ထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့၍ သက်ဆိုင်ရာမြို့နယ်မီးသတ်စခန်းများမှ သန္တေနှင့်အရန်တပ်ဖွဲ့ဝင်များက လူမှုကူညီရေးအသင်း မော်တော်ယာဉ်များဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။ ယခုနှစ်မေလအတွင်း ကချင်ပြည်နယ် ဖားကန့်မြို့နယ်အတွင်း၌ မိုးရွာသွန်းမှုများကြောင့် မြေစာပုံပြိုကျသည့်ဖြစ်စဉ်များ မကြာခဏဖြစ်ပွားနေကြောင်း ဖားကန့်ဒေသခံများထံမှ သိရသည်။ **မင်းမင်းဦး**

## မြန်မာ့ရုပ်မြင်သံကြား

**၂၈-၅-၂၀၁၈ (တနင်္လာနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | MRTV Travelogue |
| ၈း၃၅ | မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ |
| ၉း၁၀ | “တစ်ခါတစ်ခေါက်ဖြင့် ရောက်စေချင်သည်” |
| ၉း၃၅ | ရတနာ့အလား ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ “Aphrodite Cypnus” |
| ၁၀း၃၀ | စိုက်ပျိုးရေးရာအဖြေရှာ “ခာတုကင်းလွတ်သခွားမွှေး စိုက်ပျိုးရေး” |
| ၁၀း၄၅ | လုံမမှတ်စု (အပိုင်း-၃၈) |
| ၁၁း၀၀ | ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ် |
| ၁၁း၃၅ | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၂း၄၅ | “အိုက်တင်နံပါတ် ၁၅၀၀” (ဇေယျ၊ချိုသဉ္ဇာမြင့်အောင်၊ ကင်းကောင်၊ငှက်ပျောကြော်) (ဒါရိုက်တာ-တင်လှိုင်တင်) |
| ၁၃း၅၅ | သုခုမရင်ခွင်အငြိမ့်သဘင် “ရွှေမြန်မာအငြိမ့်” (မင်းသမီး-ဝင့်သီရိမွန်၊ လူရွှင်တော်-ဝမ်းတူး၊ ငွေတိုး၊ ရွှေအိုး၊ နောင်ရိုး) (ဒါရိုက်တာ-ဖုန်းမြင့်အောင်) |
| ၁၄း၄၀ | Tasty Trip |
| ၁၅း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ “မကြွေတဲ့နှင်းဆီ”(အပိုင်း-၂၈) |

**ညပိုင်း**

| | |
|---|---|
| ၁၆း၃၀ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ) |
| ၁၇း၀၅ | This Week's special Interest |
| ၁၇း၃၅ | Yes or No Talk Show |
| ၁၈း၂၀ | Football Magazine |
| ၁၈း၃၅ | ဥပဒေရေးရာအဖြာဖြာ “၁၉၄၀ ပြည့်နှစ်၊ လာဘ်ပေး လာဘ်ယူ အဂတိလိုက်စားမှု စုံစမ်းရေးကော်မတီ၏ အစီရင်ခံစာအကြောင်း သိကောင်းစရာ”(အပိုင်း-၁) ဦးဟန်ညွန့်(ဥပဒေ၊ တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်)[ဒါရိုက်တာ- ဝေဠု(ဝသန်)] |
| ၁၉း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ “မဟာကာလီ”(အပိုင်း-၁၁) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | ရာဇဝင်ထဲကသမိုင်းအနုပညာ “ယဉ်ကျေးမှုမြို့တော်မှ အဖိုးတန်ပြယုဂ်များ”(အပိုင်း-၆) (ကင်းဝန်မင်းကြီးကျောင်းတိုက်) -နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်ကြွေးရာဇဝင်”(အပိုင်း-၃၈) -မျက်မှောက်ရေးရာသုံးသပ်စရာ -နိုင်ငံခြားဇာတ်လမ်းတွဲ “မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း”(အပိုင်း-၁၅) -အစီအစဉ်ပြီး၏။ |




# ရီးယဲလ်မက်ဒရစ်အသင်းကို တပ်လှန့်ခဲ့ကြတဲ့ စီရိုနယ်လ်ဒိုနှင့် ဘေးလ်




ရီးယဲလ်က လီဗာပူးကို အနိုင်ကစားပြီး ချန်ပီယံလိဂ်တွင် သမိုင်းသစ်ရေးထိုးနိုင်ခဲ့သော်လည်း စီရိုနယ်လ်ဒိုနှင့် ဂါရတ်ဘေးလ်တို့နှစ်ဦး၏ ပွဲအပြီး ပြောစကားများက ရီးယဲလ်အတွက် အချက်ပေး တပ်လှန့်သံဖြစ်လာခဲ့ပြီဖြစ်သည်။ ဂါရတ်ဘေးလ်မှာ အဆိုပါပွဲစဉ်တွင် ပွဲထွက်ခွင့် ပျောက်ဆုံးခဲ့သော်လည်း မိနစ် ၆၀ ကျော်တွင် အစ္စကို နေရာ အစားဝင်ရောက်လာပြီး သုံးမိနစ်အကြာမှာပင် ပွဲကို အလှည့်အပြောင်းဖြစ်စေမည့် ဦးဆောင်ဂိုးကို သွင်းယူပေးနိုင်ခဲ့ပြီး ၈၃ မိနစ်တွင် ရီးယဲလ်ကို အနိုင်သေချာစေမည့် ပွဲသိမ်းဂိုးကို ထပ်မံသွင်းယူပေးနိုင်ခဲ့သည်။

ဂါရတ်ဘေးလ်က "ကျွန်တော့်အနေနဲ့ အပတ်စဉ်တိုင်း ကစားခွင့်ရဖို့ လိုအပ်ပါတယ်၊ ဒါပေမယ့် ဒါက အကြောင်းပြချက်တစ်ခုနဲ့ တစ်ခုထက်ပိုတာတွေနဲ့ပဲ ဖြစ်မလာခဲ့ဘူး၊ ကျွန်တော် ရာသီအစမှာ ခြောက်ပတ်လောက် ဒဏ်ရာရခဲ့ပေမယ့် အဲဒီနောက်ပိုင်း ကြံ့ခိုင်မှု ပြည့်ဝနေခဲ့တာပါ၊ ဒီကနေစပြီး ဘာဆက်လုပ်မယ်ဆိုတာ ကျွန်တော့်အနေနဲ့ အေးဂျင့်နဲ့ ထိုင်ပြီးဆွေးနွေးရပါတော့မယ်" ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။ ဂါရတ်ဘေးလ်မှာ ရီးယဲလ်တွင် ရောက်ရှိခဲ့သည့် ငါးရာသီအတွင်း ချန်ပီယံလိဂ်ဖလားလေးလုံး ရယူနိုင်ခဲ့ပြီးဖြစ်သော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ပွဲထွက်ခွင့်မရခဲ့သလို ယခုလည်း ပွဲထွက်ခွင့် ထပ်မံပျောက်ဆုံးနေခဲ့ခြင်း ဖြစ်သည်။

ဘေးလ်က ပွဲထွက်ခွင့်မရခြင်းအတွက် အလွန်စိတ်ပျက်မိပြီး သူ့အနေဖြင့် ဝင်ရောက်ကစားခွင့်ရရှိသည့်အကြိမ်တိုင်း အသင်းကို ကြီးမားစွာ အထောက်အပံ့ပြုနိုင်ခဲ့ကြောင်း ထောက်ပြခဲ့သည်။ ရီးယဲလ်နည်းပြ ဇီဒန်းက ဘေးလ်လို ကစားသမားမျိုး ပွဲထွက်ခွင့်မရခြင်းအပေါ် စိတ်ပျက်နိုင်မည်ကို သူ့အနေဖြင့် နားလည်နိုင်ပြီး ကစားသမားတိုင်းက မိမိတို့အနာဂတ် မိမိတို့ဘာသာ ဆုံးဖြတ်ခွင့်ရှိကြောင်း တုံ့ပြန်သွားခဲ့သည်။

ဘေးလ်က ယခုလို သူ၏ အနာဂတ်အပေါ် ပြန်လည်သုံးသပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့ချိန်တွင် စူပါစတား စီရိုနယ်လ်ဒိုကလည်း ရီးယဲလ်အတွက် ကစားပေးရသည်မှာ အလွန်ကောင်းမွန်သော်လည်း ရက်ပိုင်းအတွင်းမှာပင် သူ၏ အနာဂတ်ကို ဆုံးဖြတ်မည်ဖြစ်ကြောင်း ဆိုခဲ့ပြန်ရာ ရီးယဲလ်အနေဖြင့် စီရိုနယ်လ်ဒို၊ ဂါရတ်ဘေးလ်တို့ကို ဆက်ထိန်းရေး ကြိုးပမ်းရတော့မည်ဖြစ်သည်။ စီရိုနယ်လ်ဒိုသည် ပြီးခဲ့သည့်ဘောလုံးရာသီအကုန်ကလည်း ရီးယဲလ်မှ ထွက်ခွာရန် အနီးစပ်ဆုံးအခြေအနေတစ်ရပ် ရောက်ရှိနေပြီဟု သတင်းများ တောက်လျှောက်ထွက်ခဲ့သော်လည်း ရီးယဲလ်တွင်သာ ဆက်လက်ရှိနေခဲ့ခြင်းဖြစ်သည်။

ပွဲအပြီး ခဏအကြာမှာပင် စီရိုနယ်လ်ဒိုက ရီးယဲလ်တွင် သူ၏ အနာဂတ် မသေချာကြောင်း ဆိုခဲ့သလို ရီးယဲလ်အောင်ပွဲခံ အခမ်းအနားတွင်လည်း ယင်းစကားကိုပင် "နောက်ရာသီ ရီးယဲလ်အတွက် ဆက်ရှိမလား မသေချာပါဘူး၊ နောက်ရက်ပိုင်းအတွင်း ကျွန်တော့်အနာဂတ်ကို ပြောကြားပါမယ်" ဟု ထပ်မံဆိုခဲ့သေးရာ ရီးယဲလ်တာဝန်ရှိသူများအတွက် ခေါင်းခဲစရာဖြစ်လာခဲ့ပြီဖြစ်သည်။

**မေလွဲသင်း-ရေးသားသည်**



## ဆာလာ၏ဒဏ်ရာအတွက် ရာမို့စ်ကို အပြစ်တင်ရန်မရှိ

ပွဲကစားချိန် မိနစ် ၃၀ နီးပါးမှာ လီဗာပူးတိုက်စစ်မှူး မိုဆာလာ ဒဏ်ရာရရှိပြီး ကွင်းထဲက ထွက်ခွာသွားခဲ့ရခြင်းအပေါ် တွစ်တာလို လူမှုကွန်ရက်စာမျက်နှာတွေမှာ ရီးယဲလ်အသင်းခေါင်းဆောင် ရာမို့စ်ကို ဝေဖန်သံတွေ လျှံနေခဲ့တာဖြစ်ပါတယ်။

ရာမို့စ်အနေနဲ့ လီဗာပူးရဲ့ တြိဂံတိုက်စစ်ကို ချိုးဖို့အတွက် ရည်ရွယ်ချက်ရှိရှိနဲ့ လုပ်ဆောင်ခဲ့တယ်ဆိုတဲ့ စွပ်စွဲချက်တွေ ထွက်နေခဲ့တဲ့အချိန်မှာပဲ ချယ်လ်ဆီးကွင်းလယ်လူဟောင်း လမ်းပတ်နဲ့ မန်ယူနောက်ခံလူဟောင်း ရီယိုဖာဒီနန်တို့ကတော့ ဆာလာရဲ့ ဒဏ်ရာအတွက် ရာမို့စ်ကို အပြစ်တင်လို့မရနိုင်ဘဲ ကောင်းမွန်တဲ့ ဖျက်ထုတ်မှုကိုသာ ပြုလုပ်ခဲ့ခြင်းဖြစ်တယ်လို့ မှတ်ချက်ပြုခဲ့ကြပါတယ်။ ဖာဒီနန်က ရီးယဲလ်အနေနဲ့ လီဗာပူးကို အနိုင်ကစားပေးဖို့ အသင်းဖော်ဟောင်းဖြစ်တဲ့ စီရိုနယ်လ်ဒိုကို ဒီပွဲစဉ်မတိုင်မီ အစောပိုင်းကတည်းက တောင်းဆိုထားခဲ့ပြီး ဖြစ်ပါတယ်။

ဒီကိစ္စရပ်အတွက် ရာမို့စ်ကို အပြစ်တင်ရမလားဆိုတဲ့ မေးမြန်းချက်ကို ဘီတီရုပ်သံရဲ့ အားကစားသတင်းတင်ဆက်သူအဖြစ် တာဝန်ယူခဲ့တဲ့ လမ်းပတ်ကို ပထမပိုင်းအပြီး မေးမြန်းခဲ့ရာမှာ "ကျွန်တော်တော့ ဒီလိုမထင်ပါဘူး၊ သူက သိပ်နီးကပ်တဲ့ အနေအထားမှာ ရှိနေခဲ့တာဖြစ်ပြီး နောက်ခံကစားသမားအများစုက ပြိုင်ဘက်နဲ့ ထိတွေ့ခွင့်ရဖို့ လက်မောင်းကို အတွင်းကနေ ထိတတ်ကြတာဖြစ်ပြီး အဆုံးမှာတော့ ကံမကောင်းဖြစ်ခဲ့တာပါ" လို့ ပြန်လည်ဖြေကြားသွားခဲ့ပါတယ်။

ဆာလာ ကွင်းထဲက ထွက်ခွာသွားခဲ့ရာမှာ ရာမို့စ်ဟာ လက်ထောက်ဒိုင်တစ်ဦးနဲ့ ပြုံးပျော်ရယ်မောနေတဲ့ပုံတွေ ပေါ်ထွက်ခဲ့ပေမယ့် ဖာဒီနန်ကတော့ ဒီကိစ္စရပ်နှစ်ခုဟာ ဆက်စပ်ခြင်းမရှိဘဲ သီးခြားဖြစ်ပျက်ခဲ့တာလို့ တုံ့ပြန်သွားခဲ့ပါတယ်။ ရီယိုဖာဒီနန်ကိုယ်တိုင်ကလည်း ရာမို့စ်လို ဗဟိုနောက်ခံလူတစ်ဦးအဖြစ် ကစားခဲ့သူဖြစ်ပြီး "ဒါက ရာမို့စ်ဆီက ကောင်းမွန်တဲ့ ဖျက်ထုတ်မှုတစ်ခုပါ၊ ဒါက ဆာလာကို နာကျင်စေဖို့ မဟုတ်ပါဘူးလို့ ကျွန်တော်ထင်ပါတယ်" လို့ မှတ်ချက်ပြုသွားခဲ့ပါတယ်။

## တိုက်စစ်မှူး ဆာလာ ပြင်းထန်ဒဏ်ရာရရှိခဲ့သော်လည်း ကမ္ဘာ့ဖလားတွင် ပါဝင်လာမည်ဟု အီဂျစ်အသင်း ယုံကြည်နေ




လီဗာပူးအသင်းနှင့် အီဂျစ်အသင်းတို့၏ အားထားရသည့် တိုက်စစ်မှူး ဆာလာသည် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ကစားခဲ့သည့် ချန်ပီယံလိဂ် နောက်ဆုံး ဗိုလ်လုပွဲတွင် ပြင်းထန်ဒဏ်ရာရရှိခဲ့ကြောင်း နည်းပြ ကလော့က ပြောကြားခဲ့သော်လည်း အီဂျစ်အသင်းကမူ ရုရှားနိုင်ငံတွင် ကျင်းပမည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်လာမည်ဟု ယုံကြည်ထားကြောင်း သိရသည်။

မိုဟာမက်ဆာလာသည် လီဗာပူးအသင်းက ရီးယဲလ်မက်ဒရစ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ရီးယဲလ်နောက်တန်း ကစားသမား ရာမို့စ်နှင့် ဘောလုံးယှဉ်လုရာမှတစ်ဆင့် ပခုံးဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

ဆာလာသည် ယခုနှစ်ဘောလုံးရာသီတွင် လီဗာပူးအသင်းနှင့်အတူ ၄၄ ဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့ပြီး ပခုံးဒဏ်ရာ ပြင်းထန်ခဲ့ခြင်းကြောင့် လယ်လာနာနှင့် လူစားလဲခဲ့ရသည်။ အသက် ၂၅ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဆာလာသည် ပြီးခဲ့သည့်ဇွန်လက အီတလီစီးရီးအေကလပ် ရိုးမားအသင်းမှ ပြောင်းရွှေ့ကြေး ပေါင် ၃၄ သန်းဖြင့် အမ်ဖီးလ်သို့ ရောက်ရှိလာခဲ့သူဖြစ်ပြီး လီဗာပူးအသင်းတွင် ပုံမှန်ခြေစွမ်းပြကစားနိုင်ခဲ့သူ ဖြစ်သည်။

တိုက်စစ်မှူး ဆာလာသည် လီဗာပူးအသင်းနှင့်အတူ ပရီမီယာလိဂ် သွင်းဂိုး ၃၂ ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် နည်းပြ ကလော့၏ လီဗာပူးအသင်းတွင်ရော ပရီမီယာလိဂ်မှာပါ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ပြီး လီဗာပူးအသင်းလည်း ပရီမီယာလိဂ်ပြိုင်ပွဲတွင် ထိပ်ဆုံးလေးနေရာအတွင်း ရပ်တည်ခွင့်ရရှိခဲ့သည်။

**ငွေကြယ်-ရေးသားသည်**

## လက်စတာစီးတီးတောင်ပံကစားသမား မာရက်ဇ်အား ပေါင် ၇၅ သန်းဖြင့် ခေါ်ယူရန် မန်စီးတီးအသင်း နီးစပ်နေ

ပရီမီယာလိဂ်ချန်ပီယံမန်စီးတီးအသင်းသည် လက်စတာစီးတီးအသင်းမှ တောင်ပံကစားသမား မာရက်ဇ်အား ပြောင်းရွှေ့ကြေးပေါင် ၇၅ သန်းဖြင့် ခေါ်ယူရန် နီးစပ်မှုရှိနေပြီဖြစ်ကြောင်း သိရသည်။

မန်စီးတီးအသင်းက တောင်ပံကစားသမား မာရက်ဇ်အား ခေါ်ယူရန် ဆန္ဒရှိနေချိန်တွင် လက်စတာစီးတီးအသင်းကလည်း အပြန်အလှန်အားဖြင့် မန်စီးတီးတောင်ပံကစားသမား ပက်ထရစ်ရောဘတ်ကိုလည်း ခေါ်ယူရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

မန်စီးတီးအသင်းသည် လက်စတာစီးတီးတောင်ပံကစားသမား မာရက်ဇ်အပြင် နာပိုလီကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုလည်း ပစ်မှတ်ထားလျက်ရှိပြီး အီတလီကြယ်ပွင့်ဂျော်ဂျင်ဟိုအား ပြောင်းရွှေ့ကြေး ပေါင်သန်း ၄၀ ဖြင့် ကမ်းလှမ်းထားကြောင်း သိရသည်။ သို့ရာတွင် နာပိုလီအသင်းကမူ ဂျော်ဂျင်ဟို၏ အပြောင်းအရွှေ့နှင့်စပ်လျဉ်း၍ ပေါင်သန်း ၆၀ အထိ လိုချင်ကြောင်း ပြောကြားထားသည်။

မန်စီးတီးအသင်းသည် မာရက်ဇ်နှင့် ဂျော်ဂျင်ဟိုတို့အား ခေါ်ယူရန် ပစ်မှတ်ထားနေသည့်အပြင် ကွင်းလယ်ကစားသမား ဇင်ချန်ကိုအား ကမ်းလှမ်းလာမည့်အသင်းကို စောင့်မျှော်လျက်ရှိကြောင်း သိရသည်။



## ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီးသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဇေယျာလူမှုထူးချွန်ဆု၊ နိုင်ငံ့စွမ်းဆောင်ရည်ဆု၊ ကမ္ဘာ့ငြိမ်းချမ်းရေးစေတမန်ဆုများရှင် **ဒေါက်တာဘဒ္ဒန္တကုဏ္ဍိဗလ** ဆရာတော်အရှင်သူမြတ်အား ဗုဒ္ဓသာသနာတော်အတွက် နေ့၊ ည မနား စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ခြင်းများကြောင့် ၇-၄-၂၀၁၈ ရက်က အိန္ဒိယနိုင်ငံ၊ Kolkata မြို့၊ The GLOBAL ACADEMY မှ ဆက်ကပ်လှူဒါန်းသော (Sewa Chakra Award-SOCIAL WORK,PEACE AND HARMONY) ဆုတံဆိပ်ကိုလည်းကောင်း၊ ၁၃-၅-၂၀၁၈ရက်က ထိုင်းနိုင်ငံ၊ Mahachulalongkorn rajavidyalaya University Council က ဆက်ကပ်လှူဒါန်းသော Honorary Doctorate Degree (Ph.D honoris causa) in Buddhist Educational Administration ဒေါက်တာဘွဲ့ကိုလည်းကောင်း၊ ၂၅-၅-၂၀၁၈ရက်က ထိုင်းနိုင်ငံ၊ ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီ သီရိဒုံက ဆက်ကပ်သည့် (Dhamma Jakra Award)သာသနာပြုဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ဆက်ကပ်လှူဒါန်းခြင်းအပေါ် ရန်ကုန်တိုင်းသာသနာရေးမှူးရုံးမှ ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများက အထူးပင် ဂုဏ်ယူဝမ်းမြောက်သာဓုခေါ်ဆိုပါကြောင်းနှင့် ဆရာတော်ဘုရားကျန်းမာသက်ရှည်ပြီး သာသနာတော်အတွက် ဆတက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးနှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးရုံး**

## ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီးသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဇေယျာလူမှု ထူးချွန်ဆု၊ နိုင်ငံ့စွမ်းဆောင်ရည်ဆု၊ ကမ္ဘာ့ငြိမ်းချမ်းရေးစေတမန်ဆုများရှင် **ဒေါက်တာဘဒ္ဒန္တကုဏ္ဍိဗလ** ဆရာတော်အရှင်သူမြတ်အား ဗုဒ္ဓသာသနာတော်အတွက် နေ့၊ ညမနား စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ခြင်းများကြောင့် ၇-၄-၂၀၁၈ရက်က အိန္ဒိယနိုင်ငံ၊ Kolkata မြို့၊ The GLOBAL ACADEMY မှ ဆက်ကပ်လှူဒါန်းသော (Sewa Chakra Award-SOCIAL WORK,PEACE AND HARMONY) ဆုတံဆိပ်ကိုလည်းကောင်း၊ ၁၃-၅-၂၀၁၈ ရက်က ထိုင်းနိုင်ငံ၊ Mahachulalongkorn rajavidyalaya University Council က ဆက်ကပ်လှူဒါန်းသော Honorary Doctorate Degree (Ph.D honoris causa) in Buddhist Educational Administration ဒေါက်တာဘွဲ့ကိုလည်းကောင်း၊ ၂၅-၅-၂၀၁၈ ရက်က ထိုင်းနိုင်ငံ၊ ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီ သီရိဒုံကဆက်ကပ်သည့် (Dhamma Jakra Award) သာသနာပြုဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ဆက်ကပ်လှူဒါန်းခြင်းအပေါ် မေတ္တာပြည့်ဝဥပါသကာများအဖွဲ့ ရန်ကုန်တိုင်းဒေသကြီးက အထူးပင် ဂုဏ်ယူဝမ်းမြောက်သာဓုခေါ်ဆိုပါကြောင်းနှင့် ဆရာတော်ဘုရားကျန်းမာသက်ရှည်ပြီး သာသနာတော်အတွက် ဆတက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မေတ္တာပြည့်ဝ ဥပါသကာများအဖွဲ့**
**ရန်ကုန်တိုင်းဒေသကြီး**

### အမည်ပြောင်း

မုံရွာမြို့၊ ဒေါနခြံရပ်ကွက်၊ အမက(၂)ဒုတိယတန်းမှ (ဘ) ဦးသန့်ဇင်ဖြိုး[၅/မရန(နိုင်)၁၇၅၅၄၃]၏ သမီး မဖြိုးသံလွင်မောင်အား မသံသာဖြိုးဟန်ဟု ပြောင်းလဲခေါ်ပါရန်။

**မသံသာဖြိုးဟန်**

### အမည်ပြောင်းခြင်း

ရန်ကုန်မြို့ အထက(၄) ဗိုလ်တထောင်ကျောင်း ပထမတန်း D မှ ဦးကျော်နိုင်၏ သမီး မယွန်းနဒီဦးအား မရွှေနဒီဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မရွှေနဒီဦး**

### ဖခင်အမည်မှန်

မုံရွာမြို့နယ်၊ အထက(၁)အလုံ၊ န၀မတန်းမှ မဌေးမိုနှင့် သတ္တမတန်းမှ မောင်ငြိမ်းချမ်းအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်း[၅/မရန(နိုင်)၁၆၄၇၅၇]ဖြစ်ပါကြောင်း။

**ဦးမင်းမင်း**

## အများသိသာစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်းမြို့နယ်၊ ပတ္တာကျေးရွာအုပ်စုတွင် လုပ်ငန်းဖွင့်ထားသည့် အောင်ချမ်းစံ SSS ကုမ္ပဏီလီမိတက်၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်လာ[၁၃/တယန(နိုင်)၀၂၁၁၅၄]မှ အများသိသာစေရန် ကြေညာအပ်ပါသည်။

အောင်ချမ်းစံ SSSကုမ္ပဏီလီမိတက်တွင် ဦးမောင်မောင်အောင် [၁၁/သတန(နိုင်)၀၀၆၉၉၄] သည် ၂၀၁၅ခုနှစ် ဧပြီလမှ စတင်၍ ရှယ်ယာရှင် ဒါရိုက်တာတစ်ဦးအဖြစ်နှင့်ပါ၀င်ပြီး အရောင်းမန်နေဂျာရာထူးဖြင့် ကွန်ကရစ်မီးတိုင် ဖြန့်ဖြူးရောင်းချခြင်းကို လုပ်ကိုင်စေခဲ့ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှ စတင်၍ ဦးမောင်မောင်အောင် သည် ၎င်းထည့်ဝင်ထားသော အစုရှယ်ယာ ၁၀ ရာခိုင်နှုန်းကို ပြန်လည်ထုတ်နုတ်ပြီး ဖြစ်သည့်အပြင် အရောင်းမန်နေဂျာရာထူးမှလည်း ရပ်စဲပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အောင်ချမ်းစံ SSS ကုမ္ပဏီလီမိတက်သည် ဦးမောင်မောင်အောင် [၁၁/သတန(နိုင်)၀၀၆၉၉၄]နှင့် ပတ်သက်မှု တစ်စုံတစ်ရာမရှိတော့ပါကြောင်းနှင့် ဖြစ်ပေါ်လာသည့် ကိစ္စအ၀၀ကို ကုမ္ပဏီလီမိတက်မှ ဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ကြောင်း အများသိသာစေရန် ကြေညာအပ်ပါသည်။

အောင်ချမ်းစံ SSS ကုမ္ပဏီလီမိတက်မှ ထုတ်လုပ်သည့် အရည်အသွေးစံမှီသည့် ကွန်ကရစ်မီးတိုင်များကို ဝယ်ယူအားပေးကြသည့် မိတ်ဟောင်းမိတ်သစ်များနှင့် အများသိသာစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်လာ[၁၃/တယန(နိုင်)၀၂၁၁၅၄]**
**အုပ်ချုပ်မှုဒါရိုက်တာ**
**အောင်ချမ်းစံ SSS ကုမ္ပဏီလီမိတက်**
**အမှတ်(မ၁/၃၈)၊ ၆၄ လမ်း၊ ၄၃ လမ်းနှင့် သိပ္ပံလမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊**
**မန္တလေးတိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၄၄၀၂၇၆၆၆၊ ၀၉-၇၇၇၇၃၅၂၀၀**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## လူထုစုပေါင်းစက်ဘီးနင်းပွဲနှင့် လော်ကားရေလှောင်ကန် Mountain Bike ဖိတ်ခေါ်စက်ဘီးပြိုင်ပွဲ ဆုပေး




**ရန်ကုန် မေ ၂၇**

ရန်ကုန်တိုင်းဒေသကြီးရှိ ခရိုင်လေးခရိုင်တို့၌ အလှည့်ကျ စက်ဘီးစီးနင်းခြင်းကို ကျင်းပလျက်ရှိရာ ယနေ့နံနက် ၆ နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ရှိ ရွှေနံ့သာ ပန်းခြံထိပ်တွင် စုပေါင်းစက်ဘီးစီးနင်းပွဲကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက သေနတ်ပစ်ဖောက် တာလွှတ်ပေးခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် GIANT Myanmar တို့ ပူးပေါင်းကျင်းပသော ဒုတိယအကြိမ် လော်ကားရေလှောင်ကန် Mountain Bike ဖိတ်ခေါ် အမျိုးသား၊ အမျိုးသမီး စက်ဘီးပြိုင်ပွဲနှင့် ဆုပေးပွဲများကို ယနေ့နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် လော်ကားရေလှောင်ကန် ကန်ပေါင်၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း တက်ရောက် တာလွှတ်ပေးသည်။

ဦးစွာ အမျိုးသား အလွတ်တန်း ၇၀ ကီလိုမီတာပြိုင်ပွဲ၌ ပြိုင်ပွဲဝင် အားကစားသမား ၂၃ ဦး၊ အသက်(၁၉)နှစ်အောက် အမျိုးသား ၄၅ ကီလိုမီတာ ပြိုင်ပွဲ၌ ပြိုင်ပွဲဝင်အားကစားသမား ၁၄၃ ဦး၊ အမျိုးသမီး ၂၃ ကီလိုမီတာ ပြိုင်ပွဲ၌ ပြိုင်ပွဲဝင်အားကစားသမား ၂၀၊ အမျိုးသား အသက် (၄၀)နှင့် (၅၀)ကြား ၂၃ ကီလိုမီတာ ပြိုင်ပွဲ၌ ပြိုင်ပွဲဝင်အားကစားသမား ၆၁ ဦးနှင့် အမျိုးသား အသက် (၅၀)တန်း ၂၃ ကီလိုမီတာပြိုင်ပွဲ၌ ပြိုင်ပွဲဝင်အားကစားသမား ၅၉ ဦး စုစုပေါင်း ပြိုင်ပွဲဝင် အားကစားသမား ပေါင်း ၃၀၆ ဦးတို့ပါဝင်ယှဉ်ပြိုင်ကြပြီး အဆိုပါပြိုင်ပွဲများကို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် GIANT Myanmar Group တို့မှ တာဝန်ရှိသူများက ပြိုင်ပွဲများအား သေနတ်ပစ်ဖောက် တာလွှတ်ပေးခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲများကို ဆက်လက်ကျင်းပရာ အမျိုးသား အသက်(၁၉)နှစ်အောက် ၄၅ ကီလိုမီတာပြိုင်ပွဲတွင် ဒသမမှ စတုတ္ထဆုရရှိသူများနှင့် ပထမဆုရ ကောင်းစည်သူ၊ ဒုတိယဆုရ ရန်နိုင်ထက်နှင့် တတိယဆုရ ပြည့်ဖြိုးအောင်တို့အား တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက လည်းကောင်း၊ အမျိုးသမီး ၂၃ ကီလိုမီတာပြိုင်ပွဲ၌ ဒသမမှ စတုတ္ထဆုရရှိသူများနှင့် ပထမဆုရ မမြင့်မြင့်မိုး၊ ဒုတိယဆုရ မစုစုဝေနှင့် တတိယဆုရ မဝေဝေထွန်းတို့အား လည်းကောင်း၊ အမျိုးသားအသက် (၄၀)နှင့် (၅၀)ကြားပြိုင်ပွဲများ၌ ဒသမမှ စတုတ္ထဆုရရှိသူများနှင့် ပထမဆုရ ကိုအောင်ဖြိုးဝေ၊ ဒုတိယဆုရ ကိုကျော်မျိုးလှိုင်နှင့် တတိယဆုရ ကိုဖိုးပြည့်တို့က လည်းကောင်း၊ အမျိုးသား အသက်(၅၀)တန်း ပြိုင်ပွဲ၌ ဒသမမှ စတုတ္ထဆုရရှိသူများနှင့် ပထမဆုရ ဦးမောင်မောင်စိုး၊ ဒုတိယဆုရ ဦးဝင်းထိုက်နှင့် တတိယဆုရ ဦးဇော်လတ်တို့က လည်းကောင်း၊ အမျိုးသား အလွတ်တန်း (Pro)ပြိုင်ပွဲ၌ ဒသမမှ စတုတ္ထဆုရရှိသူများနှင့် ပထမဆုရ ကျော်ထွန်းဦး၊ ဒုတိယဆုရ ချစ်ကိုကိုနှင့် တတိယဆုရ ကျော်ကျော်တို့က လည်းကောင်းဆုများအသီးသီးရရှိကြပြီး တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုများ၊ ပထမ ချန်ပီယံဆုဖလားများကို မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး စက်ဘီးဆပ်ကော်မတီဥက္ကဋ္ဌ ဦးကိုကြီး၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးကျော်ကျော်ထွန်း၊ ဦးမြတ်သူနှင့် တာဝန်ရှိသူများ၊ GIANT Myanmar မှ မစ္စဝူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

## ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဇေယျာလူမှုထူးချွန်ဆု၊ နိုင်ငံ့စွမ်းဆောင်ရည်ဆု၊ ကမ္ဘာ့ငြိမ်းချမ်းရေးစေတမန်ဆုများရှင် **ဒေါက်တာ ဘဒ္ဒန္တကုဏ္ဍိဗလ** ဆရာတော်အရှင်သူမြတ်အား ဗုဒ္ဓသာသနာတော်အတွက် နေ့၊ ည မနား စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ခြင်းများကြောင့် ၇-၄-၂၀၁၈ရက်နေ့က အိန္ဒိယနိုင်ငံ၊ Kolkata မြို့၊ THE GLOBAL ACADEMY မှ ဆက်ကပ်လှူဒါန်းသော (Sewa Chakra Award-SOCIAL WORK, PEACE AND HARMONY) ဆုတံဆိပ်ကိုလည်းကောင်း၊ ၁၃-၅-၂၀၁၈ ရက်က ထိုင်းနိုင်ငံ Mahachulalongkorn rajavidyalaya University Council က ဆက်ကပ်လှူဒါန်းသော Honoary Doctorate Degree (Ph.D honoris causa) in Buddhist Educational Administration ဒေါက်တာဘွဲ့ကိုလည်းကောင်း၊ ၂၅-၅-၂၀၁၈ ရက်က ထိုင်းနိုင်ငံ၊ ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီ သီရိဒုံက ဆက်ကပ်သည့် (Dhamma Jakra Award) သာသနာပြုဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ဆက်ကပ်လှူဒါန်းခြင်းအပေါ် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၏ ဂေါပကအဖွဲ့က အထူးပင် ဂုဏ်ယူဝမ်းမြောက် သာဓုခေါ်ဆိုပါကြောင်းနှင့် ဆရာတော်ဘုရား ကျန်းမာသက်ရှည်ပြီး သာသနာတော်အတွက် ဆတက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဂေါပကအဖွဲ့**
**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**

### အမည်ပြောင်း

ဦးချမ်းငြိမ်းအောင်[၉/မရမ(နိုင်)၀၁၂၁၇၄]၏ သားဖြစ်သူ ဗိုလ်တထောင် အထက(၃) တတိယတန်းအောင် မောင်ဝေယံရဲရင့်အား မောင်ရဲရင့်လင်း ဟုပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ရဲရင့်လင်း**

### အမည်မှန်

ဇလွန်မြို့နယ်၊ ညောင်ပင်ဈေးရပ်ကွက်၊ အဒါးလမ်းနေ အဖ ဦးမျိုးထွန်း [၁၄/ဇလန(နိုင်)၀၈၄၀၃၁]၏ သား အမက ညောင်ပင်ဈေး၊ တတိယတန်းတွင် ပညာသင်ကြားနေသောမောင်ဝေယံဘုန်းမြင့်၏ အမည်မှန်မှာ မောင်သက်ဝေယံလင်း ဖြစ်ပါကြောင်း။

**မောင်သက်ဝေယံလင်း**

### ခြံမြေအမြန်ရောင်းမည်

ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၃)ဆင်ခေါင်းလေး ကန်တော်ကြီး ဥယျာဉ်အနီး၊ မြို့ရှောင်လမ်းမှ (၁)မိနစ်အကွာ ၀.၃၆ ဧက သိန်း(၂၇၀) ၀.၂၀ ဧက သိန်း(၂၃၀)၊ ခြံခတ်ပြီး၊ မြေပြင်ညီ၊ အရှုပ်အရှင်းကင်း။

**ဖုန်း-၀၉-၉၇၈၀၅၀၉၉၉၊ ၀၉-၂၆၀၉၆၉၃၂၂**

## ဥတုရာသီ
## တောကို မှီ၏

### အမည်မှန်

ဦးအောင်ကျော်မင်း၏သမီး၊ မုံရွာမြို့၊ အထက(၂) ဒသမတန်းမှ မသူသူဟန်၏ အမည်မှန်မှာ မသူသူလွင် ဖြစ်ပါကြောင်း။

**မသူသူလွင်**

### ကွာရှင်းပြတ်စဲပြီးစီးကြောင်း

ကျွန်တော် ဦးအောင်သီဟ [၁၂/ဒပန(နိုင်)၀၄၆၅၂၃]နှင့် ဒေါ်ယမင်းသူ [၁၃/လရန(နိုင်)၁၁၁၆၃၄] တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိတော့ပါသဖြင့် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်သီဟ[၁၂/ဒပန(နိုင်)၀၄၆၅၂၃]**

# ဆေးဝါးမဏ္ဍိုင် ဘီပီအိုင် (အပိုင်း - ၃)

**ကိုကိုအောင်** (စက်မှုဆေးဝါး)


GMP အညီ ထိုးဆေးများထုတ်လုပ်နေပုံ

**အမြတ်အစွန်းရရှိမှုအခြေအနေ**

၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း၏ ဆေးဝါးစက်ရုံ (အင်းစိန်)နှင့် ဆေးဝါးစက်ရုံခွဲ(ရွာသာကြီး)တို့မှ အသားတင်အမြတ် ကျပ် ၆ ဒသမ ၅ ဘီလီယံနှင့် ဆေးဝါးစက်ရုံ(အင်ရောင်း)မှ အသားတင်အမြတ် ကျပ် ၃ ဒသမ ၂ ဘီလီယံစီ အမြတ်အစွန်းရရှိခဲ့ပြီး နိုင်ငံတော်အတွက် စက်မှုကဏ္ဍမှ အမြတ်အစွန်းရရှိအောင် တစ်တပ်တစ်အား ကြိုးပမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

**ထုပ်ပိုးမှုပုံစံသစ်ပြောင်းလဲရေး**

ဘီပီအိုင်ဆေးဝါးများသည် အရည်အသွေးကောင်းမွန်သော်လည်း ပြည်ပမှတင်သွင်းသည့် ဆေးဝါးများနှင့် နှိုင်းယှဉ်ပါက ထုပ်ပိုးမှုပုံစံတွင် အားနည်းခဲ့သဖြင့် အများအထင်ကြီးမှု လျော့နည်းလာခဲ့သည်။ ယခုအခါ ဆေးပြား၊ ဆေးတောင့်များအား ဆေးဘူး ပုံစံဖြင့်သာမက ဘဲ Blister Packing ဖြင့် Printed Box များဖြင့်ပါထည့်သွင်းထုပ်ပိုးလာသည်။ ထိုးဆေးများကို ယခင်က Carton Box အညိုဖြင့် ထုပ်ပိုးခဲ့ရာမှ Printed Box များဖြင့် ပြောင်းလဲထုပ်ပိုးခဲ့သည်။ တံဆိပ်ဒီဇိုင်းများစွဲဆောင်မှုရှိပြီးထုပ်ပိုးမှုပုံစံကို ယခုထက် ပိုမိုသပ်ရပ်ကောင်းမွန်အောင်လည်း ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

**ဆေးဝါးအမယ်သစ်များထုတ်လုပ်ခြင်းနှင့် ထုတ်လုပ်မှုလိုင်းများတိုးချဲ့တည်ထောင်ခြင်း**

ဘီပီအိုင်ဆေးဝါးစက်ရုံများတွင် ပြည်တွင်း၌ ထုတ်လုပ်နိုင်ခြင်းမရှိသည့် ဆေးဝါးအမယ်သစ်များအား နှစ်စဉ်သုတေသနပြုတိုးချဲ့ထုတ်လုပ်လျက်ရှိသည်။ ယခုအခါ ဆေးဝါးစက်ရုံ(အင်းစိန်)တွင် ကင်ဆာရောဂါကုသဆေး (Oncology)၊ ဗိုင်းရပ်စ်သတ်ဆေး(Anti-Viral)နှင့် ရောဂါကာကွယ်ဆေး (Vaccine) ဆေးဝါးများကို အမေရိကန်နိုင်ငံနှင့် စပိန်နိုင်ငံတို့မှ ကျော်ကြားသည့် ဆေးထုတ်လုပ်ရေးကုမ္ပဏီများဖြင့် အကျိုးတူပူးပေါင်း၍ ဆေးထုတ်လုပ်ရေးလိုင်းသစ်များ ထပ်မံတိုးချဲ့ဆောင်ရွက်ရန်လည်း စီစဉ်လျက်ရှိသည်။

**ငါးဆူတောင်ဆေးဝါးထုတ်လုပ်ရေးဇုန်**

စက်မှုဝန်ကြီးဌာနပိုင်မြေနေရာဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ငါးဆူတောင်တွင် ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်း၍ ဆေးဝါးထုတ်လုပ်မှုထိပ်တန်းကုမ္ပဏီကြီးများဖြစ်သည့် အမေရိကန်၊ စပိန်နှင့် ဂျပန်နိုင်ငံတို့မှ ဆေးဝါးကုမ္ပဏီများ၏ ဆေးဝါးစက်ရုံများပါဝင်သည့် ဆေးဝါးထုတ်လုပ်ရေးဇုန်တည်ထောင်ရန် ဆောင်ရွက်လျက်ရှိသည်။ ငါးဆူတောင်ဆေးဝါးထုတ်လုပ်ရေးဇုန်အား လုပ်ငန်းစတင်ချိန်မှ နှစ်နှစ်အတွင်းလုပ်ငန်းပြီးစီးရန် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါဆေးဝါးစက်မှုဇုန်ပြီးစီးပါက ပြည်တွင်းလိုအပ်ချက်၏ ၅၀ ရာခိုင်နှုန်းခန့်အထိ ဖြည့်ဆည်းနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ယခုအခါ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုဖြင့် ပုဂ္ဂလိကပိုင် ခေတ်မီဆေးဝါးစက်ရုံများ တည်ထောင်လျက်ရှိသဖြင့် ဆေးဝါးထုတ်လုပ်မှုသည် ပြည်တွင်းလိုအပ်ချက်ကို ယခုထက်ပိုမို ဖြည့်ပေးနိုင်တော့မည် ဖြစ်သည်။ ငါးဆူတောင်ဆေးဝါးစက်မှုဇုန်ပြီးစီးချိန်တွင် ပြည်တွင်းရှိ အခြားသောဆေးဝါးစက်ရုံများလည်း တည်ထောင်ပြီးစီးနိုင်မည်ဖြစ်သဖြင့် ထုတ်လုပ်မည့်ဆေးဝါးများကို ပြည်ပသို့ တင်ပို့ရန်အထိ ရည်ရွယ်ထားသည်။

**ဆေးဝါးမဏ္ဍိုင် ဘီပီအိုင်**

ဘီပီအိုင်ဆေးဝါးမှာ ပြည်တွင်းဆေးဝါးထုတ်လုပ်မှု၌ သက်တမ်းအရင့်ဆုံး၊ အတွေ့အကြုံနှင့် နည်းပညာအရင့်ကျက်ဆုံးလည်းဖြစ်သည်။ ဘီပီအိုင်ဆေးဝါးထုတ်လုပ်မှု၏ အဓိကစက်ရုံဖြစ်သည့် ဆေးဝါးစက်ရုံ (အင်းစိန်)သည် သက်တမ်းကြာမြင့်လာသော်လည်း ခေတ်နှင့်အညီ လိုက်လျောညီထွေအောင်ပြောင်းလဲနိုင်စွမ်းရှိသဖြင့် ခေတ်မီဆန်းသစ်လျက်ရှိသည်။ ဘီပီအိုင်ဆေးဝါးစက်ရုံများမှာ စက်မှုကဏ္ဍမှနိုင်ငံတော်၏ ဝင်ငွေအမြတ်အစွန်းရရှိအောင် ဆောင်ရွက်ပေးနိုင်သော စက်ရုံများလည်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ပေါ်ထွန်းလာမည့် ခေတ်မီဆေးဝါးစက်ရုံများအတွက် ဆေးဝါးထုတ်လုပ်မှု နည်းပညာတွင် ရှေ့ဆောင်လမ်းပြမှုကိုပါ ပေးစွမ်းနိုင်မည်ဖြစ်သည်။ ဘီပီအိုင်ဆေးဝါးထုတ်လုပ်မှုကို မကြာမီတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ GMP Pre-qualified လက်ခံရရှိသည်အထိ ဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်ပါ၍ ဘီပီအိုင်ဆေးဝါးများသည် ကျန်းမာရေးစောင့်ရှောက်မှုအတွက် မြန်မာနိုင်ငံသားများအဓိကအားထားရသော အရည်အသွေးပြည့်ဝကောင်းမွန်သည့် ဆေးဝါးများဖြစ်ကြောင်းနှင့် ဆေးဝါးထုတ်လုပ်မှုကဏ္ဍတွင် ကောင်းမွန်သည်ထက်ကောင်းမွန်စေရန် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက် ဆေးဝါးမဏ္ဍိုင် ဘီပီအိုင်အဖြစ်ရပ်တည်လျက်ရှိပါကြောင်း သက်တမ်းနှစ် (၆၀)ပြည့်ဆေးဝါးစက်ရုံ(အင်းစိန်)အား ဂုဏ်ပြုရေးသားအပ်ပါသည်။

# လှောင်အိမ်ထဲက ငှက်ကလေး

**အောင်ဟိန်းကျော်**

ကျောင်းသားမိဘတစ်ဦးရောက်လာတယ်။ သူ့ကလေး အင်္ဂလိပ်စာအရေး သီးသန့်သင်ချင်လို့တဲ့။ ကျွန်တော့်ဆီက တပည့်တစ်ယောက်ယောက်လွှတ်ပေးဖို့ လာပြောတာ။ မေးကြည့်လိုက်တယ်။ ကလေးကဒီနှစ် တက္ကသိုလ်ဝင်တန်းဖြေမှာ။ ရန်ကုန်မြို့က နာမည်အကြီးဆုံး ကျောင်းတစ်ကျောင်းမှာထားတယ်။ ဒါနဲ့မပြီးသေးဘူး။ ရန်ကုန်မှာ ထိပ်တန်း အဆင့်ရှိတဲ့ ဘာသာစုံဝိုင်းမှာတက်သေးတယ်။ ဒါတင်ဘယ်ကမလဲ ဘာသာစုံဂိုက်ခေါ်ထားတယ်၊ ကဲ စဉ်းစား။ နားချိန်ဘယ်မှာလဲ။ စားချိန်ဘယ်မှာလဲ။ ရေမချိုးရတော့ဘူးလား။

**အသိတရားကိုအနိုင်ယူ**

ဒီကြားထဲ အင်္ဂလိပ်စာအရေးသီးသန့်ဆရာလိုချင်ပြန်ပြီ။ ဘာသာရပ်တစ်ခုမှာ ဆရာသုံးယောက်။ အင်္ဂလိပ်စာ ဆရာလည်းသုံးယောက်ပေ့ါ။ မေးကြည့်လိုက်တယ်။ ကလေးမှာ အချိန်ကောရသေးလားလို့၊ ရင်ထဲမှာမွန်းကြပ်နေတဲ့ဝေဒနာရဲ့ တုံ့ပြန်မှု။ အနိုင်နိုင်အားယူလိုက်တဲ့ သက်ပြင်းတစ်ချက်။ ကျွန်တော့်နားထဲကို ရိုက်ခတ်လာတယ်။ ပြီးတော့ မချိတင်ကဲပြောလိုက်တာက "အင်း အဲဒါကတော့ရအောင်လုပ်ရမှာပေ့ါ ဆရာရယ်" တဲ့။ ဟိုဆရာတွေက အရေးသင်တာ အားမရလို့တဲ့။ လစဉ်ကျူရှင်ဖိုး ခြောက်သိန်းကျော်တာလည်း ပါသေးတယ်။ ဒီလိုမျိုးတွေ မြင်ရ၊ ကြားရတာများပြီ။ ဒါပေမယ့် ရိုးကိုမရိုးနိုင်။ ကြားပြီးတိုင်းကြားရ၊ ရင်ထဲမှာတော့ စူးစူးရှရှ။ မိဘတွေ ချိန်ချိန်ဆဆမရှိဘူး။ ဖြစ်ချင်တဲ့ဆန္ဒပဲ၊ လောဘိတကို မော်တာသေးသေးလေးနဲ့မှ မောင်းချင်တာ။ မော်တာပဲကြွမလား၊ ဓာတ်အားရမလား မစဉ်းစားဘူး။ ဖြစ်ချင်လွန်းတဲ့ ဆန္ဒက အသိတရားကိုအနိုင်ယူသွားပြီ။ ဘယ်သူဖြစ်ဖြစ် စိတ်နောက်ပါရင် မှားတတ်တာပေ့ါ။ ဆန္ဒက ဘဝကိုတောင် ဖျက်တတ်သေးတာ။

အရွယ်က နုနု။ ဖွံ့ဖြိုးမှုက နည်းနည်း။ ရုပ်ပိုင်းဖွံ့ဖြိုးမှုနဲ့ စိတ်ပိုင်းဖွံ့ဖြိုးမှုကလိုသေးတယ်။ ထိလွယ်ရှလွယ်၊ ပွန်းလွယ် ပဲ့လွယ်၊ ညွှတ်လွယ် ပျောင်းလွယ်၊ ဖော့ဖယောင်းနှယ်အရွယ်။ စိတ်ခံစားမှုအနေနဲ့ဆိုရင် စကောစက အရွယ်။ အသက်အပိုင်းအခြားနဲ့ဆိုရင် မြီးကောင်ပေါက်။

ပညာရေးစိတ်ပညာအရဆိုရင် ကလေးတွေကို ပညာသင်ရာမှာ ချိန်ချိန်ဆဆ လုပ်ရတယ်။ သူ့အိုးနဲ့သူ့ဆန်တန်မှ။ လျှံသွားရင် အလဟဿ ဖြစ်ရုံပဲ။ သူ့အရွယ်နဲ့သူ ရုပ်ပိုင်းခံနိုင်အားနဲ့ စိတ်ပိုင်းခံနိုင်အားရှိတယ်။ ပိုသွားလို့မရဘူး။ မနိုင်ဝန်ထမ်းရင် ပင်ပန်းရုံပဲ။

ကာယအလုပ်ကို လုပ်တဲ့အခါ ကိုယ်ကာယ ပင်ပန်းတယ်။ သင်ယူ၊ လေ့လာ၊ ကျက်မှတ်၊ ဖတ်မှတ်စဉ်းစားတွေခေါ်တဲ့အခါလည်း ဦးနှောက်သုံးရတယ်။ ဦးနှောက်မှာရှိတဲ့ ကြွက်သား၊ အာရုံကြောတွေ အလုပ်လုပ်ရတယ်။ လိုတာထက်ပိုလုပ်ရင် စိတ်ပိုင်းဆိုင်ရာတွေပင်ပန်းတယ်။

ဦးနှောက်ကို ခိုင်းချင်တိုင်းခိုင်းလို့ မရဘူး။ စာသင်သားအတွက် ဦးနှောက်ရဲ့ ခံနိုင်အားဆိုတာရှိတယ်။ အလွန်အမင်း အားစိုက်ရတဲ့အခါမျိုးမှာ ဦးနှောက်ရဲ့ခံနိုင်ရည်သိပ်မရှိဘူး။ တိုတောင်းတယ်။ သိပ်ပြီးအားမစိုက်ရဘူးဆိုရင်တော့ ဦးနှောက်ရဲ့ အလုပ်လုပ်နိုင်စွမ်းပိုတယ်။အချိန်အတိုင်းအတာတစ်ခုအထိ ဦးနှောက်ကို ခိုင်းပြီးရင် အနားပေးရတယ်။ အဲဒီအချိန်မှာ ကုန်သွားတဲ့ အားပြန်ရလာတယ်။ မရပ်မနားဆက်တိုက် ခိုင်းလို့မရဘူး။ သူ့ရဲ့ သင်ယူနိုင်စွမ်းကုန်သွားရင် ဦးနှောက်က လက်ခံနိုင်တဲ့ အနေအထားမရှိတော့ဘူး။ ဘယ်လောက်ပဲဖတ်ဖတ် ခေါင်းထဲမဝင်တော့ဘူး။

ကဲ-ဒါဆို ခုပြောတဲ့ကလေးရဲ့အဖြစ်ကို ပြန်ကြည့်လိုက်။ ကျောင်းတောင် မဖွင့်ရသေးဘူး။ မချိမဆံ့ဖြစ်နေပြီ။ တက်နေရတာက ကျောင်းသုံးကျောင်း။ အပြင်မှာ နှစ်ကျောင်း၊ အိမ်မှာ တစ်ကျောင်း။ လေ့သုံးစင်းကို တစ်ယောက်တည်းလှော်နေရတာ။ အိမ်နဲ့ကျောင်း၊ ကျောင်းနဲ့ကျောင်း၊ ကျောင်းနဲ့အိမ်။ ရန်ကုန်မြို့မှာ ရုံးချိန်ဆိုရင် မီးပွိုင့်တစ်ခုနဲ့ တစ်ခုရောက်ဖို့ နာရီဝက်လောက်ကြာတယ်။ အချိန်တွေဟာ ယာဉ်ကြောပိတ်မှုရဲ့ ဝါးမျိုခြင်းကိုခံလိုက်ရတယ်။ အိမ်က ကားနဲ့ ပို့နိုင်ပေမယ့် မောင်းချင်တိုင်းမောင်းလို့မရဘူး။ တက်နေတဲ့ပင်မကျောင်းချိန်က မနက် ၉ နာရီက မွန်းလွဲ ၂ နာရီ။ အဲဒီမှာတင် အချိန်တော်တော်ယူထားပြီ။

**လှောင်အိမ်ထဲကငှက်**

ကျန်တဲ့ အချိန်လေးမှာ နောက်ထပ်ဘာသာစုံဝိုင်းကို ဒုန်းစိုင်းလိုက်။ ဒါနဲ့မပြီးသေးဘူး။ အိမ်ရောက်တော့ ခြေကုန်လက်ပန်းကျ။ ဂိုက်ဆရာတွေက တစ်ယောက်ပြီး တစ်ယောက်နှိပ်စက်။ ကလေးမလေးခမျာ မလူးသာမလွန့်သာ။ ဘာနဲ့တူသလဲဆိုတော့ လှောင်အိမ်ထဲကငှက်ကလေးလို။ ပြေးစရာမရှိ။ ရှောင်စရာနတ္ထိ။ ပြုသမျှနုရတော့မယ့်အဖြစ်။ ရက်စက်မှုအပေါင်းသရဖူဆောင်းလေပြီ။ ဘယ်အချိန်စားမလဲ။ ဘယ်အချိန်နားမလဲ။ ကားထဲမှာစား၊ ကားထဲမှာပဲ နားရမလား။ အိပ်ချိန်ကောပျောက်ဆုံးနေပြီလား။

အိပ်ရေးဝဖို့လည်းလိုတယ်။ သာမန်အားဖြင့် တစ်နေ့ ၈ နာရီ (အနည်းဆုံး ၇ နာရီကျော်) လောက် အိပ်သင့်တယ်။ အရွယ်ရောက်သူတွေကို ဆိုလိုတာ။ အိပ်ရေးမဝဘူးဆိုရင် နောက်ဆက်တွဲ ဆိုးကျိုးတွေ လာလိမ့်မယ်။ ကြာလာရင် အာရုံကြောဆိုင်ရာရောဂါတွေ ခံစားရတယ်။ ဒီလိုထိလွယ်ရှလွယ်အရွယ်မှာ သတိထားနိုင်မှ တော်ရုံကျတာ။

ခုပြောတာ အချိန်နဲ့ပတ်သက်တဲ့အကြောင်းပဲ ရှိသေးတယ်။ ဒီကလေးမလေးက အချိန်တွေကြားမှာ ဘဝပျောက်နေတာ။ အချိန်ဆိုတဲ့ ဝဲဂယက်မှာ နစ်နေတာ။ သင်ယူမှု၊ သင်ကြားမှုအပိုင်းကို ကြည့်လိုက်။ ဘာသာတစ်ခုကို ဆရာ သုံးယောက်။ ခြောက်ခုဆိုတော့ ဆရာ ၁၈ ယောက်။ စဉ်းစားသာကြည့်။ ဆရာမျိုးစုံနဲ့ ထိတွေ့ဆက်ဆံနေရတာ။ ဘာသာရပ်တစ်ခုပေါ်မှာ ဆရာသုံးယောက်ရဲ့ အာဘော်၊ ကျွမ်းကျင်မှု၊ ချဉ်းကပ်ပုံနဲ့ သင်ကြားပုံတွေ ထပ်တူကျမှာမဟုတ်ဘူး။ ဒါကြောင့် သူ့ရဲ့ စိတ်အာရုံမှာ ဝိရောဓိတွေဖြစ်လာမယ်။ ဆရာများသားသေ၊ ရေသာများ၍ ငါးမတွေ့၊ သေိုင်းများတော့ ဟင်းဟုန်ဆိုတာမျိုးတွေ ဖြစ်လာနိုင်တယ်။

ဒီလိုထိလွယ်ရှလွယ်အရွယ်တွေကို ရုပ်ပိုင်းဖြစ်စေ၊ စိတ်ပိုင်းကိုဖြစ်စေ လိုတာထက်ပိုပြီး ထိန်းချုပ်ထားလို့မရဘူး။ ခိုင်းလို့လည်းမရဘူး။ စိတ်လွတ်လပ်ခွင့်၊ ကိုယ်လွတ်လပ်ခွင့် ပေးရတယ်။ ဝါသနာပါရာလုပ်ဖို့ သူ့ရဲ့ကိုယ်ပိုင်အချိန်လိုတယ်။ ဒါမှ ပင်ပန်းနွမ်းနယ်မှုတွေ ပြေပျောက်ပြီး ကာယအား၊ ဉာဏအားတွေပြန်ရလာမယ်။ ကျန်းမာ၊ တက်ကြွ၊ ရွှင်လန်းပြီး သင်ယူနိုင်စွမ်း ကောင်းလာမယ်။ သင်လိုက်တိုင်း ခေါင်းထဲဝင်မယ်။

**ဘူးသီးနုနု အပွေးသတ်**

ဒီလိုပဲ နုနုနယ်နယ်ကလေးငယ်တွေကို မနိုင်ဝန်ခိုင်းတဲ့ မိဘတွေ ဒုနဲ့ဒေး။ ဒီအရွယ်မပြောနဲ့ မူလတန်း အရွယ်လေးတွေကိုတောင် အတင်းရိုက်သွင်းနေကြတာ။ ကလေးခေါင်းကို အတင်းမောင်းလို့မရဘူး။ မောင်းလိုက်ရင် ဒေါင်းသွားမယ်။ ဘူးသီးနုနုအပွေးသတ်သလိုပဲ။ ဖွံ့ဖြိုးမှုနှေးမယ်။ ကိုယ်ကာယဖွံ့ဖြိုးမှု၊ စိတ်ပိုင်းဖွံ့ဖြိုးမှု၊ ဉာဏ်ရည်ဖွံ့ဖြိုးမှုတွေတုံ့ဆိုင်းသွားမယ်။

ဒါဆိုရင်ဘယ်လိုလုပ်မလဲ။ ဆရာကောင်းတွေနဲ့ မသင်ရတော့ဘူးလား။ မေးစရာဖြစ်လာတယ်။ အဲဒီလိုတော့ မဟုတ်ပါဘူး။ လိုသလောက်၊ တန်သလောက်ပဲ။ သင်ယူနိုင်စွမ်းရှိသလောက် ဆိုရင်ရပြီ။ ပထမဆုံး စိတ်ကြိုက်ကျောင်းတစ်ကျောင်းမှာထားပါ။ အစိုးရကျောင်းဖြစ်ဖြစ်၊ ပုဂ္ဂလိကဖြစ်ဖြစ်။ ဒုတိယအနေနဲ့လိုအပ်တဲ့ဘာသာရပ်လောက်အတွက်ပဲ ဆရာ (သို့) ဂိုက်ခေါ်ပါ။ ဒါပေမယ့် အသစ်ထပ်သင်ဖို့မဟုတ်ဘူး။ ကျောင်းက သင်ပြီးသားသင်ခန်းစာတွေကို ကူညီဖို့။ လိုတဲ့အပိုင်းလောက်ပဲကူညီမယ်။ အစအဆုံးပြန်သင်ပေးစရာမလိုဘူး။ မလိုအပ်ရင် ဂိုက်ဆရာမခေါ်နဲ့။ လှောင်အိမ်ထဲက ငှက်ကလေးတွေကို စာနာပါ။ ။

# ရေထွက်ပေါက်များ ရေစီးဆင်းမှုကောင်းမွန်ရန် မြစ်ကြီးနားတွင် စနစ်တကျဆောင်ရွက်



**မြစ်ကြီးနား မေ ၂၇**
မြို့အင်္ဂါရပ်နှင့်အညီ မြစ်ကြီးနားမြို့ရှိ ပြည်ထောင်စုလမ်းမကြီးအပါအဝင် အဓိကလမ်းမကြီးများကို အဆင့်မြှင့်တင်ဆောင်ရွက်နေမှုနှင့် လမ်းများဖြတ်ကူးရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် လမ်းလယ်ကျွန်းစတီးလက်ရန်များ ကာရံထားရှိမှုတို့ကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မေ ၂၆ ရက် နံနက်ပိုင်းတွင် မြို့တွင်းလမ်းများကို ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ဧရာရပ်ကွက်အတွင်း ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် လမ်းလယ်ကျွန်းစတီးလက်ရန်း ကာရံထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လမ်းဖြတ်ကူးနေရာတွင် လက်ရန်းဖယ်ရှားနိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြကာ ဆမားလမ်းနှင့် ပြည်ထောင်စုလမ်းမကြီးလမ်းဆုံနေရာတွင် ပန်းခြံအလှခုံတည်ဆောက်ရေး၊ ဆမားလမ်းတိုးချဲ့ဆောင်ရွက်ပြီးစီးမှုနှင့် ဘေးဝဲ၊ ယာ ရေနုတ်မြောင်းများ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ယင်းနောက် မြို့သစ်ရပ်ကွက် ရွှေတောင်လမ်း ပေ ၁၅၀၀ ကို လမ်းသားတိုးချဲ့၍ နိုင်လွန်ကတ္တရာခင်းကျင်းဆောင်ရွက်ပြီးစီးမှုနှင့် လမ်းဘေးဝဲ၊ ယာရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်နေမှု၊ ယုဇနရပ်ကွက်ရှိ ပေ ၃၁၅၀ အရှည် အနော်ရထာလမ်း၊ ခေမာသီရိရပ်ကွက်ရှိ မဟာဗန္ဓုလလမ်းပေ ၁၀၀၀ နှင့် အောင်နန်းရပ်ကွက်ရှိ ပေ ၄၀၀၀ အရှည် တပင်ရွှေထီးလမ်းတို့ကို ပေ ၃၀ အကျယ်လမ်းအဖြစ် လမ်းသားတိုးချဲ့၍ နိုင်လွန်ကတ္တရာခင်းကျင်းဆောင်ရွက်နေမှုများနှင့် မြို့မရပ်ကွက်အတွင်းရှိ ဈေးကြီးလမ်း တိုးချဲ့ဆောင်ရွက်နေမှုနှင့် လမ်းဘေး ဝဲ၊ယာ ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လမ်းမများပေါ်တွင် ရေဝပ်တင် ကျန်မှုမရှိစေရေး ရေထွက်ပေါက်များကို ရေစီးဆင်းမှုကောင်းမွန်ရန်အတွက် စနစ်တကျဆောင်ရွက်ရေးနှင့်လမ်းဘေးဝဲ၊ ယာရှိ မီးတိုင်များနှင့် ဖုန်းတိုင်များကို ပြောင်းရွှေ့စိုက်ထူပေးနိုင်ရေး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့မှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန်ခိန်ရပ်ကွက်ရှိ ဝဏ္ဏကျော်ထင်လမ်း ပေ ၅၄၀၀ ကို လမ်းသားမြှင့်၍ ကွန်ကရစ်လမ်းခင်းကျင်းဆောင်ရွက်ပြီးစီးမှု အခြေအနေကိုကြည့်ရှု စစ်ဆေးခဲ့ကြပြီး ပန်စွန်ဂေါက်ကွင်းရှေ့ ပြည်ထောင်စုလမ်းမပေါ်ရှိ လမ်းလယ်ကျွန်းစတီးလက်ရန်း ကာရံထားမှုအား ဖယ်ရှားနိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **ပြည်နယ်(ပြန်/ဆက်)**

# ကျွန်းလှမြို့ သီတဂူစက္ခုဒါနဆေးရုံ၌ မျက်စိဝေဒနာရှင် ၂၈၃ ဦးအား အောင်မြင်စွာခွဲစိတ်ကုသပေး

**ကျွန်းလှ မေ ၂၇**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် သီတဂူစက္ခုဒါနဆေးရုံ၌ မျက်စိဝေဒနာရှင် ၂၈၃ ဦးအား မေ ၂၃ ရက်မှ ၂၅ ရက်အထိ အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့သည်။

အဆိုပါ အခမဲ့မျက်စိကုသပေးရာတွင် ကျွန်းလှ၊ ကောလင်း၊ ဝန်းသို၊ တန့်ဆည်၊ ရေဦး၊ အင်းတော်၊ မော်လူး၊ ပင်လည်ဘူး၊ ဖီးကုန်းအစရှိသော မြို့နယ်များမှ မျက်စိဝေဒနာရှင် ၁၀၄၈ ဦးအား စမ်းသပ်စစ်ဆေးပေးပြီး ၂၈၃ ဦးကို စစ်ကိုင်းမြို့ သီတဂူဆေးရုံ မျက်စိအထူးကု ဆရာဝန်ကြီးများအဖွဲ့က အောင်မြင်စွာခွဲစိတ်ကုသပေးနိုင်ကြောင်း သိရသည်။

သီတဂူဗုဒ္ဓတက္ကသိုလ် အဓိပတိ ကျေးဇူးတော်ရှင် ဆရာတော်ကြီး၏ ဩဝါဒလမ်းညွှန်မှုဖြင့် စတုတ္ထအကြိမ် အခမဲ့မျက်စိခွဲစိတ် ကုသပေးခြင်းကို IBEC(စစ်ကိုင်း) ဆရာတော် ဦးသောဘိက စီမံဆောင်ရွက်ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ ဌာနဆိုင်ရာများ၊ မြို့သူမြို့သားများ၊ ပရဟိတအသင်းအဖွဲ့များ၊ လူမှုကူညီရေး အသင်းများ၊ ဒါယကာ ဒါယိကာမများနှင့် အလှူရှင်များ စုပေါင်းဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# မကွေးတိုင်းဒေသကြီးသို့ဝင်ရောက်လည်ပတ်သည့် နိုင်ငံခြားသားများညအိပ်တည်းခိုမှုနည်းပါး



**မကွေး မေ ၂၇**
မကွေးတိုင်းဒေသကြီးအတွင်းသို့ ကုန်းကြောင်းနှင့် ရေကြောင်း ခရီးစဉ်များမှ နိုင်ငံခြားသားဧည့်သည်ဦးရေ နှစ်သောင်းခန့် နှစ်စဉ်ဝင်ရောက်နေသော်လည်း ဒေသတွင်း၌ ညအိပ်တည်းခိုမှုမှာ ဝင်ရောက်လာသည့်အခြေအနေနှင့် နှိုင်းစာလျှင် နည်းပါးနေသေးကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

မကွေးတိုင်းဒေသကြီးတွင် ဟိုတယ်၊ မိုတယ် ၃၈ လုံးရှိပြီး ခရီးသွားဦးရေ နှစ်သောင်းခန့် နှစ်စဉ်ဝင်ရောက်နေသော်လည်း တည်းခိုသူမှာ ၃၀၀၀ ဝန်းကျင်ခန့်သာရှိနေကြောင်း၊ လုပ်ငန်းရှင်များက ပြည်တွင်း Domestic ကိုသာ အားထားနေရပြီး ဇုန်ဝင်ကြေးကောက်ခံမှုအရ ဗိဿနိုး၊ စလေရုပ်စုံကျောင်းတို့တွင် လည်ပတ်ကာ နေချင်းပြန်ဖြင့် ပြန်သွားသူ နှစ်စဉ်တစ်သောင်းကျော်ရှိနေကြောင်း မှတ်တမ်းများအရ သိရသည်။

"နိုင်ငံခြားခရီးသွားတွေ တိုင်းအတွင်းမှာကြာကြာနေပြီး တည်းလို့ရအောင်က တစ်ညအိပ် နှစ်ရက်ခရီးစဉ်ဆွဲနိုင်မှ ဒီမှာအိပ်ကြမှာ၊ အခုဟာက မကွေးတိုင်းမှာက အဲဒီလောက်နေနိုင်တဲ့ ခရီးစဉ်မဆွဲကြဘူး၊ မဆွဲကြဘူးဆိုတာက မကွေး မြသလွန်၊ မင်းဘူးစက္ကိန်းတဲ၊ ဗိဿနိုး၊ စလေရုပ်စုံ ဒီလိုမျိုး တစ်ရက်တည်းနဲ့ သွားလို့ရပြီးတော့ ပုဂံသွားအိပ်တယ်၊ ပြည်သွားအိပ်တယ်၊ မကွေးမှာ ကြာကြာတည်းဖို့က ဒီထက်ထူးခြားတဲ့ ဆန်းသစ်တဲ့ Destination အသစ်တွေရှိဖို့လိုတယ်" ဟု ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူး ဦးမြင့်စိန်က ဆိုသည်။

၂၀၁၆ ခုနှစ်တွင် မကွေးတိုင်းဒေသကြီးအတွင်းသို့ နိုင်ငံခြားသားဧည့်သည် ၁၉၄၅၈ ဦး ဝင်ရောက်ခဲ့ပြီး ဟိုတယ်၊ မိုတယ်များတွင်တည်းခိုသူ ၃၂၃၄ ဦး၊ စလေရုပ်စုံ ကျောင်းသို့ ၁၁၁၂၅ ဦး၊ ဗိဿနိုးဒေသသို့ ၉၃ဦး၊ လူထုအခြေပြုခရီးသွားဒေသ မြိုင် CBT (Community Base Tourism) သို့ ၇၃၅ ဦး၊ ရေကြောင်းသင်္ဘောများဖြင့် ၄၂၇၁ ဦး ဝင်ရောက်ခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ်တွင် နိုင်ငံခြားသား ၂၀၁၅၀ ဦးဝင်ရောက်ခဲ့ပြီး ဟိုတယ်၊ မိုတယ်များတွင်တည်းခိုသူ ၂၂၈၁ ဦး၊ စလေရုပ်စုံကျောင်းသို့ ၁၂၆၀၇ ဦး၊ ဗိဿနိုးဒေသသို့ ၂၀၇ ဦး၊ လူထုအခြေပြုခရီးသွားဒေသ မြိုင် CBT (Community Base Tourism) သို့ ၇၆၀၊ မကျီးကန် CBT သို့ ၇၂ ဦး၊ ရေကြောင်းသင်္ဘောများဖြင့် ၄၂၂၃ ဦး ဝင်ရောက်ခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

"ရေကြောင်းနဲ့လာလည်တဲ့ တိုးရစ်တွေက သင်္ဘောကမ်းဆိုက်တာနဲ့ မြို့ပေါ် တက်လည်တယ်၊ ညအိပ်ရပ်နားမယ်ဆိုလည်း သင်္ဘောပေါ်မှာ အိပ်တယ်၊ များသောအားဖြင့် လည်ပြီးရင် မြစ်ကြောင်းခရီးစဉ်တွေ ဆက်သွားကြပါတယ်၊ စလေရုပ်စုံကျောင်းနဲ့ဗိဿနိုးမှာလည်ပတ်သူတွေကလည်း လည်ပြီးရင် ပုဂံတို့၊ မန္တလေးတို့မှာ ပြန်အိပ်ကြတယ်၊ ညအိပ် နိုင်ငံခြားသားစာရင်းက ဟိုတယ်၊ မိုတယ်မှာ တည်းတဲ့သူ၊ CBT လူထုအခြေပြုဒေသတွေမှာ တည်းခိုတဲ့သူကိုပဲ ယူလို့ရမှာ"ဟု ဌာနတာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါအခြေအနေများအရ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနအနေဖြင့် လူထုအခြေပြုခရီးသွားလုပ်ငန်းများ တိုးချဲ့ခြင်း၊ ညအိပ်ခရီးစဉ်ဖြင့် သွားရောက် လေ့လာရမည့် ခရီးသွားဒေသသစ်များဖော်ဆောင်ခြင်းလုပ်ငန်းများကို ရည်မှန်းချက်ထား လုပ်ဆောင်လျက်ရှိကြောင်း ယင်းဌာနမှ သိရသည်။

**ဧယျာတု(မကွေး)**

# သောက်သုံးရေလိုအပ်လျက်ရှိသော မိတ္ထီလာမြို့နယ်ရှိ ကျေးရွာများသို့ သောက်သုံးရေလှူဒါန်း

**မိတ္ထီလာ မေ ၂၇**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မေ ၂၆ ရက် နံနက်ပိုင်းက သောက်သုံးရေလိုအပ်လျက်ရှိသော ညောင်ပင်လှိုကျေးရွာနှင့် လျှော်ဖြူပင်ကျေးရွာများသို့ သွားရောက် ဖြန့်ဝေလှူဒါန်းခဲ့သည်။

နှစ်စဉ်နွေရာသီရောက်တိုင်း သောက်သုံးရေအခက်အခဲဖြစ်ပေါ်နိုင်သည့် ကျေးရွာများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံချက်များရေးဆွဲပြီး သောက်သုံးရေအခက်အခဲဖြစ်ပေါ်ပါက အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေလှူဒါန်းနိုင်စေရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာမှ မိုးရေလှောင်ကန်များ ခန်းခြောက်သွား၍ အိမ်ခြေ ၈၄ အိမ် လူဦးရေ ၈၉၀ ရှိသည့် ညောင်ပင်လှိုကျေးရွာနှင့် အိမ်ခြေ ၃၂ အိမ် လူဦးရေ ၁၆၅ ဦးရှိသည့် ဇရပ်ကုန်းကျေးရွာအုပ်စု လျှော်ဖြူပင်ကျေးရွာများ၌ သောက်သုံးရေအဆင်ပြေစေရန် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအေးဇော်မြင့်နှင့် ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များက ရေဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများကို တတိယအကြိမ်မြောက်သွားရောက် လှူဒါန်းခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# သောက်သုံးရေပြတ်လပ်သည့်ကျေးရွာသို့ MPT မှ စက်ရေတွင်းတူးဖော်ပေး

**ယင်းမာပင် မေ ၂၇**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်ရှိ သောက်သုံးရေခက်ခဲသော ကြပ်ကျေးရွာသို့ ရွှေ့သို့လှမ်းချီ MPT မှ စက်ရေတွင်းတူးဖော်လှူဒါန်းပွဲကို မေ ၂၄ ရက်က ကျင်းပသည်။

ရွှေ့သို့လှမ်းချီ MPT မှ သန့်ရှင်းပြည့်ဖြိုးရေအကျိုး အစီအစဉ်ဖြင့် ယင်းမာပင်မြို့မှ ၄၂ မိုင်ကျော်ကွာဝေးပြီး သောက်သုံးရေခက်ခဲသော ကြပ်ကျေးရွာသို့ ကျပ်သိန်းပေါင်း ၁၈၀ ကျော်အကုန်အကျခံ၍ NAG စုပေါင်းလုပ်အား အကူအညီပေးရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။

"ကျွန်မတို့က ဒီစက်ရေတွင်းကို ရေပြတ်လပ်ချိန် နွေရာသီအမီ ရေဖြန့်ဝေနိုင်ဖို့ရည်ရွယ်ပြီး ဖေဖော်ဝါရီလက စတင်ဆောင်ရွက်ခဲ့ပါတယ်၊ ပေအနက်က ၅၄၀ ရှိပြီး လေးလက်မစက်ရေတွင်းဖြစ်ပါတယ်၊ ဒီရွာက ကျွန်မတို့မြို့နယ်အနေနဲ့ အဝေးဆုံးလို့ဆိုနိုင်ပြီး ခက်ခက်ခဲခဲနဲ့လိုအပ်နေတဲ့နေရာကို လှူဒါန်းနိုင်လို့ ကျွန်မတို့ MPT ကိုယ်စားဂုဏ်ယူပါတယ်ရှင့်"ဟု ယင်းမာပင်မြို့နယ် ဆက်သွယ်ရေးတာဝန်ခံ ဒေါ်မြတ်မာလာစိမ်းက ပြောကြားခဲ့သည်။

ယခုလှူဒါန်းသည့်စက်ရေတွင်းသည် တစ်နာရီလျှင် ဂါလန် ၂၀၀၀ ထွက်ရှိသည့်ရေများကို ကြပ်ကျေးရွာရှိ အိမ်ထောင်စု ၁၁၅စု လူဦးရေ ၅၂၀ တို့အတွက် အလုံအလောက်ပေးဝေနိုင်တော့မည်ဖြစ်သည်။

**မိုးမိုး(ပြန်/ဆက်)**

## မျက်စိခွဲစိတ်ပြီးသည့်လူနာများအား ဆေးဝါးများနှင့် မျက်မှန်ပေးအပ်

**ပဲခူး မေ ၂၇**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်က ဦးဆောင်၍ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်း၊ ဒေသကြီး(၄) ပဲခူးမြို့နှင့် ဂျင်ဗောဓိတရားကျင့်ကြံမှု အလင်းရောင် ပေးပို့ခြင်း ပရဟိတအဖွဲ့တို့ ပူးပေါင်းပံ့ပိုးမှုဖြင့် ပဲခူးမြို့ မျက်စိဆေးရုံ၌ မျက်စိခွဲစိတ်ကုသပြီးသည့် လူနာများအား ဆေးဝါးများနှင့် မျက်မှန်တပ်ဆင်ပေးခြင်းအခမ်းအနားကို မေ ၂၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်က ကုသ၍ရသည့် မျက်စိဝေဒနာရှင်များ မျက်စိပြန်လည် အလင်းရရှိနိုင်စေရန်၊ မျက်မမြင်မှုကြောင့် လူ့ဘဝဆုံးရှုံးမှု မရှိစေရန်၊ လူ့ဘဝအသက်ရှင်နေစဉ်အတွင်း မျက်စိအလင်းပြန်လည်ရရှိလာနိုင်ပြီး မိမိတို့၏ဘဝ၊ ပတ်ဝန်းကျင်နှင့် နိုင်ငံအတွက် အကျိုးရှိသည့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ ပိုမိုလုပ်ဆောင်နိုင်စေရန်နှင့် မြို့နယ်အလိုက် မျက်စိဝေဒနာရှင်များအား ကုသပေးနိုင်ရန် မိမိတို့အစိုးရအနေဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးဌာနမှူး(စီမံ/ဘဏ္ဍာ)နှင့် ဒေသဆိုင်ရာ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာကိုဦးက မျက်စိခွဲစိတ်ပြီးလူနာများ လိုက်နာဆောင်ရွက်ရမည့် ဆောင်ရန်၊ ရှောင်ရန် အချက်များအား မှာကြားခဲ့ပြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ဆရာဝန်ကြီးများက မျက်စိခွဲစိတ်လူနာများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားကာ ခွဲစိတ်ပြီးလူနာများအား မျက်မှန်များ တပ်ဆင် ပေးခဲ့ကြသည်။

အခမဲ့မျက်စိကျန်းမာရေး စစ်ဆေးကုသမှုလုပ်ငန်းအား လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အတူ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး စီမံကိန်းဒေသကြီး(၄) ပဲခူးမြို့မှ မျက်စိအထူးကု ဆရာဝန်ကြီး၊ ဒုတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး (စီမံ/ဘဏ္ဍာ) ဒေါက်တာကိုဦးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဂျင်ဗောဓိတရားကျင့်ကြံမှု အလင်းရောင်ပေးပို့ခြင်း ပရဟိတအဖွဲ့တို့ ပူးပေါင်း၍ မေလ ပထမပတ်နှင့် ဒုတိယပတ်အတွင်းက ကျောက်တံခါးမြို့နယ် တောကွဲအင်း(အောင်မြင်) တိုက်နယ်အပိုင်တွင် ကွင်းဆင်း၍ မျက်စိဝေဒနာရှင် ၄၈၀ အား မျက်စိစမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါမျက်စိဝေဒနာရှင်များထဲမှ ခွဲစိတ်ကုသရန်လိုအပ်သော အတွင်းတိမ် မျက်စိဝေဒနာရှင် ၁၁၅ ဦးအား မေ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် အခမဲ့ခွဲစိတ်ကုသမှုများ ပြုလုပ်ပေးခဲ့ပြီး ယနေ့တွင် ခွဲစိတ်ပြီးလူနာများအား မျက်စဉ်းဆေးနှင့် အခြားဆေးဝါးများ၊ မျက်မှန်များပေးအပ်ခြင်းဖြစ်သည်။ မျက်စိအခမဲ့စမ်းသပ်ခွဲစိတ်ပေးခြင်း လုပ်ဆောင်မှုအနေဖြင့် ယခုအကြိမ်သည် ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်က တိုင်းဒေသကြီးအစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် ရေတာရှည်မြို့နယ်အတွင်းရှိ လူနာပေါင်း ၈၀၀ ကျော်အား အခမဲ့စမ်းသပ်စစ်ဆေးမှုပြုပေးပြီး ခွဲစိတ်ရန်လိုအပ်သော အတွင်းတိမ်၊ ရေတိမ်လူနာ ၁၈၉ ဦးကိုလည်း အောင်မြင်စွာ ခွဲစိတ်ပေးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## (၅)နှစ်မြောက် ရတနာတပ်ဦးဓမ္မစကူးလ်ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် မေ ၂၇**

ကလေးသူငယ်များ ယဉ်ကျေးလိမ္မာစေရန်၊ ပျော်ရွှင်ဝမ်းမြောက်စေရန်၊ အသိပညာ အတတ်ပညာဖြင့် ဘဝသံသရာ ကောင်းကျိုးရရှိစေရန်၊ နိုင်ငံနှင့် အမျိုးဘာသာ သာသနာကို ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသော နေပြည်တော် ဇေယျာသီရိမြို့နယ် မဟာရတနာသိုက်ချောင်း တပ်ဦးကျောင်းတိုက်၏ (၅)နှစ်မြောက် ရတနာတပ်ဦး ဓမ္မစကူးလ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။



၂၀၁၃ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့သော အဆိုပါကျောင်းတိုက်၏ ဓမ္မစကူးလ် သင်တန်းဖွင့်လှစ်မှုသည် ယခုအကြိမ်နှင့်ဆိုပါက ငါးနှစ်ပြည့်ခဲ့ပြီဖြစ်ကြောင်း၊ စတင်ဖွင့်လှစ်စဉ်က ကျောင်းသား ကျောင်းသူ ၃၀၀ ကျော်ရှိခဲ့ပြီး ယခုလက်ရှိတွင် ကျောင်းသား ကျောင်းသူ ၂၈၀ ကျော် တက်ရောက်လျက်ရှိကြောင်း၊ သင်တန်းပြီးဆုံးသူ ကျောင်းသား ကျောင်းသူ အရေအတွက် များပြားလာပြီဖြစ်ခြင်းကြောင့် ကျောင်းသားဦးရေ အနည်းငယ်လျော့ကျလာခြင်းဖြစ်ကြောင်း ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တအဂ္ဂေါဘာသ၏ မိန့်ကြားချက်အရ သိရသည်။

"ဒီဓမ္မစကူးလ်သင်တန်းမှာ ဗုဒ္ဓဝင်စာပေ သင်ခန်းစာတွေဖြစ်တဲ့ Grade-1 ကနေ Grade-6 အထိကို ဆရာ ဆရာမ ၁၀ ဦးက သင်ကြားပေးနေပါတယ်၊ ဒါ့အပြင် လေးစားအတုယူထိုက်တဲ့ လူပုဂ္ဂိုလ်ကြီးတွေရဲ့ အတ္ထုပ္ပတ္တိနဲ့ ဆရာတော်ကြီးတွေရဲ့ အတ္ထုပ္ပတ္တိတွေ၊ တန်ခိုးကြီး စေတီပုထိုးတွေရဲ့ သမိုင်းကြောင်းတွေကိုလည်း သင်ကြားပို့ချပေးနေပါတယ်"ဟု ဆရာတော်က ဆက်လက်မိန့်ကြားခဲ့သည်။

ဓမ္မစကူးလ်သင်တန်း ပြီးဆုံးသော်လည်း ကျောင်းသား ကျောင်းသူများအား ကွန်ပျူတာ သင်တန်း၊ အင်္ဂလိပ်စာ သင်တန်း(4 Skills) များ အခမဲ့ပညာဒါနပြု သင်ကြားပေးလျက်ရှိပြီး ကျောင်းသား ကျောင်းသူများအတွက် ယောဂီဝတ်စုံ၊ စာရေးကိရိယာနှင့် အာဟာရ ကျွေးမွေးထောက်ပံ့မှုများ ပြုလုပ်ပေးကြောင်း သိရသည်။

ယခုဖွင့်လှစ်သော ဓမ္မစကူးလ်(၅) နှစ်ပြည့်အထိမ်းအမှတ်အဖြစ် စေတနာရှင်များက ကျောင်းစိမ်းဝတ်စုံ၊ စာရေးကိရိယာများနှင့် အခြားသော သင်ကြားရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်း-ခွန်းဆက်နေ**
**ဓာတ်ပုံ-နေသန်**



## ပဲခူးစစ်တောင်းတူးမြောင်းမြေပြိုမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**သနပ်ပင် မေ ၂၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ်၌ ပဲခူးစစ်တောင်းတူးမြောင်း မြေပြိုမှုကို မေ ၂၆ ရက်က ပဲခူးတိုင်းဒေသကြီး သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာစောညီဝင်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ မြို့နယ် စည်ပင်ဦးစီးမှူး ဦးတင်ဇော်လင်းနှင့် စည်ပင်ကော်မတီဝင်များ လိုက်ပါ၍ မြို့တွင်းတံတားထိပ် မြို့မဈေးအနောက်ဘက်ခြမ်းရှိ မြေပြိုနေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါတူးမြောင်းသည် စစ်တောင်းမြစ်ဝနှင့် ဆက်စပ်လျက်ရှိပြီး အကျယ်အဝန်းမှာလည်း အနည်းငယ်ကျဉ်းပြီး မိုးရာသီကာလများတွင် ရေစီးသန်ကာ ကျေးရွာများမှ ရေလမ်းကြောင်းဖြင့် ကုန်ရောင်းကုန်ဝယ် သွားလာမောင်းနှင်နေကြသော ရေယာဉ်များ၏ ရေလှိုင်းဒဏ်များကြောင့် ပြိုကျနေသည့် နေရာဘေး၌ ကပ်လျက်ရှိသော ဈေးဆိုင်ခန်းများ၏ စိုးရိမ်ရမှုအခြေအနေများကို တာဝန်ရှိသူများက အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက် ထိန်းသိမ်းပေးနိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**လှမိုး (ပြန်/ဆက်)**

## သတင်းတိုများ

### သက်ငယ်မုဒိမ်းမှု ပပျောက်ရေးနှင့် မူခင်းကျဆင်းရေး အသိပညာပေး

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် အနောက်ပိုင်းရပ်ကွက် ရေလယ်ဘုရားကားပါကင်၌ မေ ၂၆ ရက် နံနက် ၈ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ မူခင်းပညာပေးပြခန်းယာဉ်ဖြင့် ကျောက်တန်းမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးနိုင်နိုင်ငြိမ်း၊ ယာဉ်ထိန်းတပ်ဖွဲ့စု (၅၄) မှ ရဲအုပ်ထွန်းထွန်းဇော်၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (၆) မှ ဒုရဲအုပ်သက်ထွန်းအောင်၊ မူးယစ်တပ်စု (၄၀) မှ တပ်ကြပ်ကြီးမင်းလူမော်အောင်တို့က ပြည်သူ ၁၀၀ ခန့်အား သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ မူခင်းကျဆင်းရေး အသိပညာပေးဟောပြောခဲ့သည်။ **နိုးတူး(ကျောက်တန်း)**

### ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ညီ ဦးဆောင်ကြီးကြပ်မှုဖြင့် တလုတ္တော်နယ်မြေရဲစခန်းမှူး ဒုရဲအုပ်ထက်မြတ်သွေးဦးစီးသော တပ်ဖွဲ့ဝင်များသည် မေ ၂၆ ရက် နံနက် ၇ နာရီက တလုတ္တော်မြို့ တလုတ္တော်တိုက်နယ်ပြည်သူ့ဆေးရုံဝင်းတွင် ပေါက်ရောက်နေသည့် ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များစနစ်တကျစွန့်ပစ်ခြင်း၊ အဆိပ်ရှိသတ္တဝါများ ခိုအောင်းနိုင်မှုမရှိစေရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ခဲ့ကြသည်။

**ကျော်ကျော်(ပြန်/ဆက်)**

### မြစိမ်းရောင်ကျေးရွာကော်မတီဝင်ရွေးချယ်

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတွက် ကင်ပွန်းခြုံအုပ်စု ဒွရွာတွင် မြစိမ်းရောင်စီမံကိန်းကော်မတီအဆင့်ဆင့် ရွေးချယ်ခြင်းအခမ်းအနားကို မေ ၂၄ ရက်က ကျင်းပခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကျေးလက်ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အတွက် ပေါက်ခေါင်းမြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာ ၃၂ ရွာထိ ဆောင်ရွက်ထားရှိကြောင်း မြို့နယ်မြစိမ်းရောင်တာဝန်ခံက ပြောကြားခဲ့သည်။ **သူရအောင်(ပြည်)**

## ခြင်မှတစ်ဆင့် ကူးစက်ရောဂါများ မဖြစ်ပွားစေရေး တာမွေမြို့နယ်တွင် အထူးအလေးထားဆောင်ရွက်

**တာမွေ မေ ၂၇**

တာမွေမြို့နယ်အတွင်းရှိ ရပ်ကွက်နေပြည်သူများ ကျန်းမာသန်စွမ်းပြီး ကူးစက်ရောဂါများဖြစ်ပွားမှုအန္တရာယ် မရှိစေရေးအတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်မှု၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့တို့နှင့် ပူးပေါင်း၍ မေ ၂၇ ရက် နံနက် ၉ နာရီက တာမွေမြို့နယ် တာမွေကြီး(က+ဂ) ရပ်ကွက်အတွင်းရှိ ခြင်များပေါက်ပွားနိုင်သည့် ရေစည်ရေအိုးများအတွင်း အဘိတ်ဆေးများ အိမ်တိုင်ရာရောက် လိုက်လံခတ်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ယခုလို မြို့နယ်ကျန်းမာရေး ဦးစီးဌာန၏ စီစဉ်ဆောင်ရွက်ပေးမှုအပေါ် ရပ်ကွက်နေပြည်သူတစ်ဦးကလည်း "အခုလို ခြင်တွေပေါက်ပွားလာနိုင်တဲ့ ရေစည်၊ ရေအိုးတွေထဲကို အဘိတ်ဆေး လိုက်လံခတ်ပေးတာဟာ အလွန်ကောင်းတဲ့အစီအစဉ်ပါ၊ ခြင်ပေါက်ပွားမှု အများဆုံးရာသီဖြစ်တဲ့ မိုးတွင်းကာလလည်း မကြာခင် ရောက်ရှိတော့မှာဖြစ်ပါတယ်၊ ဒါကြောင့် သွေးလွန်တုပ်ကွေးရောဂါ အပါအဝင် ခြင်မှတစ်ဆင့် ကူးစက်တတ်တဲ့ ရောဂါတွေလည်း ဖြစ်ပွားလာနိုင်ပါတယ်၊ အခုလို အိမ်တိုင်ရာရောက် အဘိတ်ဆေးခတ်ပေးတာဟာ ခြင်ပေါက်ပွားမှု ရာခိုင်နှုန်းကို လျော့ကျစေမှာ ဖြစ်တဲ့အပြင် ခြင်မှတစ်ဆင့် ကူးစက်တတ်တဲ့ ရောဂါတွေကိုလည်း ကြိုတင်ကာကွယ်ရာ ရောက်ပါတယ်၊ ဒါကြောင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနကို များစွာ ကျေးဇူးတင်ရှိပါတယ်" ဟု ပြောသည်။

**နိုင်လင်းအောင် (တာမွေ)**

## မယ်စဲ့မြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါပညာပေး

**မယ်စဲ့ မေ ၂၇**

မယ်စဲ့မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ သွေးလွန်တုပ်ကွေးရောဂါ အသိပညာပေးဟောပြောပွဲကို မေ ၂၆ ရက် နံနက် ၉ နာရီက မယ်စဲ့မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ၌ကျင်းပသည်။

မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဇော်ထွန်းက သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားရခြင်း အကြောင်းရင်းများ၊ သွေးလွန်တုပ်ကွေးရောဂါလက္ခဏာများ၊ ပိုးလောက်လမ်းပေါက်ပွားနိုင်သည့် နည်းလမ်းများနှင့် သွေးလွန်တုပ်ကွေးရောဂါသံသယဖြစ်ဖွယ်အချက်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

ပြည်သူများအနေဖြင့်လည်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သော ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ပိုမိုအလေးထားဆောင်ရွက်ရန်နှင့် ပူးပေါင်းပါဝင်ခြင်းဖြင့် ရောဂါဖြစ်ပွားမှုကို လျော့နည်းကျဆင်းနိုင်ကြောင်း ဒေါက်တာအောင်ဇော်ထွန်းက ဆက်လက် ပြောကြားသည်။

အဆိုပါ ဟောပြောပွဲသို့ ပြည်သူ ၅၅ ဦးခန့် တက်ရောက်ခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများက သွေးလွန်တုပ်ကွေးရောဂါ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သိရသည်။ **ဝတ်ရည် (ပြန်/ဆက်)**

# အလှမယ် ဆုမြတ်ဖူး Miss Grand Myanmar 2018 ဝင်ရောက်ယှဉ်ပြိုင်မည်

ထိုင်းနိုင်ငံအခြေစိုက်အဖွဲ့အစည်းက ဦးဆောင်ကျင်းပသည့် စစ်ပွဲနှင့်အကြမ်းဖက်မှုများရပ်တန့်စေရေးအတွက် "STOP THE WAR & VIOLENCE" ခေါင်းစဉ်ဖြင့်ကျင်းပနေသည့် Miss Grand International 2018 (MGI) ပြိုင်ပွဲကြီးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ်လက်ခံကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ကမ္ဘာ့နိုင်ငံပေါင်း ၉၀ ကျော်မှ နိုင်ငံကိုယ်စားပြုအလှမယ်များ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အောက်တိုဘာ ၅ ရက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိကြမည်ဖြစ်သည်။ နောက်ဆုံးအဆင့်ပြိုင်ပွဲကို အောက်တိုဘာ ၂၅ ရက်တွင် The One Entertainment Park (Indoor)၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် Miss Grand Myanmar 2018 အလှမယ်အဖြစ် ရွေးချယ်ခံထားရသည့် အလှမယ် ဆုမြတ်ဖူးက ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည့်အတွက် ဆုမြတ်ဖူးနှင့် တွေ့ဆုံမေးမြန်းမှုများကို ရေးသားတင်ပြလိုက်ပါသည်-



**မေး။ ။ ပြိုင်ပွဲအတွက် ညီမရဲ့ကြိုတင်ပြင်ဆင်မှုအပိုင်းလေးပြောပြပေးပါ။**

ဖြေ။ ။ ဒီပြိုင်ပွဲက စစ်ပွဲနဲ့အကြမ်းဖက်မှုများ ရပ်တန့်ရေးဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်တဲ့ပွဲဖြစ်တဲ့အတွက် ညီမအနေနဲ့ပြည်တွင်းမှာ အခုလောလောဆယ်ဖြစ်နေတဲ့စစ်ပွဲတွေ ဘာကြောင့်ဖြစ်တယ်၊ ဘယ်သူနဲ့ဖြစ်တယ်၊ ဘယ်တုန်းကဖြစ်တယ်ဆိုတာကအစ အင်တာဗျူးမှာ မှန်မှန်ကန်ကန်နဲ့ဖြေနိုင်အောင် အများကြီးလေ့လာထားပါတယ်၊ ပြည်ပမှာဖြစ်နေတဲ့ ကောလာဟလတွေကို ကာဗာလုပ်နိုင်အောင် တိတိကျကျလေ့လာထားပါတယ်၊ Miss ပြိုင်ပွဲဖြစ်တဲ့အတွက် Body လေ့ကျင့်ခန်းတွေလုပ်တယ်၊ အင်္ဂလိပ်စကားပြော လေ့လာတယ်၊ Catwalk ပြန်လေ့ကျင့်တယ်။

**မေး။ ။ ဆုတွေအတွက် ဘယ်လိုမျှော်မှန်းထားလဲ။**

ဖြေ။ ။ ဆုအတွက်ကိုတော့ အများကြီးမမှန်းရဲဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မွေးရာပါအရပ်ကပုနေတယ်၊ ဒါပေမယ့် အရပ်ပုနေတာကိုတော့ အတတ်နိုင်ဆုံး ဗဟုသုတတွေ၊ Catwalkတွေ၊ ယုံကြည်မှုတွေနဲ့ ကာဗာလုပ်ပြီး ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်၊ အနည်းဆုံးတော့ ဆုတစ်ဆုရအောင် မြန်မာနိုင်ငံအတွက် ကြိုးစားသွားမှာဖြစ်ပါတယ်။

**မေး။ ။ ပြိုင်ပွဲဝင်တွေအနေနဲ့ ဘယ်နေရာတွေကိုသွားရောက်လေ့လာဖို့ရှိလဲ။**

ဖြေ။ ။ ပြိုင်ပွဲမတိုင်မီ ကော့သောင်းမြို့မှာရှိတဲ့ Grand Andaman Hotel & Resort ကို သွားရောက်လည်ပတ်ပြီး Best Swimsuit Competition ကို ပြုလုပ်ကြမှာဖြစ်ပါတယ်။ ပြီးတော့ ပုဂံယဉ်ကျေးမှုနယ်မြေကိုသွားရောက်လေ့လာပြီး National Costume Competition ကို ပြုလုပ်သွားမှာပါ၊ ကော့သောင်းကို မရောက်ဖူးပေမယ့် သေသေချာချာလေ့လာထားပါတယ်၊ ပုဂံအကြောင်းကိုလည်း သေသေချာချာရှင်းပြသွားမှာပါ။

**မေး။ ။ ဒီပြိုင်ပွဲအပေါ်မှာ ညီမဘယ်လိုခံစားမိလဲ။**

ဖြေ။ ။ မြန်မာနိုင်ငံမှာ ပထမဆုံးကျင်းပတဲ့အချိန်မှာ ဖူးအနေနဲ့ မြန်မာနိုင်ငံကိုယ်စားပြုယှဉ်ပြိုင်ရတဲ့အတွက် အလွန်ဂုဏ်ယူမိတယ်၊ တာဝန်လည်း အလွန်ကြီးပါတယ်၊ ဖူးဘက်ကို ကောင်းဖို့မစဉ်းစားဘဲနဲ့ နိုင်ငံအတွက်စဉ်းစားပြီး အစွမ်းကုန်ကြိုးစားသွားမှာပါ၊ ဖူးကို ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ မြန်မာကိုယ်စားပြုအနေနဲ့ ယှဉ်ပြိုင်ရမှာဖြစ်တဲ့အတွက် မြန်မာစလွယ်ကို အားပေးပါ၊ Voting တွေပေးပါ၊ မြန်မာစလွယ်ပဲ လူတွေကသိတာ၊ မြင်တာ၊ ဆုမြတ်ဖူးလို့ ခေါ်မှာမဟုတ်ဘူး၊ ပြိုင်ပွဲမှာက မြန်မာလို့ပဲခေါ်မှာဖြစ်တဲ့အတွက် တခြားနိုင်ငံတွေကြားထဲမှာ မြန်မာနိုင်ငံဂုဏ်တက်အောင် လုပ်ဆောင်သွားမှာပါ။

**တွေ့ဆုံမေးမြန်း-ဇာနည်မောင်၊ အေးမင်းသူ**

## $4^{th}$ Miss Universe Monywa ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ပြိုင်ပွဲဝင်များ တွန့်ဆုတ်နေ

**မုံရွာ မေ ၂၇**

မုံရွာမြို့ မြို့တော်ခန်းမ၌ ဇူလိုင် ၂၁ ရက်တွင် ကျင်းပမည့် $4^{th}$ Miss Universe Monywa ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့်သူများသည် ၂၀၁၇ ခုနှစ် $3^{rd}$ Miss Universe Monywa ပွဲတွင်ဖြစ်ခဲ့သည့်ပြဿနာကြောင့် ပြိုင်ပွဲဝင်ရန် တွန့်ဆုတ်မှုများရှိနေကြောင်း ပွဲစီစဉ်သူ MM Entertainment City Director ချမ်းငြိမ်းကိုက မေ ၂၇ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင်ပြောကြားသည်။

"မုံရွာမှာ အခုဒီပွဲလုပ်မယ်လို့ ကြေညာထားပေမယ့် အဓိကကြားရတဲ့သတင်းတွေက ပြိုင်ပွဲဝင်မယ့်သူတွေက လုံးဝတွန့်ဆုတ်နေပြီး ပြိုင်ဖို့အတွက်ကမ်းလှမ်းလို့ပဲဖြစ်ဖြစ်၊ အသိပေးရင်ပဲဖြစ်ဖြစ် လာမပြိုင်ရဲတာတွေ တွေ့ရပါတယ်"ဟု ချမ်းငြိမ်းကိုက ပြောသည်။

လေးကြိမ်မြောက်ပြုလုပ်မည့် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု $4^{th}$ Miss Universe Monywa ပွဲနှင့်ပတ်သက်၍ ရှေ့ဆက်ရမည့်လုပ်ငန်းစဉ်များအကြောင်း အသိပေးရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီက မုံရွာမြို့ ချမ်းမြသာစည်ရပ် ဂျော်ကီလမ်းရှိ နန်းထိုက်ရတနာဟိုတယ်၌ ကျင်းပခြင်းဖြစ်သည်။

"အရင်နှစ်ကဖြစ်ခဲ့တဲ့အဖွဲ့ကို မုံရွာပွဲအတွက် စေလွှတ်တာမရှိတော့ဘဲ အခုနှစ် Miss Universe ပွဲအတွက် အသစ်စေလွှတ်တဲ့အဖွဲ့ဖြစ်ပါတယ်။ မုံရွာမြို့ခံတွေအနေနဲ့ Miss Universeအပေါ် ဖြစ်ခဲ့တဲ့ပြဿနာတွေရှိခဲ့တာကြောင့် အရင်နှစ်က စေလွှတ်ခဲ့တဲ့ အဖွဲ့မလွှတ်တော့တာဖြစ်ပါတယ်"ဟု ချမ်းငြိမ်းကိုက ဖြည့်စွက်ရှင်းသည်။ အခုပြုလုပ်မည့်ပွဲအတွက် မုံရွာမြို့ခံတစ်ဦးက ယခင်နှစ်က ဖြစ်ပျက်ခဲ့သည့်ပြဿနာနှင့်ယှဉ်၍ပြောပြရာတွင် "ဒီပွဲပြုလုပ်ဖို့အတွက် မုံရွာမြို့ဒေသခံတွေရဲ့ ဝန်းရံမှုလိုအပ်သလို ပြိုင်ပွဲဝင်တွေ ယုံကြည်မှုရရှိစေဖို့ လိုအပ်ပါတယ်၊ အရင်နှစ်ကဖြစ်ခဲ့တဲ့ပြဿနာကြောင့် အခုနှစ်တွန့်ဆုတ်နေတဲ့ ပြိုင်ပွဲဝင်တွေ ရွက်ပုန်းသီးဝါသနာရှင်တွေကို ယုံယုံကြည်ကြည် ပြိုင်ပွဲဝင်စေချင်ပါတယ်၊ မြို့ခံပြည်သူလူထုကအားပေးမှ အောင်မြင်အောင် ဆက်လုပ်နိုင်မှာပါ" ဟု ပြောသည်။

အဆိုပါပွဲကို ဇူလိုင် ၁၁ ရက်တွင် ပြိုင်ပွဲဝင် ၂၀ ဦး ရွေးချယ်ကျင်းပမည်ဖြစ်ပြီး ဇူလိုင် ၁၃၊ ၁၄ ရက်တွင် သတ်မှတ်ထားသည့် ဓာတ်ပုံရိုက်မည်ဖြစ်ကာ ဇူလိုင် ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် မုံရွာမြို့၏အထင်ကရ နေရာများနှင့် ရွေးထားသော Miss များဖြင့် ဓာတ်ပုံရိုက်ပြီး ပရဟိတများသို့ သွားရောက်ကူညီခြင်းများ ဆောင်ရွက်မည်ဖြစ်သည်။ ဇူလိုင် ၁၇ ရက်မှ ၂၀ ရက်အထိ လေ့ကျင့်ခန်းများ ပြုလုပ်ပေးမည်ဖြစ်ပြီး ဇူလိုင် ၂၁ ရက်တွင် ဖိုင်နယ်ပွဲကို မုံရွာမြို့တော်ခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မုံရွာမြို့နှင့်အတူ ပုသိမ်၊ လွိုင်ကော်၊ တာချီလိတ်၊ တောင်ကြီး၊ မော်လမြိုင်၊ ဘားအံ၊ သထုံ၊ ပြည်၊ မိုးကုတ်မြို့တို့တွင်လည်း Miss Universe ပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## World Wide Developers Conference 2018 ကို ယခုနှစ်ဇွန်လတွင်ကျင်းပမည့် Apple

WWDC ဆိုသည်မှာ ကမ္ဘာတစ်ဝန်းတွင်ရှိသော Apple ကုမ္ပဏီ၏ Developer ပညာရှင်များစုစည်း၍ Apple က ထပ်မံဖန်တီးထုတ်လုပ်မည့် ထုတ်ကုန်များအတွက် စုပေါင်းဆွေးနွေးကာ နည်းပညာအသစ်များပြသသည့် ဆွေးနွေးပွဲတစ်ခုဖြစ်သည်။ ၎င်းဆွေးနွေးပွဲကို လာမည့် ဇွန် ၄ ရက်တွင် ကျင်းပရန် Apple ကုမ္ပဏီက အတည်ပြုကြေညာလိုက်ပြီဖြစ်ကြောင်း သိရသည်။



အဆိုပါဆွေးနွေးပွဲတွင် အဓိကထားဆွေးနွေးမည့်အကြောင်းအရာများမှာ နှစ်စဉ်စက်တင်ဘာလတိုင်း Apple မှ ထုတ်ကုန်သစ်များနှင့် နည်းပညာသစ်များ မိတ်ဆက်ရာတွင် ဆန်းသစ်ပြသသွားမည့် အကြောင်းအရာများပင်ဖြစ်သည်ဟု သိရသည်။ မကြာခင် မြင်တွေ့ရတော့မည့် Apple ၏ကိုယ်ပိုင်လည်ပတ်မှုစနစ် iOS 12 အကြောင်းများပါဝင်လာပြီး ယခုနောက်ဆုံး ထွက်ရှိလာသည့် iOS 11 တွင် ပါဝင်သော အားနည်းချက်များကိုရှင်းလင်းကာ ပိုမိုကောင်းမွန်စေရန် လုပ်ဆောင်ပေးထားမည်ဖြစ်ပြီး iPad တွင်အသုံးပြုနိုင်သော အက်ပလီကေးရှင်းအချို့သည် Mac OS တွင် အသုံးပြု၍ ရနိုင်တော့မည်ဖြစ်ကြောင်းသိရသည်။ ဘက်ထရီစနစ်အသုံးပြုရသော Apple ထုတ်ကုန်များကို အသုံးပြုသူကိုယ်တိုင် စွမ်းအင် ထိန်းချုပ်နိုင်တော့မည့် နည်းပညာ အကြောင်းအရာများလည်း ပါဝင်ဆွေးနွေးကြမည်ဖြစ်ပြီး Apple ၏ တန်ဖိုးနည်းစမတ်ဖုန်း iPhone SE အသစ်တွင် ထည့်သွင်းဖန်တီးမည့် နည်းပညာအကြောင်းအရာများလည်း ပါဝင်မည်ဖြစ်ကြောင်းသိရသည်။

Apple iPad အသစ်ကိုလည်း ထုတ်လုပ်သွားရန်ရှိသည့်အတွက် အဆိုပါ iPad အသစ်ဒီဇိုင်းအပြောင်းအလဲဖြစ်ပေါ်လာနိုင်ဖွယ်ရှိပြီး ပါဝင်သည့် နည်းပညာအသစ်များကိုလည်း အဆိုပါ ဆွေးနွေးပွဲအတွင်း ထည့်သွင်းပြောကြားသွားမည်ဟု သိရသည်။ MacBook Air၊ MacBook Pro တို့ကိုလည်း အဆင့်မြှင့်တင်ထုတ်လုပ်သွားရန်ရှိနေပြီး မျက်နှာပြင်နှင့် ရုပ်ထွက်အရည်အသွေးပိုမိုကောင်းမွန်စေရန်နှင့် Apple Air Pods 2 ကိုလည်း ဖန်တီးထုတ်လုပ်ရန် Apple ၏ အများနှင့်မတူ ထူးခြားသည့်နည်းပညာသစ် ထုတ်ကုန်သစ်များအကြောင်းကို World Wide Developers Conference 2018 ဆွေးနွေးပွဲတွင် ထည့်သွင်းဆွေးနွေးသွားကြမည်ဖြစ်ကြောင်းသိရသည်။

**ALEX**

## Nokia စမတ်ဖုန်းအသစ်များထပ်မံထုတ်လုပ်ရန်အတွက် ဒေါ်လာသန်း ၁၀၀ ထပ်မံရရှိ

Nokia အမှတ်တံဆိပ်သည် စမတ်ဖုန်းလောကသို့ ပြန်လည်ဝင်ရောက်လာပြီး Android စနစ်သီးသန့်ဖုန်းများထုတ်လုပ်ကာ ၎င်း၏နာမည်ကို ပြန်လည်ဖော်ထုတ်ခဲ့ရာ အောင်မြင်မှုများရရှိနေပြီဖြစ်သည်။ Nokia အမှတ်တံဆိပ်စမတ်ဖုန်းများကို ထုတ်လုပ်သည့် ကုမ္ပဏီမှာ HMD Global ဟုအမည်ရပြီး စမတ်ဖုန်းများထပ်မံထုတ်လုပ်ရန် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ထပ်မံရရှိသွားပြီဖြစ်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ်အတွင်း Nokia စမတ်ဖုန်း အလုံးအရေအတွက် လေးသန်းကျော်ရောင်းချနိုင်ခဲ့ပြီး အခြားနာမည်ရစမတ်ဖုန်းများထက်မနည်း ဈေးကွက်အတွင်းရောင်းချနိုင်ခဲ့ကာ ယခင်ပရိသတ်ရှိပြီးဖြစ်သည့်အတွက် ပိုမိုလူကြိုက်များခဲ့ရခြင်းဖြစ်သည်ဟုသိရသည်။ Nokia အမှတ်တံဆိပ်သည် စမတ်ဖုန်းများခေတ်မစားခင်ကပင် အားပေးမှုအခိုင်အမာရရှိခဲ့ပြီး စမတ်ဖုန်းများ ပေါ်ပေါက်လာသည့်အခါ နည်းပညာပိုင်းဆိုင်ရာများကြောင့် ကာလအတန်ကြာပျောက်ကွယ်သွားခဲ့ပြီး ပြန်လည်ထွက်ပေါ်လာသည့်အခါ ၎င်းပရိသတ်များသည် ယခင်အားပေးမှုအတိုင်း ပြန်လည်ဝယ်ယူသုံးစွဲကြသောကြောင့် Google၊ OnePlus၊ Sony၊ HTC၊ Lenovo အမှတ်တံဆိပ်စမတ်ဖုန်းများထက်ပင် ပိုမိုရောင်းချနိုင်ခဲ့သည် ဟု ဆိုသည်။

Android စနစ်သီးသန့်ဖြင့်ထုတ်လုပ်ခဲ့ပြီး Android Update ပြုလုပ်သည့်အခါ အခြားစမတ်ဖုန်းများထက် Nokia စမတ်ဖုန်းများသည် ပိုမိုမြန်ဆန်သည့် စမတ်ဖုန်းများဖြစ်လာပြီး တန်ဖိုးသင့်တင့်သည့် စမတ်ဖုန်းအမျိုးအစားများဖြစ်ကြောင်း သိရသည်။ ယခုကဲ့သို့ အရည်အသွေးကောင်းမွန်သည့် စမတ်ဖုန်းများထပ်မံထုတ်လုပ်ရန် မတည်ငွေ ဒေါ်လာသန်း ၁၀၀ ထပ်မံရရှိထားပြီး လာမည့်အနာဂတ်တွင် Nokia အဆင့်မြင့်စမတ်ဖုန်းများကို မြင်တွေ့ရနိုင်ဖွယ်လည်း ရှိနေသည်။ ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ် နှစ်နှစ်ပေါင်း Nokia ဖုန်းအလုံးအရေအတွက် သန်း ၇၀ ကျော်ရောင်းချနိုင်ခဲ့သည်ဟုလည်း ၎င်းကုမ္ပဏီမှ ထုတ်ပြန်ပြောကြားထားကြောင်း သိရသည်။

**ဓာဏီ**




MAB
Myanma Apex Bank
VISA
FIFA WORLD CUP RUSSIA 2018
worldwide partner
EMBRACE YOUR LIFESTYLE
FIRST VERTICAL VISA CARD IN MYANMAR
COURTESY OF VISA
VISA PLATINUM CREDIT CARD
VISA CLASSIC CREDIT CARD
MAB VISA FIFA WORLD CUP™ CREDIT CARD
Visa နှင့် MAB Bank မှပေးသော Discount နှင့် အကျိုးခံစားခွင့်များ ရရှိနိုင်ခြင်း
ကတ်အခမဲ့လျှောက်ထား နိုင်ခြင်း
MAB iBanking အကောင့် ကိုအခမဲ့ဖွင့်ပေးခြင်း
Get MAB CARD
APPLY NOW!
Available at Any MAB Branches
(While Stock Last)
CALL CENTER : 01 8610612
Scan QR Code with your Smart Phone to Find MAB Branches

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဆောက်လုပ်ရေးဝန်ကြီးဌာန
# လမ်းဦးစီးဌာန
# စိတ်ဝင်စားမှု ဖော်ပြခြင်းလျှောက်လွှာ (EOI) ခေါ်ယူခြင်း၊ မေလ(၁၈)ရက်၊ ၂၀၁၈ခုနှစ်
# ရန်ကုန်မိုးပျံအမြန်လမ်းမကြီး PPP စီမံကိန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ညှိနှိုင်း၍ ကီလိုမီတာပေါင်း (၄၇. ၅)ရှည်လျားမည့် မိုးပျံလေးလမ်းသွားအမြန်လမ်းမကြီးကို Public Private Partnership (PPP) အစီအစဉ်ဖြင့် ဖော်ဆောင်သွားမည်ဖြစ်ပါသည်။ ဤမိုးပျံအမြန်လမ်းမကြီးသည် ရန်ကုန်မြို့တွင်း၊ ရန်ကုန်ဆိပ်ကမ်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ မင်္ဂလာဒုံစက်မှုဇုန်နှင့် ရန်ကုန်-မန္တလေး အမြန်လမ်းတို့ကို ဆက်သွယ်ပေးသွားမည်ဖြစ်သည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် စီမံကိန်းဒီဇိုင်းရေးဆွဲခြင်း၊ engineering ပိုင်းဆိုင်ရာကဏ္ဍ၊ ငွေကြေးဆိုင်ရာ ဘဏ္ဍာရေးကဏ္ဍ၊ စီမံကိန်းတည်ဆောက်ခြင်း၊ စီမံကိန်းလည်ပတ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာကဏ္ဍများအတွက် စီမံကိန်းကို PPP concession agreement အရ စိတ်ဝင်စားသောပြည်တွင်း၊ ပြည်ပမှရင်းနှီးမြှုပ်နှံလိုသူများကို ရှာဖွေလျက်ရှိပါသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် PPPရင်းနှီးမြှုပ်နှံသူရွေးချယ်မှုကို International competitive tender မှတစ်ဆင့် ယခုနှစ်ကုန်ပိုင်းတွင် စတင်သွားမည်ဖြစ်ပါသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် မိုးပျံအမြန်လမ်းမကြီးစီမံကိန်းကို အပိုင်းလိုက်ခွဲပြီး PPP တင်ဒါများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး World Bank အဖွဲ့ဝင် International Finance Corporation (IFC)၏ အကူအညီဖြင့် ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်သည်။

စီမံကိန်းအားစိတ်ဝင်စားသည့် ရင်းနှီးမြှုပ်နှံလိုသူများသည် ၎င်းတို့၏ စိတ်ဝင်စားမှုအဆိုပြုလွှာကို ၂၉-၆-၂၀၁၈ ရက်နေ့၊ ညနေ ၅း၀၀ နာရီမတိုင်မီ အောက်ဖော်ပြပါ စာရွက်စာတမ်းများအား ပြုစု၍ပေးပို့ပေးရမည်ဖြစ်သည်။

- ❖ စီမံကိန်းတွင်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားကြောင်းကို တိကျသေချာစွာ ဖော်ပြထားသည့် ပေးပို့အကြောင်းကြားစာ
- ❖ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသူ၏ကိုယ်ရေးအကျဉ်း၊ ၎င်းကုမ္ပဏီနှင့် ကုမ္ပဏီအုပ်စုများ၏(ရှိလျှင်) ကုမ္ပဏီဆောင်ရွက်မှုများ အကျဉ်းချုံး ဖော်ပြချက်
- ❖ စိတ်ဝင်စားသည့် ရင်းနှီးမြှုပ်နှံလိုသူ၏ လွန်ခဲ့သော(၃)နှစ်စာ bank statement များ၊ ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများ
- ❖ သက်ဆိုင်သော ထောက်ခံချက်များပါရှိသောစာရင်း (ဥပမာ-ISO ထောက်ခံချက်များ)
- ❖ ရင်းနှီးမြှုပ်နှံလိုသူ လုပ်ကိုင်ဆောင်ရွက်ခဲ့သည့် ယခုစီမံကိန်းနှင့်တူညီသော စီမံကိန်းများပါသည့် အောက်ပါအချက်အလက်များပါရှိသော စာရင်း (အများဆုံး(၅)ခု)
  - ☆ စီမံကိန်းအမည်
  - ☆ တည်နေရာ
  - ☆ ဆောင်ရွက်ခဲ့သည့်စီမံကိန်းဆိုင်ရာအကျဉ်းချုပ်(စီမံကိန်းလမ်းအရှည်အား ကီလိုမီတာဖြင့်ဖော်ပြရန်၊ ဆောင်ရွက်ခဲ့သည့် မိုးပျံလမ်းအပိုင်း၏ အရှည်အား ကီလိုမီတာဖြင့်ဖော်ပြရန်)
  - ☆ စီမံကိန်းတွင် ပါဝင်ပတ်သက်မှုပုံစံ [ရင်းနှီးမြှုပ်နှံသူ၊ တည်ဆောက်သူ၊ ကန်ထရိုက်တာ (သို့မဟုတ်/နှင့်) စီမံကိန်းအားစီမံလည်ပတ်သူ]
  - ☆ ရင်းနှီးမြှုပ်နှံလိုသူ၏ ဆောင်ရွက်ခဲ့သည့်စီမံကိန်းများတွင် ကုန်ကျခဲ့သော စုစုပေါင်းကုန်ကျငွေပမာဏနှင့် ရှယ်ယာပိုင်ဆိုင်မှုရာခိုင်နှုန်း (ရှိခဲ့လျှင်)
- ❖ နိုင်ငံတကာမှရင်းနှီးမြှုပ်နှံသူများဆိုပါက ၎င်းတို့၏လက်ရှိလုပ်ကိုင်ဆောင်ရွက်မှု (သို့၊ နှင့်) မြန်မာနိုင်ငံတွင်ပါဝင်ပတ်သက်မှု (အများဆုံး စာပိုဒ် ၁ ပိုဒ်ဖော်ပြရန်)
- ❖ ဆက်သွယ်ရမည့်သူ၏အမည်နှင့် ဆက်သွယ်ရမည့် အသေးစိတ်အချက်အလက်များ
- ❖ ရင်းနှီးမြှုပ်နှံလိုသူ၏အမည်ကို အတည်ပြုသောစာကို ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ၎င်း၏ website တွင် စိတ်ဝင်စားမှုဖော်ပြခြင်း လျှောက်လွှာတင်ပြသူအနေဖြင့် ဖော်ပြနိုင်သည်။

ရင်းနှီးမြှုပ်နှံလိုသူများသည် စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာကို မိတ္တူ(၃)စောင်နှင့်အတူ အွန်လိုင်းမှလည်း အီးမေးလ်ဖြင့် အောက်ဖော်ပြပါ နေရပ်လိပ်စာသို့ ပေးပို့ရမည်ဖြစ်သည်။

Ministry of Construction, Office N0.11
Department of Highways
Naypyitaw,Myanmar

Telephone: +95 67 407068
Attention: U Kyi Zaw Myint, Deputy Director General, Minister's Office

Email: Unionminister@construction.gov.mm
cc'ing kyizawmyintmyanmar@gmail.com
ileber@ifc.org
gfridegotto@ifc.org

ယခု စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာခေါ်ယူမှုသည် စီမံကိန်းအတွက် စိတ်ပါဝင်စားသည့် ရင်းနှီးမြှုပ်နှံလိုသူများအတွက် နောက်ဆက်တွဲရွေးချယ်မှု မတိုင်မီအဆင့်နှင့် တင်ဒါတင်သွင်းခြင်းတွင် ပါဝင်နိုင်ရန်ဖိတ်ခေါ်ခြင်းကို ညွှန်းဆိုထားခြင်းဖြစ်သည်။ ဤခေါ်ယူမှုသည် ရင်းနှီးမြှုပ်နှံရန် (သို့) ပါဝင် ဆောင်ရွက်ရန် (သို့) ကြိုတင်ရွေးချယ်ခံရရန်အတွက် တောင်းဆိုမှုကို ညွှန်းဆိုခြင်းမဟုတ်ပါ။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် အခြားသော စိတ်ဝင် စားသည့် ရင်းနှီးမြှုပ်နှံသူများကို နောက်ဆက်တွဲရွေးချယ်မှုမတိုင်မီအဆင့်တွင် စီမံကိန်း၌ပါဝင်ပတ်သက်ရန် ထပ်မံခေါ်ယူခြင်းနှင့် မည်သည့်စိတ်ဝင်စားသည့် ရင်းနှီးမြှုပ်နှံသူများကိုမဆို ရှေ့ဆက်လုပ်ဆောင်ခြင်းကို တားဆီးပိုင်ခွင့်ရှိပါသည်။ စိတ်ပါဝင်စားသော ရင်းနှီးမြှုပ်နှံလိုသူများ၏ ဤစိတ်ဝင်စားမှုဖော်ပြ ခြင်းလျှောက်လွှာကို ဆန်းစစ်သည့်အချက်အလက်များကို ထုတ်ပြန်သွားမည်ဖြစ်ပြီး ထိုသို့ထုတ်ပြန်မှုကိုလည်း အခြားပူးတွဲတင်ပြထားသော အဖွဲ့အစည်း ကလည်း ၎င်းလျှောက်လွှာတင်ပြသူကို သဘောတူခွင့်ပြုရမည်ဖြစ်ပါသည်။

## ဟိုတယ်စီမံခန့်ခွဲမှုဆိုင်ရာဘာသာရပ်များနှင့်သက်မွေးမှုပညာရပ်များ




ခိုင်မာသောအနာဂါတ်အတွက် HTi မှ သင်တန်းများ

- ဟိုတယ်ဧည့်ကြိုသင်တန်း
- အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း
- အစားအသောက်ဝန်ဆောင်မှုသင်တန်း
- လေယာဉ်မောင်/မယ် ဝန်ဆောင်မှုသင်တန်း
- နိုင်ငံတကာအစားအစာချက်ပြုတ်နည်းသင်တန်း
- ပေါင်မုန့်၊ ကိတ်မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း
- ကော်ဖီမျိုးစုံပြင်ဆင်ပြုလုပ်နည်းသင်တန်း
- Cocktail နှင့် Mocktail ဖျော်စပ်နည်းသင်တန်း
- ဟိုတယ် နှင့် စီးပွါးရေးသုံးအင်္ဂလိပ်စာသင်တန်း
- ဟိုတယ်နှင့်ခရီးသွားလာရေးစီမံခန့်ခွဲမှုသင်တန်း

@mht.institute
www.mhtimyanmar.com
info@mhtimyanmar.com

အမှတ်(၆၄၇)၊ မြကန်သာ(၁)လမ်း၊ အင်းလျားကန်ဘောင်ရှေ့၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

Contact - 09 401 226 775, 09 401 226 776



STANDARD ECO ZONE
your affordable quality

SG seong gong Eco laminate floor
New Designs



တက်ရှိတိုက်ရိုက် အထူးဈေးနှုန်း

8mm- ၁ ကျင်း (၃၀)ချပ်

၆၅၀၀၀ ကျပ်

(Floor Only)

- အမှတ်(198/1)၊ သံသုမာလမ်း၊ 14/3 ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ရန်ကုန်။
- အခန်း(1/135)၊ တောင်ဘက်ဘက်ဝန်း၊ UAB ဘက်ခွဲဘေး၊ ဈော်ဘွားကြီးကုန်း၊ အင်းစိန်
- အမှတ်(B1-012)၊ ဝဥ္ဇာဒေလလမ်း၊ ယုဇနပလာဇာအနီး၊ တာမွေမြို့နယ်၊ ရန်ကုန်

အရည်အသွေးနှင့် ဈေးနှုန်းမျိုးစုံစွာ ဝယ်ယူနိုင်သည်
Hotline: 09 4555 444 30, 09 4555 444 03



ကွန်ကရစ် အုတ်ချိတ်စက်
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
09 4200 35882
09 4200 35884
(၆၀၄)အင်းလေး(၁)လမ်း၊ ၄နံ(၂)၊ တောင်ဒဂုံ။



တရုတ်
စကားပြောရုံပဲဆိုရင် Sayar.Yang
(တရုတ်)စာမတတ်လည်းပြောလို့ရတယ်။

ENGLISH
Conversation Practice
ပြောလို့ပြီးပြောမတတ်သူ
ပြောတတ်ပြီးပြောမထွက်သူအတွက်
စကားပြောလေ့ကျင့်သင်တန်း

Great Wall
စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 420230133



GZ Real Estate Company

လူကြီးမင်းတို့၏ ကွန်ဒိုတိုက်ခန်း၊ လုံးချင်းအိမ်ရာနှင့် မြေကွက် ရောင်း၊ဝယ်၊ငှားရမ်းခြင်းများကို အချိန်တိုအတွင်းထိရောက်အောင်မြင် စေရန်ကျွန်ုပ်တို့၏ GZ Real Estate Company (Japan Branch) မှ တာဝန်ယူပေးပါရစေ။

လူကြီးမင်းတို့ပိုင်ဆိုင်သောရန်ကုန်ဧရိယာအတွင်းရှိကွန်ဒိုတိုက်ခန်း၊လုံးချင်း၊မြေကွက်များရောင်းဝယ်ငှားရမ်းလိုပါကအမြန်ဆက်သွယ် အပ်နှံနိုင်ပါသည်။

*ဆက်သွယ်ရန် * 09-458285095, 09-424523234

အမှတ် (253/285) ,အခန်း (004-F) ,၄ လွှာ၊ Great Cairo ကွန်ဒို၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

ရုံးချိန် - တနင်္လာ မှ သောကြာ (၉ နာရီ မှ ၅ နာရီ အထိ)





ထူးချွန်လိုလျှင် မေးခွန်းဟောင်းများ လေ့ကျင့်ပါ....

၂၀၁၉-ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲမှာ ဘာသာစုံ မေးခွန်းပုံစံသစ်

မေးခွန်းပုံစံသစ်နှင့်အညီ ပြင်ဆင်ပေးထားသည့်

လက်ဆောင်သစ်

မေးခွန်း
ဟောင်းများ
စုစည်းချက်

မြန်မာစာ
အင်္ဂလိပ်စာ
သင်္ချာ
ဓာတုဗေဒ
ရူပဗေဒ
ဇီဝဗေဒ
ဘောဂဗေဒ

ဘာသာစုံ၊ တစ်ဘာသာချင်း၊ တစ်အုပ်ချင်း

မပိုမလို အပြည့်အစုံ




ထွက်နေပါပြီ

နယ်မြို့အသီးသီးရှိ စာအုပ်ဆိုင်တိုင်းတွင်ရရှိနေပါပြီ

Customer များရရှိမည့်အားသာချက်

DREAM ALUMINUM

- Euro System 45° ဒေါင့်ချိုး ဖြစ်ခြင်းကြောင့် အဆောက်အဦး၏ အလှကို ခေတ်မီသေသပ်စေခြင်း။
- Euro System Click Type ဖြစ်ခြင်းကြောင့် Screw အရာများကင်းရှင်းခြင်း၊ အချိန်ကုန်သက်သာခြင်း။
- Coating မှာ Orginal Italy ဆေးသားအသုံးပြုထားခြင်းကြောင့် သက်တမ်းကြာရှည်ခံပြီး ဆေးရောင်ကွာမကျခြင်း။
- Brand Accessories များအသုံးပြုထားခြင်းကြောင့် ဖွင့်ပိတ်ရာတွင် လွယ်ကူတာရှည်အသုံးခံနိုင်ခြင်း။
- ထုတ်လုပ်တပ်ဆင်မှုအတွက် ကုမ္ပဏီမှ Training ကူညီပေးခြင်း။
- မြန်မာပြည်၏ အကောင်းဆုံး Euro System Dream Aluminium နှင့် ဆက်စပ်ပစ္စည်းများအား ကိုယ်စားလှယ်ယူလိုသူများ ဆက်သွယ်နိုင်ပါသည်။



Showroom (1) No(223 / 225)၊ ကျိုက္ကဆံလမ်းမကြီး၊ကျောက်မြောင်းဈေးမှတ်တိုင်၊တာမွေမြို့နယ်။ Ph:01-8604394,09-977910201, 09-263563664
Showroom (2) No(133)၊အနောက်ရွှေဂုံတိုင်လမ်းမကြီး၊ဗဟန်းမြို့နယ်။ Ph : 09 - 260905818 , 09-254048775 , 09- 951091111

"လုံးချင်း/မြေကွက် အမြန်ရောင်းမည်" (ပွဲစားမလို)
01 510600, 095173690, 095185534, 095040160

| | | | |
|---|---|---|---|
| ၁။ရကပြည်သာယာလမ်း | (60x120) | မြေ | 14500L |
| ၂။ဗဟန်း၊သံလွင်လမ်း | (41x75) | မြေ | 11000L |
| ၃။(၇)မိုင်၊ပြည်လမ်းနီး | (60x100) | 1RC | 10000L |
| ၄။မင်း၊မွေလမ်းအနီး | (80x65) | 2RC | 9800L |
| ၅။ကမရ၊ပြည်လမ်းသွယ် | (40x60) | 2RC | 9500L |
| ၆။ကမ္ဘာအေးဘုရားအနီး | (52x75) | မြေ | 8400L |
| ၇။ရွှေပြည်စိုးအိမ်ရာ | (45x45) | 3RC | 4700L |
| ၈။မ/ဒဂုံ၊ရွှေပင်လုံအိမ်ရာ | (90x90) | မြေ | 3800L |
| ၉။သကတ၊ဇရာဝဏ်ရိပ်သာ | (40x60) | မြေ | 2800L |
| ၁၀။တာ/ဥ၊ဇာနည်လမ်း | (40x60) | 1PT | 2500L |

Facebook Page- "ဖိုးစံလင်းအိမ်ခြံမြေ အကျိုးဆောင်ကုမ္ပဏီ" တွင်ဝင်ရောက်ကြည့်ရှုစုံစမ်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၁)၊ မြေကွက်အမှတ် (၁၁၀၁)၊ ဧရိယာ (၀. ၀၆၆) ဧက၊ (အလျား ၄၈ပေ × အနံ ၆၀ပေ) ရှိ နှစ် (၆၀) ဂရန်မြေကွက် (တနည်းအားဖြင့်) အမှတ် (၁၁၀၁)၊ ပြည်ထောင်စုလမ်း၊ အမှတ်(၂၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ ဟုခေါ်တွင်သည့် (၂)ထပ်၊ BN အဆောက်အဦးနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အမည်ပေါက်သူထံမှ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိထားသူထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် မြေကွက် တန်ဖိုး၏ တစ်စိတ်တစ်ဒေသဖြစ်သော စရံငွေကို ပေးချေထားပြီး ဖြစ်ပါသည်။ ယင်းမြေကွက် အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းနှင့်တကွ လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်နှင်းနွယ်စိုး ၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၉၉)
အမှတ် (၈)၊ ကျိုက္ကဆံလမ်း၊ မဟာကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၆၆၀၈၇၈

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ၂၉-ရပ်ကွက်၊ လုံးသွယ် (၂) လမ်း၊ အမှတ်-၁၄၅ ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်-(၂၉)၊ လူနေရပ်ကွက်အမှတ် (သုဝဏ္ဏ-လုံးချင်း) အကျယ် (၄၈' × ၆၂')၊ ဧရိယာ (၀.၀၆၈) ဧက၊ စတုရန်းပေ (၂၉၇၆) အကျယ်ရှိ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ရှင် ဦးကျင်သိန်းထံမှ ဆက်စပ် စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်အေးကျော့ခိုင်ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇) ရက်အတွင်း အထောက်အထားခိုင်လုံစွာနှင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးသက်လွင်ဦး (ဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၉၅)
အမှတ်-၅၀၊ ဒုတိယထပ် (ဝဲ)၊ အခန်း (၉)၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၅၀၂၁၄၂၂

## ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်သဉ္ဇာသိမ့်သိမ့်သူ[၁၂/ဗတထ(နိုင်)၀၃၁၆၈၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေကွက်အမှတ်(၉၈-ဘီ)၊ မြေတိုင်းအမှတ်(၄၀)၊ ဧရိယာ(၀. ၀၃၃)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၅)ထပ်၊ (၆)လွှာ အဆောက်အအုံတိုက်သစ်အနက်မှ စတုတ္ထထပ်၊ (၅)လွှာ၊ (ခြေရင်းခန်း)တိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက တိုက်ခန်းလက်ဝယ်ရှိ ရောင်းချပိုင်ခွင့်ရှိသူ (မြေရှင်) ဦးလှရွှေ(ခ)ဦးဂျော်နီ[၁၂/ဒပန(နိုင်)၀၀၂၆၅၅]ထံမှ အပြီးအပိုင်ဝယ်ယူရန် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းငွေကြေး (စရန်ငွေ)ကို စရန်ငွေပေးကတိစာချုပ်ချုပ်ဆို၍ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသည်ဟု ယူဆသူ မည်သူမဆို ဤသတင်းစာကြေညာချက်ပါရှိသည့်နေ့မှစတင်၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။ ဤကြေညာချက်ပါရှိပြီးနောက် (၇)ရက်ပြည့်မြောက်သည့်တိုင်အောင် ကန့်ကွက်သူ မည်သူတစ်ဦးတစ်ယောက်မျှမရှိခဲ့ပါက အရောင်းအဝယ် ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်သူရဗိုလ် (LL.B,D.B.L,D.I.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၈၉၃)
အမှတ်(၅၅)၊ ဒုထပ်-အခန်း(၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

### ပြင်ဆင်ဖတ်ရှုရန်

(၁၁-၄-၂၀၁၈)ရက် ကြေးမုံသတင်းစာ စာမျက်နှာ-၂၅ ပါ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် သယ်န်းကျွန်းမြို့နယ်၊ ရတနာလမ်း၊ မလီခကွန်ဒို၊ Tower-C ၏ အခန်းအမှတ် (၈၀၃)အစား အခန်းအမှတ် (၀၈-၀၃)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ရွှေမဟာ
ဒဂုံမြို့သစ်အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
ဆိပ်ကမ်းရှိမြေကွက်များ
ဝယ်လိုသည်။
09 -5106146
09 -775106146

တောတောင်ခြောက်ခန်း လယ်ယာနွမ်း၏

**SKL Travel**
ရန်ကုန် – ၀၁၅၂၄၈၄၁၊ ၀၉၇၈၈၉၉၉၁၁၀ မှ ၈၆၀
မန္တလေး – ၀၉ ၇၇၁၄ ၇၇၁၄၁ မှ ၁၄၆

**ပြည်ပ ခရီးစဉ်များ**

| | | | |
|---|---|---|---|
| ဘာလီ | 07-10 Jun | (USD 579) | မှစ၍ |
| စင်ကာပူ | 07-10 Jun | (USD 599) | မှစ၍ |
| ဟောင်ကောင်–မကာအို | 22-25 Jun | (USD 929) | မှစ၍ |
| ချင်းမိုင်–ချင်းရိုင်–ရွှေတြိဂံ–မဲခေါင် | 27 Jun 01 Jul | (USD 455) | မှစ၍ |

**ပြည်တွင်း ခရီးစဉ်များ**

ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး ခရီးစဉ် (၃ည၊ ၄ရက်)(၁၂၀,၀၀၀ ကျပ်)
ထားဝယ်၊ ရှင်ကိုးရှင်၊ မောင်းမကန်၊ မျော်ရစ် ခရီးစဉ် (၄ည၊ ၅ရက်)(၁၇၀,၀၀၀ ကျပ်)
စတင်ထွက်ခွာမည့်ရက် ၂၂၊ ၂၉ ဇွန်လ ၂၀၁၈

**နေ့ချင်းပြန် ခရီးစဉ်များ (အပတ်စဉ် သောကြာ၊ စနေ), (၄၀,၀၀၀ ကျပ်)**
- ကျိုက်ထီးရိုး၊ ဆောင်နိုင်ကြီး၊ စိမ်းလဲ့တင် ခရီးစဉ်
- တောင်ငူ၊ သံတောင်၊ နော်ဘူဒေါ်ဘောတောင်၊ ပသီချောင်း၊ ဆင်စခန်း ခရီးစဉ်
- ဘားအံ၊ ကျုံထော်ရေတံခွန်၊ ချစ်သူမြိုင် ခရီးစဉ်
- ဘားအံ၊ ဂူငါးဂူ၊ ချစ်သူမြိုင် ခရီးစဉ်
- ပြည်၊ အကောက်တောင် ခရီးစဉ်
- မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ ခရီးစဉ်

---

ပျော်ရွှင်ဖွယ် **ကိုရီးယား** အပန်းဖြေ ခရီးစဉ်

ဆိုလ်း - ဂျယ်ဂျူး
(၈)ရက်(၇)ညခရီးစဉ်

I ♥ KOREA

**$1399**

**June 13-20**

ဆက်သွယ်ရန် - 09 767298800 ~ 33
အမှတ်-295၊ အခန်း(5/5FG)၊ မြို့မကွန်ဒို၊
မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

**A Best** A-Best Travels & Tours

---

**MOH**
**Prestige English Language Centre**
Prestige : Established since 1995

*English Language Training Programme 2018*

June လတွင်ဖွင့်မည့် Regular အတန်းများ
**A SCHOOL FOR ALL AGES!!!** (အသက်အရွယ်မရွေးအတွက် ပညာရပ်ဝန်း)
- ၁၀တန်း စာမေးပွဲဖြေဆိုပြီးသော ကျောင်းသားများအတွက် Academic နှင့် General English.
- Special Writting Course (Letter and Essay Writting)
- (KET, PET, Starters, Movers, Flyers) Cambridge တက္ကသိုလ်၏ စာမေးပွဲများပြင်ဆင်ပေးသည့်သင်တန်း

General English: Young Learners (From Pre KG to Matriculation Level)
Young Adult & Adult (Beginner to Advance)

စာမေးပွဲအတွက် ပြင်ဆင်ပေးသည့် အခြေခံနှင့် အဆင့်မြင့်သင်တန်းများ။
မိမိ၏ လိုအပ်ချက်နှင့်အညီ စီစဉ်ပေးသည့် အထူးသင်တန်းများ။
မူကြိုကလေးများအတွက် ဘက်စုံ ပညာရင်ခွင်။
နိုင်ငံတကာအဆင့် လုပ်ငန်းခွင်ဝင်နိုင်ရန် ဆရာဝန်များအတွက် အင်္ဂလိပ်စာ။

IELTS (Since 1997):
Special Support Programmes:
Prestige Montessori
Medical English for Global Doctors
*MEDICAL COMMUNICATION*
*FOR MRCP, MRCPCH, MRCS, MRCOG*

*Address : 24-E, Bogyoke Aung San Street, Lanmadaw Township*
*Phone : 01-211257, 09-26159 9905*

---

**မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဗုဟိုကောင်စီရွေးချယ်ပွဲကော်မရှင်**
**နှိုးဆော်ဖိတ်ကြားလွှာ**

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဗဟိုကောင်စီ ရွေးချယ်တင်မြှောက်ရန် ဟိန္ဒူဗဟိုကောင်စီ နှစ်ပတ်လည်စုံညီအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည် ဖြစ်ပါ၍ မြို့နယ်ဟိန္ဒူကောင်စီကိုယ်စားလှယ်များ မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာအသိပေးဖိတ်ကြားအပ်ပါသည်။

နေ့ရက်။ ။ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ (၂၇)၊ (၂၈)နှင့် (၂၉)ရက်များ
အချိန်။ ။ နံနက် ၈ : ၀၀ နာရီတိတိ
နေရာ။ ။ သျှရီ ဘူသိနာသ် မဟာဒေဝဘုရားကျောင်း(ခန်းမဆောင်)
အမှတ်-၇၆/၈၀၊ ဗညားဒလမ်း(သိမ်ဖြူတင်းနစ်ကွင်းရှေ့)
သပြေကုန်းရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။

မြို့နယ်ဟိန္ဒူကောင်စီကိုယ်စားလှယ်စာရင်း ပေးပို့ရန်ကျန်ရှိသောမြို့နယ်ဟိန္ဒူကောင်စီများသည် (၂၇-၆-၂၀၁၈) ရက်နေ့နောက်ဆုံးထားပြီး ရွေးချယ်ပွဲကော်မရှင် ယာယီရုံးခန်းဖြစ်သော ဗိုလ်တထောင်မြို့နယ် ၊ အနော်ရထာ လမ်း (၄၆-လမ်းထောင့်) ရှိ အာရိယဆမာ့ဂျ်ဘုရားကျောင်းသို့ နေ့စဉ် ညနေ(၅း၀၀)နာရီမှ ည(၇း၀၀)နာရီအတွင်း ဆက်သွယ်လျှောက်ထားပေးပို့နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရန် ဖုန်း**
၀၉ ၅၀၃၉၂၀၅ ၊ ၀၉ ၇၉၄၀၈၀၇၀၄ ၊ ၀၉ ၄၂၀၀၁၂၉၄၆

ဦးမောင်ရွှေ
ဥက္ကဋ္ဌ
မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဗဟိုကောင်စီရွေးချယ်ပွဲကော်မရှင်

---

**ဖခင်အမည်မှန်**
နေပြည်တော်၊ ဇေယျာသီရိ မြို့နယ်၊ အထက(တွဲဖက်)ခေတ်အေး အဌမတန်းတွင် ပညာသင်ကြားပြီးသော မောင်ဖြိုးဝေလင်း၏ ဖခင် အမည်မှန်မှာ ဦးစောအောင်၉/တကန(နိုင်)၁၀၆၃၃၃ ဖြစ်ပါကြောင်း။ **ဦးစောအောင်**

---

**သုံးထပ်တိုက်ငှားရန်ရှိသည်။**
ရွှေတောင်ကြားလမ်းမ၊ Market Place အနီး
5 Master Bed-room, ရေကူးကန်+ဓါတ်လှေကားအပါ
ခေတ်မီသုံးထပ်တိုက်ငှားရန်ရှိသည်။ ဖုန်း 09 77 22 33 777

---

**တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီးလျှင် လျှောက်လှမ်းမယ့် မိမိတို့၏ အနာဂါတ်လမ်းကြောင်းကို ရွေးချယ်ပြီးပြီလား ?**

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ ၊ တက္ကသိုလ်တက်ရောက်ဆဲနှင့် တက္ကသိုလ်ကျောင်းဆင်းကျောင်းသားများအတွက် ***IT Engineer*** တစ်ယောက်အဖြစ် ရပ်တည်နိုင်ရန် ပြုစုပျိုးထောင်ပေးနေသည့် ***" Only One School in Myanmar "***

***Metro IT & Japanese Language Centre*** မှ ***July*** လတွင်စတင်၍ ဖွင့်လှစ်သင်ကြားမည့် ***Diploma*** အောင်လက်မှတ်ရရှိမည့် ဘာသာရပ်များ

## ★ System Creator Course ( 2 years )

ဂျပန်နိုင်ငံတွင် ***IT Engineer ( Software Engineer)*** တစ်ယောက်အဖြစ် ရပ်တည်ချင်သူများအတွက် သင်ကြားပေးနေသော ***Diploma*** လက်မှတ်ရ ဘာသာရပ်သင်တန်း

START
Zero Level
2 years
ဂျပန် ဘာသာ & IT & အင်္ဂလိပ် ဘာသာ
IT Engineer
GOAL

METRO
IT & Japanese Language Centre

## ★ Web Engineer Course ( 2 years )

***Web Developer*** တစ်ယောက်အဖြစ် ရပ်တည်ချင်သူများ ၊ ***Website*** များတီထွင်ဖန်တီးမှုကို စိတ်ဝင်စားသူများအတွက် သင်ကြားပေးနေသော ***Diploma*** အောင်လက်မှတ်ရ ဘာသာရပ်သင်တန်း

မိမိတို့၏ အောင်မြင်မှုတစ်ခုအတွက်
***" Create Your Future Together "***
***09-976334160, 09-262007900***

တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများအနေဖြင့် မိဘများနှင့်အတူ လာရောက်လေ့လာသင့်သော IT Course Seminar ကို 2018 June 3 ( Sun ) နေ့လည် 1:00 တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများ ဖုန်းဖြင့် ကြိုတင်စာရင်းပေးပြီး အခမဲ့ တက်ရောက်ဆွေးနွေးနိုင်ပါသည်။

**2018 July Intake**
တန်းခွဲသစ်အတွက်
ကျောင်းအပ်လက်ခံနေပါပြီ။

Room No(A,B,C,D), 3rd Floor, Kyaw Business Tower Condo,Pansodan Street (Middle Block), Kyauktada Township, Yangon. Phone No: 01-372691
Room No(7), Mandalay ICT Park, 3rd Floor, Yadanarbon Super Center, Corner of 34 x 78 Street, Mandalay. Phone No: 09-401000510, 09-401000520
mminfo@metro-myanmar.com www.metro-myanmar.com/mic metrogroupmyanmar

# ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ဂျပန်သံအမတ်ကြီး ဦးဆောင်သောအဖွဲ့ စစ်တွေမြို့နယ်ရှိ IDP စခန်းများပိတ်သိမ်းရေး စခန်းတာဝန်ခံများနှင့် တွေ့ဆုံဆွေးနွေး



ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ဂျပန်သံအမတ်ကြီးတို့ ဦးဆောင်သောအဖွဲ့ ခေါင်းဒုတ်ကာ IDP စခန်း တာဝန်ခံများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

**စစ်တွေ မေ ၂၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr.Ichiro MARUYAMA တို့ ဦးဆောင်သောအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် မြန်မာအမျိုးသားလေကြောင်းဖြင့် စစ်တွေမြို့သို့ရောက်ရှိပြီး စစ်တွေမြို့နယ်ရှိ Internally Displaced Person(IDP) စခန်းများ ပိတ်သိမ်းရေးနှင့် ပြန်လည်နေရာချထားရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် စခန်းတာဝန်ခံများ၊ နေထိုင်သူများနှင့် သွားရောက်တွေ့ဆုံဆွေးနွေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့် ဂျပန်သံအမတ်ကြီးတို့ ဦးဆောင်သောအဖွဲ့သည် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးနှင့်အတူ စစ်တွေမြို့နယ် သက္ကေပြင် IDP စခန်းသို့ရောက်ရှိပြီး စခန်းတာဝန်ခံများ၊ စခန်းတွင်းနေထိုင်သူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် သံအမတ်ကြီးက မိမိအနေဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခဲ့ပါကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရခိုင်ပြည်နယ်သို့သွားရောက်ပြီး ရခိုင်ပြည်နယ်၏ အခြေအနေများကို လေ့လာပေးပါရန်နှင့် လေ့လာတွေ့ရှိချက်များနှင့် အခြေအနေကို မည်သို့ဖြေရှင်းရမည်ကို ပြန်လည်ဆွေးနွေးပေးရန် မှာကြားခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပံ့ပိုးပေးနိုင်ရန်အတွက် မြေပြင်အခြေအနေကို ကိုယ်တိုင်ကိုယ်ကျ လာရောက်

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❖

## သတင်းစာရှင်းလင်းပွဲ ကျင်းပမည်

**နေပြည်တော် မေ ၂၇**

ကာကွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နေပြည်တော်ကောင်စီတို့၏ ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို မေ ၂၉ ရက်မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ရုံးအမှတ်(၇) ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းစည်းဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မန္တလေး-ဗန်းမော် လင်းပိုင်ထိန်းသိမ်းရေးဧရိယာ၌ ၁၃ နှစ်အတွင်း လင်းပိုင် ၂၉ ကောင် သေဆုံး

**မန္တလေး မေ ၂၇**

အထက်မြန်မာပြည် မန္တလေး-ဗန်းမော်လင်းပိုင်ထိန်းသိမ်းရေးဧရိယာ၌ ၁၃ နှစ်အတွင်း လင်းပိုင် ၂၉ ကောင် သေဆုံးမှုရှိခဲ့ကြောင်း လင်းပိုင်ထိန်းသိမ်းရေးဧရိယာ လူထုအခြေပြုခရီးသွားလုပ်ငန်းမှ ကျေးရွာ ခုနစ်ရွာ၏ ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောကြားသည်။ **စာမျက်နှာ ၁၀ ကော်လံ ၅ သို့** ✳

## အာရှအားကစားပြိုင်ပွဲတွင် ယှဉ်ပြိုင်မည့် အားကစားနည်းများ ရွေးချယ်



၂၀၁၇ ဆီးဂိမ်း၌ မြန်မာပိုက်ကျော်ခြင်းအသင်း ယှဉ်ပြိုင်နေစဉ်။

**ရန်ကုန် မေ ၂၇**

(၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းများ ရွေးချယ်လိုက်ပြီဖြစ်ပြီး ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ဝူရှူး၊ သေနတ်ပစ်၊ ဘော်လီဘော၊ လှေလှော်နှင့် မြားပစ်ပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းများအနက် ရွှေတံဆိပ်အပါအဝင် ဆုတံဆိပ် မျှော်မှန်းနိုင်သည့် အားကစားနည်းများ ပါဝင်သလို အချို့အားကစားနည်းများမှာလည်း ဆုတံဆိပ်ရယူနိုင်ရန် ရုန်းကန်ရဖွယ်ရှိနေသည်။ ၂၀၁၈ အာရှအားကစား

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ○


